# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၅)ရက် ၊ ကြာသပတေးနေ့ ၊ (1-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၅၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော်
တတိယပုံမှန်အစည်းအဝေး
အဋ္ဌမနေ့ ကျင်းပစဉ်။

အစည်းအဝေးတွင် ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းပိတ်ဆို့မှုများ ဖြေရှင်းဆောင်ရွက်ပေးရေး၊ School cum shelter များ ပြန်လည်တည်ဆောက်ပေးရေး၊ အိမ်ရာမဲ့များ၏ ဘဝရပ်တည်ရေးနှင့် လူမှုဖူလုံရေးစနစ်ဆောင်ရွက်ပေးနိုင်ရေး၊ အရည်အချင်းပြည့်မီသောဝန်ထမ်းများ ရာထူးတိုးစာမေးပွဲဖြေဆိုခွင့်ပြုနိုင်ရေး၊ဆေးရုံအသစ်တည်ဆောက်ပေးရေး၊ အထူးကုဆရာဝန်များခန့်ထားရေး၊ ဆေးဝါးနှင့်ကျန်းမာရေးပစ္စည်းများ

စာမျက်နှာ ၁၈ ကော်လံ ၁ ⚐

**ရတနာပုံ**

**ယနေ့ဖတ်စရာ**

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေး ညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ**

စာမျက်နှာ - ၂၀

## ကုန်းတွင်းမုန်တိုင်းငယ်(Land Depression)ဝင်ရောက်ခဲ့သည့်လမ်းကြောင်းနှင့် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သည့်နေရာဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၃၀**

တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း၍ စီမံချက်များရေးဆွဲကာ ကူညီကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိ၍ သဘာဝဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံမုတ္တမကွေ့၊

စာမျက်နှာ ၁၆ ကော်လံ ၁ ❑



တနင်္သာရီမြို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

## ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ ၁၇ ရက်ထိ ကျင်းပသွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ ၁၇ ရက်ထိ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးမှ သိရသည်။

ထို့ပြင် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ပုလဲအတွဲ ၇၀၀၊ ကျောက်မျက်အတွဲ ၁၆၀၊ ကျောက်စိမ်း(အေ)အုပ်စု အတွဲ ၃၅၀၊ (ဘီ)အုပ်စု ၁၂၅၅ တွဲ၊ (စီ)အုပ်စု ၁၄၆၈ တွဲ စုစုပေါင်းကျောက်စိမ်းအတွဲ ၃၀၇၃ တွဲတို့ကို သတ်မှတ်ရက်အလိုက် တင်ဒါစနစ်ဖြင့် ရောင်းချသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ရတနာကုန်သည်များက အာမခံစပေါ်ငွေနှင့် ကျောက်အတွဲတန်ဖိုးငွေများကို အမေရိကန်ဒေါ်လာ သို့မဟုတ် အမေရိကန်ဒေါ်လာနှင့်ညီမျှသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစား သို့မဟုတ်မြန်မာကျပ်ငွေနှင့် ပေးသွင်းနိုင်ရေးအတွက် ယခင်ပြပွဲများနည်းတူ

စာမျက်နှာ ၂၃ ကော်လံ ၁ ❖

## လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားခဲ့

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ချင်းပြည်နယ်၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ကိုဖြတ်ကျော်ခဲ့သော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့တွင် လေဖိအားနည်းရပ်ဝန်း(Low Pres-sure Area)အဖြစ် အားလျော့သွားခဲ့သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်မည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်းသည် မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်ထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်
အယ်ဒီတာ့အာဘော်

# သက်ကြီးပုဂ္ဂိုလ်များ သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေး

လူသားအားလုံး တဖြည်းဖြည်း အသက်အရွယ်ကြီးရင့်လာကြရမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ တစ်ဦးတည်းနေထိုင်ရန်၊ သွားလာရန်၊ နေ့စဉ်ဘဝလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲများ ရှိလာနိုင်သဖြင့် သက်ကြီးပုဂ္ဂိုလ်များ အဆင်ပြေလုံခြုံစွာ နေထိုင်နိုင်မည့် ပတ်ဝန်းကျင်များကို ဖန်တီးပေးကြရမည်ဖြစ်သည်။ ထိုသို့အသက်အရွယ်ကြီးရင့်သူများ အဆင်ပြေလုံခြုံစွာနေထိုင်နိုင်မည့် ပတ်ဝန်းကျင်များကို ဖန်တီးရာတွင် ၎င်းတို့၏ မိသားစုဝင်များကသာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံးက အတူတကွ ဖော်ဆောင်ပေးရန်လိုသည်။

ထိုသို့ ဖော်ဆောင်ရာတွင် သက်ကြီးပုဂ္ဂိုလ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုကာကွယ်စောင့်ရှောက်မှု၊ ရပ်ရွာအခြေပြုဝန်ဆောင်မှုများကို ခေတ်နှင့်အညီ ပြောင်းလဲမြှင့်တင်ပေးခြင်း၊ သက်ကြီးပုဂ္ဂိုလ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ရာတွင်လည်း ရောဂါဖြစ်ပွားပြီးမှ ကုသခြင်းထက် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်း၊ ပုံမှန်ကျန်းမာရေးစစ်ဆေးခြင်း၊ အာဟာရပြည့်ဝသော အစားအစာများ စားသုံးခြင်းနှင့် သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှုများကို အစိုးရ၏ ဦးဆောင်မှုနှင့်အတူ မိသားစုဝင်များ၊ ရပ်ရွာ၊ လူမှုအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝအရည်အသွေး မြင့်မားလာမည်ဖြစ်သည်။

သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ရန် ၁၉၉၁ ခုနှစ်တွင် ကုလသမဂ္ဂ သက်ကြီးပုဂ္ဂိုလ်ဆိုင်ရာ အခြေခံမူများအပါအဝင် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစီမံချက်များနှင့် ဒေသတွင်း ကြေငြာစာတမ်းများတွင်လည်း သက်ကြီးပုဂ္ဂိုလ်များကို ခွဲခြားဆက်ဆံခံရမှုမရှိစေဘဲ ၎င်းတို့၏ ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှု၊ ကျန်းမာရေး၊ လူမှုအာမခံ၊ ပူးပေါင်းဆောင်ရွက်ခွင့်၊ မိသားစုအခြေပြုစောင့်ရှောက်မှု စသည့်အခွင့်အရေးများကို ဖော်ပြထားသည်။

သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို မြှင့်တင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံက နှစ်စဉ် အောက်တိုဘာ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အဖြစ် ၁၉၉၀ ပြည့်နှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး နှစ်စဉ် ဦးတည်ချက်ဆောင်ပုဒ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်၏ ဆောင်ပုဒ်မှာ "**သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်**"ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် သက်ကြီးပုဂ္ဂိုလ်များကို ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဖူလုံရေး ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် မိမိတို့၏ တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံ၊ အတတ်ပညာစွမ်းဆောင်ရည်များဖြင့် မျိုးဆက်သစ်များအတွက် လူမှုစီးပွားဘဝတည်ဆောက်ရေးတို့တွင် ဦးဆောင်ပါဝင်ကြရန်ဖြစ်သည်။

သို့ဖြစ်ရာ၍ သက်ကြီးပုဂ္ဂိုလ်များကို ကောင်းမွန်စွာစောင့်ရှောက်ပေးခြင်းသည် သက်ကြီးရွယ်အိုမိဘ ဘိုးဘွားများအတွက်သာမက အနာဂတ် မိမိတို့ကိုယ်တိုင် အသက်အရွယ်ကြီးရင့်လာသည့်အခါ ရရှိလာမည့် လူမှုအသိုက်အဝန်းကို တည်ဆောက်နေခြင်းဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# သာစည်မြို့နယ် အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အင်းကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၃ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၁ ဒသမ ၃ သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၅ ဒသမ ၃၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို ရန်ပုံငွေကျပ် ၅၀ ဒသမ ၅၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံဧက ၁၁၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံဧက ၁၁၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် ဂျုံဧက ၁၁၀၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ဒုတိယပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ရွှေဘိုခရိုင်တွင် ဂျုံသီးနှံစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၅၇၇ ဧက၊ တန့်ဆည်မြို့နယ်တွင် ၅၂၃ ဧက စုစုပေါင်း ဧက ၁၁၀၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ ဂျုံဧက ၁၁၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကင်းစင်ဖို့ အသိပညာပေးပါမယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရေဦးခရိုင်တွင် ဂျုံစိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဂျုံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ ဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဂျုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှိုများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**မအူပင် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် စိုက်ပျိုးရေး ကောက်ရိုးမှိုများ ဝယ်ယူမှုအား ကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် စက်တင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ စိုက်ပျိုးရေးကောက်ရိုးမှိုများ ဝယ်ယူမှုအားကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါစိုက်ပျိုးရေး ကောက်ရိုးမှိုများ တစ်ရက်လျှင် ပိဿာချိန် ၁၂၀၀ မှ ၂၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ စိုက်ပျိုးရေးကောက်ရိုးမှိုတစ်ပိဿာကို ငွေကျပ် ၂၃၀၀၀ ကနေ ၂၇၀၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ ကောက်ရိုးမှိုတွေ အရောင်းအဝယ်ကောင်းလာတော့ စိုက်ပျိုးသူတွေ အဆင်ပြေနေပါတယ်။ ဒေသတွင်းဈေးကွက်မှာကို မှိုတွေကအဝယ်လိုက်နေတာပါ။ ထွက်လာတဲ့ ကောက်ရိုးမှိုတွေက အရည်အသွေးလဲ ကောင်းပါတယ်။ မှိုအဖူးတွေက ပိုရောင်းရပါတယ်"ဟု မအူပင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် စိုက်ပျိုးထွက်ရှိသည့် ကောက်ရိုးမှိုများသည် အရည်အသွေးကောင်းမွန်ပြီး မှိုအပွင့်ထက် အဖူးများကို ပိုမိုကြိုက်နှစ်သက်ကာ ဒေသတွင်း ဈေးကွက်တွင် အဝယ်လိုက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

## ပုသိမ်ကြီးမြို့နယ် ရဲထွဋ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပုသိမ်ကြီး စက်တင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရဲထွဋ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ သိန်း ၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရဲထွဋ်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ခုနစ်သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၄ ဒသမ ၇ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် တစ်သန်း၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၆ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

## သာစည်မြို့နယ် ကန်သစ်ကျတ္တိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သာစည် စက်တင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်သစ်ကျေးရွာအုပ်စု ကန်သစ်ကျတ္တိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကန်သစ်ကျတ္တိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကန်သစ်ကျတ္တိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ကနီမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစားပြောင်းဧက ၆၂၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ပြောင်းဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ကနီ စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဖူးစားပြောင်းဧက ၆၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပြောင်းဖူးစားပြောင်းဧက ၆၂၀၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ပြောင်းဖူးစားပြောင်းဧက ၆၂၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပြောင်းဖူးစားပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးသွားပါမယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် ပြောင်းဖူးစားပြောင်း စိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

## စဉ့်ကိုင်မြို့နယ်၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးကျင်းပ

စဉ့်ကိုင် စက်တင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေးကို စက်တင်ဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမောင်စိုးက သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၊ အယ်နီညိုရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ဌာနများအလိုက် အမြဲအပြတ် စောင့်ကြည့်သွားရန် ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးနှင့်စပ်လျဉ်း၍ မိမိတို့ဌာနနှင့် သက်ဆိုင်သည့်ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမောင်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များက မြို့နယ်မီးသတ်ဦးစီးဌာန၌ သဘာဝဘေးနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးအတွက် ကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## ငပုတောမြို့နယ်တွင် ဒေသ့မထဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ငပုတော စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ဒေသ့မထဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် စက်တင်ဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဒေသ့မထဆန်များ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသ့မထဆန်များ ဝယ်ယူမှု အားကောင်းလာခြင်းသည် ဒေသဈေးကွက်အပြင် အခြားဒေသများကပါ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ အခြားဆန်တွေထက် ဒေသ့မထဆန်က ပိုပိုဝယ်ယူမှုအားကောင်းလာပါတယ်။ စက်တင်ဘာလရဲ့ ဒုတိယပတ်လောက်ကနေစပြီး အဝယ်လိုက်လာတာဖြစ်ပါတယ်။ ဒေသတွင်းဈေးကွက်အပြင် အခြားဒေသတွေကလဲ ဒေသ့မထဆန်တွေ အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းလာတာပါ။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလဲ ပြည်တွင်းဆန်ကြိတ်လုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာလို့ပါ။ ဒေသ့မထဆန် အရောင်းအဝယ်ကောင်းမွန်လာတော့ ပွဲရုံပိုင်ရှင်တွေ၊ တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ငပုတောမြို့နယ်တွင် အရောင်းအဝယ်ကောင်းနေသည့် ဒေသ့မထဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၉၀၀၀ မှ ၁၀၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသ့မထဆန်များ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သက်ရှည်ကျန်းမာ ခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်

မောင်မောင်ထွန်း(ပန်းပျိုးအိမ်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်

" The Age of Longevity: Rethinking Systems for Longer Lives"

၁.၁၀.၂၀၂၄ နေပြည်တော်

လူ့ဘဝ၏ ခရီးလမ်းသည် မွေးဖွားခြင်းမှ စတင်၍ ကလေးဘဝ၊ လူငယ်ဘဝ၊ လူလတ်ဘဝတို့ကို ဖြတ်သန်းကာ သက်ကြီးဘဝသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ထို့ကြောင့် သက်ကြီးရွယ်အိုဘဝသည် ဘဝခရီး၏ အဆုံးသတ်တစ်ခုမဟုတ်ဘဲ ဖြတ်သန်းခဲ့သမျှ အတွေ့အကြုံများကို အနှစ်ချုပ်ကာ နောက်မျိုးဆက်များထံ လက်ဆင့်ကမ်းပေးနိုင်သည့် တန်ဖိုးရှိသော ဘဝအဆင့်တစ်ရပ်ဖြစ်သည်။

သက်ကြီးပုဂ္ဂိုလ်တစ်ဦး၏ ဆံပင်ဖြူခြင်း၊ ခြေလှမ်းနှေးခြင်းတို့၏ နောက်ကွယ်တွင် မိသားစုအတွက် ပေးဆပ်ခဲ့သည့်နှစ်များ၊ လူ့အဖွဲ့အစည်းအတွက် ဆောင်ရွက်ခဲ့သည့် တာဝန်များ၊ အခက်အခဲများကို ဖြတ်ကျော်ခဲ့သည့် အတွေ့အကြုံများနှင့် ဘဝသင်ခန်းစာများစွာ တည်ရှိနေသည်။ ထိုအတွေ့အကြုံများသည် စာအုပ်ထဲတွင် ရှာဖွေ၍ မရနိုင်သော ဘဝစာအုပ်များပင်ဖြစ်ကြသည်။

ထို့ကြောင့် သက်ကြီးပုဂ္ဂိုလ်များကို ဂရုစိုက်စောင့်ရှောက်ခြင်းသည် သနား၍ ပြုစုခြင်းမျှသာ မဟုတ်ပေ။ ၎င်းတို့၏ ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေး၊ ကျန်းမာရေးနှင့် လူမှုဘဝအတွင်း ပါဝင်ဆောင်ရွက်နိုင်ခွင့်တို့ကို တန်ဖိုးထားအသိအမှတ်ပြုခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို နှစ်စဉ် အောက်တိုဘာ ၁ ရက်တွင် ကျင်းပခြင်းသည်လည်း သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝနှင့် လူ့အဖွဲ့အစည်းအတွင်း ၎င်းတို့၏ အခန်းကဏ္ဍကို ပြန်လည်အာရုံစိုက်စေသည့် အရေးပါသော အခါသမယတစ်ရပ်ဖြစ်သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံက ၁၉၉၀ ပြည့်နှစ်တွင် အောက်တိုဘာ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

**သက်ရှည်ခြင်းနှင့် ကျန်းမာခြင်း**

ယနေ့ခေတ်တွင် ဆေးဘက်ဆိုင်ရာ တိုးတက်မှုများ၊ ကျန်းမာရေးအသိပညာ မြင့်မားလာမှုများနှင့် လူနေမှုဘဝ တိုးတက်ကောင်းမွန်လာမှုတို့ကြောင့် လူတို့သည် ယခင်ကထက် အသက်ပိုရှည်စွာ နေထိုင်လာနိုင်ကြသည်။ သို့သော် အသက်ရှည်ခြင်းတစ်ခုတည်းနှင့် မလုံလောက်တော့ပေ။ အသက်ရှည်သည့်အပြင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရမည်၊ မိမိဘဝကို မိမိတတ်နိုင်သမျှ လွတ်လပ်စွာ စီမံနိုင်ရမည်၊ လူမှုအသိုက်အဝန်းအတွင်း တက်ကြွစွာ ပါဝင်နိုင်ရမည်။

အသက်ရှည်ခြင်းသည် လူသားတို့အတွက် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်သည်။ အသက်ကြီးလာသော်လည်း ကျန်းမာသန်စွမ်းနေသူတစ်ဦးသည် မိသားစုအတွက် အားကိုးရာဖြစ်နိုင်သကဲ့သို့ မိမိ၏ အတွေ့အကြုံနှင့် ပညာကို လူငယ်များထံ လက်ဆင့်ကမ်းပေးနိုင်သည်။ ရပ်ရွာအတွင်းတွင်လည်း အတွေ့အကြုံရှိသူများ၏ အကြံဉာဏ်သည် ဆုံးဖြတ်ချက်ကောင်းများ ရရှိစေရန် အထောက်အကူပြုနိုင်သည်။ ထို့ကြောင့် သက်ကြီးဘဝကို နားနေရမည့်အရွယ်ဟူ၍သာ မမြင်သင့်တော့ပေ။ ကျန်းမာရေး ကောင်းမွန်ပြီး မိမိဆန္ဒရှိပါက မိမိတတ်ကျွမ်းရာကဏ္ဍတွင် ဆက်လက်ပါဝင်နိုင်သည်။

**ကျန်းမာရေးစောင့်ရှောက်မှုမှ ကြိုတင်ကာကွယ်မှုဆီ**

သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးသည် ဆေးရုံ၊ ဆေးခန်းရောက်မှ စတင်စောင့်ရှောက်ရမည့်အရာမဟုတ်ပေ။ ငယ်ရွယ်စဉ်ကတည်းက ကျန်းမာရေးကို စနစ်တကျ ဂရုစိုက်ခြင်းသည် ကျန်းမာသော သက်ကြီးဘဝအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ အာဟာရပြည့်ဝသော အစားအစာစားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ အိပ်ရေးဝဝ အနားယူခြင်း၊ ကျန်းမာရေးစစ်ဆေးမှုများကို ပုံမှန်ပြုလုပ်ခြင်း၊ ဆေးလိပ်နှင့် အရက်ကဲ့သို့ ကျန်းမာရေးကို ထိခိုက်စေနိုင်သော အလေ့အထများကို ရှောင်ကြဉ်ခြင်းတို့သည် အသက်အရွယ်ကြီးလာချိန်တွင် ကျန်းမာရေးကောင်းမွန်စွာ နေထိုင်နိုင်ရန် အရေးကြီးသည်။

ထို့ပြင် သက်ကြီးပုဂ္ဂိုလ်များအတွက် ကိုယ်ခန္ဓာကျန်းမာရေးသာမက စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုလည်း အလေးထားရမည်။ အထီးကျန်ခြင်း၊ မိသားစုနှင့် လူမှုအသိုက်အဝန်းမှ ကွဲထွက်သကဲ့သို့ ခံစားရခြင်းတို့သည် သက်ကြီးဘဝ၏ နေ့စဉ်ဘဝအပေါ် သက်ရောက်မှုရှိနိုင်သည်။ ထို့ကြောင့် မိသားစုဝင်များ၏ နွေးထွေးသော စကားတစ်ခွန်း၊ အချိန်ပေးနားထောင်မှုတစ်ခု၊ အတူတကွ လှုပ်ရှားမှုတစ်ရပ်သည်ပင် တန်ဖိုးရှိသော ကျန်းမာရေးစောင့်ရှောက်မှု ဖြစ်လာနိုင်သည်။

**စနစ်သစ်ဆိုသည်မှာ လူကိုဗဟိုပြုသည့်စနစ်**

သက်ကြီးပုဂ္ဂိုလ်များ အသက်ရှည်လာသည်နှင့်အမျှ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုကာကွယ်စောင့်ရှောက်မှု၊ သွားလာရေး၊ နေထိုင်ရေး၊ အလုပ်အကိုင်၊ ငွေကြေးနှင့် နည်းပညာအသုံးပြုနိုင်မှု စသည့်ကဏ္ဍများတွင်လည်း ၎င်းတို့၏ လိုအပ်ချက်နှင့် ကိုက်ညီသော စနစ်သစ်များကို ဖော်ဆောင်ရန် လိုအပ်လာသည်။

စနစ်သစ်ဆိုသည်မှာ နည်းပညာအသစ်များ ထည့်သွင်းအသုံးပြုခြင်းတစ်ခုတည်းကို မဆိုလိုပေ။ လူသားကို ဗဟိုပြုသည့် အမြင်သစ်၊ အသက်အရွယ်မရွေး ပါဝင်နိုင်သည့် လူမှုဝန်းကျင်သစ်၊ သက်ကြီးပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာကို အလေးထားသည့် စောင့်ရှောက်မှုစနစ်သစ်တို့ကိုလည်း ဆိုလိုသည်။ ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်နည်းပညာများသည် နေ့စဉ်ဘဝ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာနေသည်။ သက်ကြီးပုဂ္ဂိုလ်များလည်း မိုဘိုင်းဖုန်း၊ အင်တာနက်နှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများကို လွယ်ကူလုံခြုံစွာ အသုံးပြုနိုင်ရန် အခွင့်အလမ်းများ ရရှိသင့်သည်။ နည်းပညာသစ်များကို လူသား၏ဘဝ ပိုမိုလွယ်ကူစေရန် အသုံးချတတ်ရမည်ဖြစ်သည်။

**မိသားစု၏ နွေးထွေးမှုသည် ပထမဆုံးစနစ်**

စနစ်သစ်များအကြောင်း ပြောရာတွင် အစိုးရ၊ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများကိုသာ မျှော်လင့်၍ မရပေ။ မိသားစုသည် သက်ကြီးပုဂ္ဂိုလ်များ၏ ပထမဆုံးနှင့် အနီးဆုံး အထောက်အပံ့စနစ်ဖြစ်သည်။ မိဘ၊ အဘိုး၊ အဘွားများ၏လက်ကို တစ်ချိန်က ကျွန်ုပ်တို့ကိုင်ဆွဲအားကိုးခဲ့ကြသည်။ ယနေ့တွင် ထိုလက်များကို ကျွန်ုပ်တို့ကပြန်လည်၍ နွေးထွေးစွာ ဖေးမဆုပ်ကိုင်ပေးရမည့်အချိန် ဖြစ်လာသည်။

အစားအစာတစ်နပ်ကျွေးမွေးခြင်းထက် စကားပြောဖော်လုပ်ပေးခြင်း၊ ဆေးဝါးပေးခြင်းထက် ကျန်းမာရေးအခြေအနေကို နားလည်ပေးခြင်း၊ ငွေကြေး ထောက်ပံ့ခြင်းထက် တန်ဖိုးထားလေးစားမှုပေးခြင်းတို့သည် သက်ကြီးဘဝ၏ စိတ်ချမ်းသာမှုအတွက် အရေးပါလှသည်။ အိုပြီ၊ ဘာမှမလုပ်နိုင်တော့ဘူးဟူသောအမြင်သည် သက်ကြီးပုဂ္ဂိုလ်များ၏ စိတ်ဓာတ်ကို ကျဆင်းစေနိုင်သည်။ ၎င်းအစား မိသားစုအတွက် အတွေ့အကြုံရှိသူ၊ လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်သူဟူသောအမြင်ဖြင့် တန်ဖိုးထား ပေးသင့်သည်။

**မျိုးဆက်များကြား တံတားတစ်စင်း**

လူငယ်များသည် အနာဂတ်ကို ပုံဖော်သူများဖြစ်ကြသကဲ့သို့ သက်ကြီးပုဂ္ဂိုလ်များသည် အတိတ်၏ အတွေ့အကြုံနှင့် ပစ္စုပ္ပန်၏ ဉာဏ်ပညာကို ကိုင်ဆောင်ထားသူများ ဖြစ်ကြသည်။ ထို့ကြောင့် မျိုးဆက်နှစ်ရပ်အကြား ဆက်သွယ်မှု ခိုင်မာစေရန် လိုအပ်သည်။ လူငယ်များက နည်းပညာနှင့် ခေတ်သစ်အမြင်များကို မျှဝေပေးနိုင်သလို သက်ကြီးပုဂ္ဂိုလ်များကလည်း ဘဝအတွေ့အကြုံ၊ အလုပ်အကိုင်ကျွမ်းကျင်မှု၊ လူမှုဆက်ဆံရေးနှင့် အခက်အခဲများကို ဖြတ်ကျော်ခဲ့သည့် နည်းလမ်းများကို လက်ဆင့်ကမ်းပေးနိုင်သည်။

ထိုသို့ အပြန်အလှန် သင်ယူခြင်းသည် မျိုးဆက်များကြား နားလည်မှုကို တိုးပွားစေမည်။ လူငယ်က လူကြီးကို နားလည်လာပြီး လူကြီးက လူငယ်၏ ခေတ်သစ်အမြင်ကို နားလည်လာပါက မိသားစုနှင့် လူ့အဖွဲ့အစည်းသည် ပိုမိုခိုင်မာလာမည်ဖြစ်သည်။

**သက်ကြီးပုဂ္ဂိုလ်များကို စောင့်ရှောက်ခံသူများအဖြစ်သာ မမြင်သင့်**

သက်ကြီးပုဂ္ဂိုလ်များသည် အကူအညီလိုအပ်သူများ ဖြစ်နိုင်သော်လည်း အကူအညီကိုသာ လက်ခံနေသူများဟု သတ်မှတ်၍ မရပေ။ ၎င်းတို့သည် မိသားစု၊ ရပ်ရွာနှင့် လူ့အဖွဲ့အစည်းအတွက် ဆက်လက်အကျိုးပြုနိုင်သူများဖြစ်သည်။ ဆရာတစ်ဦးသည် အငြိမ်းစားယူပြီးနောက် လူငယ်များကို စာပေသင်ကြားပေးနိုင်သည်။ လယ်သမားတစ်ဦးသည် စိုက်ပျိုးရေးအတွေ့အကြုံများကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းနိုင်သည်။ လက်မှုပညာရှင်တစ်ဦးသည် ရိုးရာပညာရပ်ကို ထိန်းသိမ်းပေးနိုင်သည်။ စာရေးဆရာ၊ အနုပညာရှင်၊ အတတ်ပညာရှင်များကလည်း မိမိတို့၏ အတွေ့အကြုံများကို စာပေ၊ အနုပညာနှင့် အသိပညာအဖြစ် ဆက်လက်မျှဝေနိုင်ကြသည်။

ထို့ကြောင့် သက်ကြီးပုဂ္ဂိုလ်များ၏ တန်ဖိုးသည် အသက်အရွယ်နှင့်အတူ လျော့နည်းသွားခြင်း မရှိပေ။ အချို့တန်ဖိုးများသည် အသက်အရွယ်ကြီးလာလေလေ ပိုမိုရင့်ကျက်လာလေလေဖြစ်သည်။

**ခေတ်သစ်ဆီသို့ အတူတကွ**

လူသားများအားလုံးသည် တစ်နေ့တစ်ခြား အသက်ကြီးလာမည်မှာ လောကဓမ္မတာပင်ဖြစ်သည်။ ထို့ကြောင့် ယနေ့တည်ဆောက်နေသည့် ကျန်းမာရေး၊ လူမှုရေးနှင့် စောင့်ရှောက်မှုစနစ်များသည် ယနေ့သက်ကြီးပုဂ္ဂိုလ်များအတွက်သာ မဟုတ်ဘဲ ယနေ့လူငယ်များ၏ အနာဂတ်သက်ကြီးဘဝအတွက်လည်းဖြစ်သည်။ ယနေ့လူငယ်တစ်ဦးသည် များမကြာမီကာလအတွင်းတွင် လူလတ်ဖြစ်မည်။ ထို့အတူ ကာလတစ်ခုတွင် သက်ကြီးပုဂ္ဂိုလ်ဖြစ်လာမည်။ ထို့ကြောင့် သက်ကြီးဘဝကို ဂရုစိုက်ခြင်းသည် အခြားသူတစ်ဦး၏ ဘဝကိုသာ ဂရုစိုက်ခြင်းမဟုတ်ဘဲ မိမိ၏အနာဂတ်ကိုပါ ပြင်ဆင်ခြင်းဖြစ်သည်။

အရေးကြီးဆုံးမှာ အသက်အရွယ်ကြီးသူများ အနေဖြင့် ကျန်းမာစွာ အသက်ရှည်ခြင်း၊ ဂုဏ်သိက္ခာရှိစွာ အသက်ရှည်ခြင်း၊ အကျိုးရှိစွာ အသက်ရှည်ခြင်း ဖြစ်စေရန် ကြိုးပမ်းရမည်ဖြစ်သည်။ ကုလသမဂ္ဂကလည်း သက်ကြီးလူဦးရေ တိုးပွားလာမှုနှင့်အတူ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်မှုနှင့် လူမှုဝန်းကျင်များကို အသက်အရွယ်ကြီးလာသူများ၏ လိုအပ်ချက်နှင့်အညီ ပြန်လည်ပြင်ဆင်ရန် အရေးကြီးကြောင်း အလေးထားဖော်ပြထားသည်။

သို့ဖြစ်ရာ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်"ဟူသည့် ဆောင်ပုဒ်နှင့်အညီ သက်ကြီးပုဂ္ဂိုလ်များကို လေးစားတန်ဖိုးထားရမည့် အသိတရား၊ ကျန်းမာစွာ အသက်ရှည်နိုင်ရန် ကြိုတင်ပြင်ဆင်ရမည့်တာဝန်၊ မိသားစုနှင့် လူမှုအသိုက်အဝန်းတို့၏ နွေးထွေးသော စောင့်ရှောက်မှု၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်ရမည့်စနစ်များနှင့် အနာဂတ်မျိုးဆက်သစ်အဆက်ဆက် လက်ဆင့်ကမ်းရမည့် လူသားတန်ဖိုးများကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။

သက်ကြီးသူများ၏ အတွေ့အကြုံကို တန်ဖိုးထားပြီး လူငယ်တို့၏ စွမ်းအားကို ပေါင်းစပ်ကြရမည်။ ကျန်းမာရေးကိုအလေးထားပြီး နည်းပညာနှင့် ခေတ်မီစနစ်များကို လူသားအကျိုးအတွက် အသုံးချကြမည်။ အသက်အရွယ်ကြောင့် မည်သူမျှ ခွဲခြားမခံရစေဘဲ လူတိုင်းဂုဏ်သိက္ခာရှိစွာ ပါဝင်နိုင်သည့် လူမှုဝန်းကျင်ကို တည်ဆောက်ကြမည်။ အမှန်တကယ်တော့ သက်ကြီးပုဂ္ဂိုလ်များ၏ ယနေ့ဘဝသည် မိမိတို့အားလုံး၏ မနက်ဖြန်ဘဝပင်ဖြစ်သည်။

ထို့ကြောင့် အသက်ရှည်ဖို့ ကျန်းမာရေးကို ပြင်ဆင်ကြရမည်။ ကျန်းမာဖို့ စနစ်ကောင်းများ တည်ဆောက်ကြရမည်။ စနစ်သစ်များဖြင့် မျိုးဆက်များကို ချိတ်ဆက်ကြရမည်။ သက်ကြီးဘဝကို ဂုဏ်သိက္ခာရှိသော ဘဝအဖြစ် မြှင့်တင်သွားရမည်။ လူတိုင်းအတွက် အသက်အရွယ်မရွေး အတူတကွ လျှောက်လှမ်းနိုင်သည့် ခေတ်သစ်ဆီသို့ အားမာန်အပြည့်ဖြင့် ချီတက်နိုင်ကြရန်၊ မိမိတို့စွမ်းသမျှဖြင့် ဖေးမလက်ကမ်း ဖြည့်စွမ်းသွားကြရန် လိုအပ်နေမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- World Health Organization (WHO).
- Decade of Healthy Ageing 20212030: Baseline Report. Geneva: World Health Organization, 2021.
- နေ့စဉ်ထုတ်သတင်းစာများ။

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၉၆၆ ဧကစိုက်ပျိုးမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၉၆၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ငရုတ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၆၁၀၊ ဘုတလင်မြို့နယ်တွင် ဧက ၃၂၀၊ အရာတော်မြို့နယ်တွင် ၂၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၀၀၉ ဧက စုစုပေါင်း ၁၉၆၆ ဧကတို့ဖြစ်ပြီး အောက်တိုဘာလအတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ ငရုတ် ၁၉၆၆ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်သွားမယ်။ ငရုတ်သီးစိုက်ပျိုးမှုတွေကတော့ တိုးတက်ကောင်းမွန်ပါတယ်။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးသွားပါမယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယခုနှစ် မုံရွာခရိုင်တွင် စိုက်ပျိုးမည့် ငရုတ်သီးနှံများအတွက် နှုန်းကောင်းစေရန်၊ အရည်အသွေးကောင်းမွန်ပြီး ဈေးရရှိစေရန်အတွက် စိုက်ပျိုးနည်းစနစ် နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရေး နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်စေရေး နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုပြည့်လုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

## ဝမ်းတွင်းမြို့နယ် သနပ်ခါးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သနပ်ခါးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သနပ်ခါးတောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၅ ဦးကို ငွေကျပ် ၃၄ ဒသမ ၈ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၄ ဒသမ ၅၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉ ဒသမ ၄၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

## သုတ္တန်ညွှန်ပြ သာဓက

- ယုတ်ညံ့ရှာသည့်
ဘာရဒွါဇ ပြဟ္မဏလျှင်
ဗုဒ္ဓမြတ်ကို ဆဲရေးဆိုခိုက်
ချိုသာငြင်းဆန် လက်မခံသော်
မတန်ရိုင်းပျ ဖရသတို့
မူလပိုင်ရှင် သူ့ထံတွင်သာ
ငြိငြင်စွန်းညစ် ကျန်နေရစ်ဟု
ဖြစ်စဉ်ပြညွှန် ယုတ္တိဆန်သည့်
သုတ္တန်ခမ္မ ဖတ်ဖူး၏။

- သူ့အမုန်းကို
နလုံးမပန် လက်မခံပဲ
မီးလျှံကင်းဝေး အေးနိုင်စေ။

- သူ့အပြုံးကို
နလုံးစိတ်မှ သင်ခံယူလျက်
ကြည်ဖြူမြေ့ချမ်း လန်းနိုင်စေ။

- အပူအအေး ဘယ်သူပေးလည်း
ကိုယ့်သွေးသားက ခံယူမှသာ
ကိုယ်ရသည်မှတ် သတိချပ်လျက်
နေတတ်ခြင်းသာ ထုံလေ့ပါလျှင်
ရင်မှာစိမ့်စမ်း ချမ်းကြည်မြ
ဘဝအလှ ထာဝရ။ ။

ချစ်စုအောင်

## မင်းလှမြို့နယ် တူးမြောင်းအထက်စုကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မင်းလှ စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးမြောင်းအထက်စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆက်လက်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တူးမြောင်းအထက်စုကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အေးမြတ်

# ကော်စတာရီကာ ဒုတိယသမ္မတဟောင်း ရီဘက်ကာဂရင်းစပင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဖြစ်လာရန်အလားအလာကောင်းနေ




**နယူးယောက် စက်တင်ဘာ ၃၀**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် သစ်ရွေးချယ်ရေးအတွက် လုံခြုံရေးကောင်စီက စက်တင်ဘာ ၂၉ ရက်တွင်ပြုလုပ်ခဲ့သော အလွတ်သဘောမဲခွဲပွဲတွင် ကော်စတာရီကာဒုတိယသမ္မတဟောင်း ရီဘက်ကာဂရင်းစပင်းက ဦးဆောင်နေကြောင်း Xinhua သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

အဆိုပါ အလွတ်သဘောမဲခွဲပွဲတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် သစ်ရာထူးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပြုလုပ်ခဲ့သော စတုတ္ထအကြိမ်မြောက် အလွတ်သဘောမဲခွဲပွဲဖြစ်သည်။

ဇူလိုင်လနှင့် ယခုလအတွင်း ပြုလုပ်ခဲ့သော ပထမဆုံးအလွတ်သဘောမဲခွဲပွဲနှင့် တတိယမြောက် အလွတ်သဘော မဲခွဲပွဲတို့တွင်လည်း ရီဘက်ကာဂရင်းစပင်း ကပြိုင်ဘက်များကို ဦးဆောင်နိုင်ခဲ့သည်။

ယခုနှစ် ဩဂုတ်လအတွင်း ကျင်းပခဲ့သည့် လုံခြုံရေးကောင်စီ အလွတ်သဘောမဲခွဲပွဲတွင် ဂူယာနာနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး ကာရိုလင်းရိုဒရီဂက်စ်ဘားကတ်က ပြိုင်ဘက်များကို ဦးဆောင်နိုင်ခဲ့သည်။

ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်သစ်ရွေးချယ်ပွဲ၌ အနိုင်ရခဲ့ပါက ရီဘက်ကာဂရင်းစပင်းသည် ကုလသမဂ္ဂ သမိုင်းတစ်လျှောက် ပထမဆုံး အမျိုးသမီးအတွင်းရေးမှူးချုပ်အဖြစ် မှတ်တမ်းဝင်မည် ဖြစ်သည်။

၂၀၁၇ ခုနှစ်မှစ၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူး စတင်ရယူခဲ့သော ပေါ်တူဂီဝန်ကြီးချုပ်ဟောင်း အန်တိုနီယိုဂူတာရက်စ်သည် သက်တမ်းနှစ်ဆက်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ယခုနှစ်ကုန်ပိုင်းတွင် တာဝန်မှအနားယူမည်ဖြစ်ကြောင်းသိရသည်။

Ref : Xinhua
Trs : KKO

# ရုရှားလေတပ် မဟာဗျူဟာဗုံးကြဲလေယာဉ် လေ့ကျင့်ပျံသန်းနေစဉ် ပျက်ကျ

**မော်စကို စက်တင်ဘာ ၃၀**

နျူကလီးယား လက်နက်များ သယ်ဆောင်နိုင်သော ရုရှားလေတပ် မဟာဗျူဟာဗုံးကြဲလေယာဉ် တစ်စင်း ရုရှားနိုင်ငံအရှေ့ဖျားဒေသ၌ လေ့ကျင့်ပျံသန်းမှု ပြုလုပ်နေစဉ် စက်တင်ဘာ ၂၉ ရက်က ပျက်ကျခဲ့ရာ လေသူရဲခြောက်ဦးသေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တီယူ-၉၅ မဟာဗျူဟာ ဗုံးကြဲလေယာဉ်သည် လေ့ကျင့်ပျံသန်းနေစဉ် ရုရှားအရှေ့ဖျားအမ်မာဒေသ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တီယူ-၉၅ မဟာဗျူဟာဗုံးကြဲလေယာဉ် ပျက်ကျမှုအတွင်း လေသူရဲခြောက်ဦး သေဆုံး၍ တစ်ဦးအသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန၏အဆိုအရသိရသည်။

ပျက်ကျခဲ့သော တီယူ-၉၅ ဗုံးကြဲလေယာဉ်သည် လက်နက် ခဲယမ်းများ တပ်ဆင်ထားခြင်း မရှိကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လက်ရှိတွင် တီယူ-၉၅ မဟာဗျူဟာ ဗုံးကြဲလေယာဉ် ပျက်ကျရခြင်း အကြောင်းရင်းကို ရုရှားလေတပ်က စုံစမ်းစစ်ဆေး လျက်ရှိသည်။

ရုရှားလေတပ်သည် အင်ဂျင် လေးလုံးတပ် တီယူ-၉၅ မဟာဗျူ ဟာ ဗုံးကြဲလေယာဉ်များကို စစ်အေးတိုက်ပွဲ ကာလများ အတွင်း စတင်သုံးစွဲခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# တပ်မတော်ဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်ရေးဗဟိုဌာန လာအိုနိုင်ငံ၌ တရုတ်တပ်မတော်ဖွင့်လှစ်



**ပေကျင်း စက်တင်ဘာ ၃၀**

တပ်မတော်ဆိုင်ရာ ကူညီရေးနှင့် လေ့ကျင့်ရေးဗဟိုဌာနသစ် တစ်ခုကို လာအိုနိုင်ငံ၌ တရုတ်နိုင်ငံက ဖွင့်လှစ်ထားကြောင်း တရုတ်အစိုးရ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xin-hua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လာအိုနိုင်ငံက တပ်မတော်ဆိုင်ရာကူညီရေးနှင့် လေ့ကျင့်ရေး ဗဟိုဌာနသစ် ဖွင့်လှစ်မှုသည် တရုတ်တပ်မတော်က ရှားရှားပါးပါးပြုလုပ်ခဲ့သော ပင်လယ်ရပ်ခြား စစ်ရေးသြဇာဖြန့်ကြက်မှု ဖြစ်သည်။

တရုတ်-လာအို ပူးတွဲကူညီရေးနှင့်လေ့ကျင့်ရေး ဗဟိုဌာန၊ တရုတ်-လာအို ချစ်ကြည်ရေး လေကြောင်း အကယ်ဒမီတို့ကို လာအိုနိုင်ငံ ဘန်ကွန်းမြို့လေတပ်စခန်း၌ ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း တရုတ်ကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နှင့်လာအိုတို့ ပူးတွဲကွပ်ကဲမည့် အဆိုပါဗဟိုဌာန နှစ်ခုကို လာအိုလေတပ်လေယာဉ်မှူးများ လေ့ကျင့်မှုပေးရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ဖွင့်လှစ်ထားခြင်း ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

အဆိုပါ ဗဟိုဌာနနှစ်ခုအတွက် တရုတ်တပ်မတော်က ဖြန့်ကြက်နေရာချထားသည့် တပ်ဖွဲ့ဝင်များ၊ ပစ္စည်းကိရိယာများနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို တရုတ်ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်းမရှိ ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# လိင်အခြေခံအကြမ်းဖက်မှုများ တိုက်ဖျက်ရေးအတွက် လုပ်ငန်းအစီအမံများ တောင်အာဖရိကသမ္မတ ကြေညာ

**ကိပ်တောင်း စက်တင်ဘာ ၃၀**

လိင်ခွဲခြားမှုအခြေခံ အကြမ်းဖက်မှုများ တိုက်ဖျက်ရေးအတွက် လုပ်ငန်းအစီအမံ သစ်များကို တောင်အာဖရိကသမ္မတ ရာမာဖိုဆာက စက်တင်ဘာ ၂၉ ရက်တွင် ကြေညာခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂျိုဟန်နက်စဘတ်မြို့ အရှေ့ဘက်တွင်တည်ရှိသော အီကာဟူလီနီမြို့၌ ယခုနှစ် ဖွန်လမှစ၍ အမျိုးသမီး ၁၁ ဦးအသတ်ခံရပြီး နောက် လိင်ခွဲခြားမှုဆိုင်ရာ အကြမ်းဖက်မှုများ တိုက်ဖျက်ရေး လုပ်ငန်းအစီအမံများကို တောင်အာဖရိကသမ္မတက ကြေညာခဲ့ ခြင်းဖြစ်သည်။

တောင်အာဖရိက သမ္မတ ရာမာဖိုဆာ ကြေညာခဲ့သော လုပ်ငန်းအစီအမံ များထဲတွင် အမျိုးသမီးများ၏ ဘဝလုံခြုံရေး အခြေအနေကို ရက် ၆၀ အတွင်း အကဲဖြတ်ဆန်းစစ်ရန်၊ အမျိုးသမီးများအတွက် အန္တရာယ်ကြီးမားသည့် နိုင်ငံတစ်ဝန်းနေရာဒေသများကို ဖော်ထုတ်ရန်တို့လည်း ပါဝင်ကြောင်းသိရသည်။

ထို့ပြင် လူသတ်မှု၊ လူသတ်ရန် ကြိုးပမ်းမှု၊ အလိုမတူဘဲ အဓမ္မပြုကျင့်မှု၊ အခြားလိင်အခြေခံ အကြမ်းဖက်မှုများ ပါဝင်သော မဖော်ထုတ်နိုင်သေးသည့်ရာဇဝတ်မှုများကို ရက် ၉၀ အတွင်း ပြန်လည်သုံးသပ်ရန် သမ္မတရာမာဖိုဆာက အမျိုးသားရဲတပ်ဖွဲ့ကို ညွှန်ကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# အီရတ်နိုင်ငံရှိ နောက်ဆုံးလက်ကျန်တပ်ဖွဲ့များ အမေရိကန် ပြန်လည်ရုပ်သိမ်း



**ဘဂ္ဂဒက် စက်တင်ဘာ ၃၀**

အီရတ်နိုင်ငံအတွင်းရှိ နောက်ဆုံးလက်ကျန် စစ်စခန်းများမှ အမေရိကန် တပ်ဖွဲ့ဝင်များကို ယနေ့တွင် အမေရိကန်အစိုးရက ပြန်လည် ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

နောက်ဆုံးလက်ကျန် အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းခဲ့မှုကြောင့် အီရတ်နိုင်ငံ၌ လုံခြုံရေးလေဟာနယ် ပေါ်ထွက်လာပြီး အီရန်ကျောထောက်နောက်ခံပြု ပြည်သူ့စစ်အဖွဲ့များ ခေါင်းထောင်လာမည့်အရေး စိုးရိမ်ရကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

သမ္မတဟောင်း ဂျိုးဘိုင်ဒင် လက်ထက် ၂၀၂၄ ခုနှစ်တွင် ရယူထားသည့် သဘောတူညီချက်အရ အီရတ်နိုင်ငံအတွင်းရှိ နောက်ဆုံး လက်ကျန်အဖွဲ့ဝင်များကို အမေရိကန်အစိုးရက ယနေ့တွင် ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံအတွင်းရှိ နောက်ဆုံးလက်ကျန် အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းမှုသည် အီရတ်နိုင်ငံအပေါ် သြဇာလွှမ်းမိုးရန်ကြိုးပမ်းနေသည့် အီရန်နှင့် မဟာမိတ်များအတွက် အဓိက အောင်ပွဲတစ်ရပ်ဖြစ်ခဲ့သည်။

အီရတ်နိုင်ငံ၌ ၂၃ နှစ်ကြာ တပ်စွဲထားသည့် ကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၄၅၀၀ ထိ သေဆုံးခဲ့သည်။

အမေရိကန် တပ်များသည် ၂၀၀၃ ခုနှစ်တွင် အီရတ်နိုင်ငံကို သိမ်းပိုက်ခဲ့ပြီးနောက် ရှီးယိုက်စ်များဦးဆောင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး အီရတ်ပြည်တွင်း လက်နက်ကိုင် အုပ်ချုပ်မှုများကို ရင်ဆိုင်ဖြေရှင်း ခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# စပေ့စ်အိတ်ကုမ္ပဏီက Starship ဒုံးပျံကို ၁၄ ကြိမ်မြောက်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စက်တင်ဘာ ၂၈ ရက်တွင် Starship ဒုံးပျံကို ၁၄ ကြိမ်မြောက်အဖြစ် စမ်းသပ်လွှတ်တင်ခဲ့ကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ Starship ဒုံးပျံကို ဆောက်တက္ကဆက်ဒေသ စတားဘေ့စ်အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် Starship ဒုံးပျံသည် သယ်ဆောင်ထားသည့်စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၆ စင်းကို ကမ္ဘာ့ပတ်လမ်း အနိမ့်ပိုင်းသို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု စပေ့စ်အိတ်ကုမ္ပဏီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Starship ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်ဖြစ်သည့် စူပါဟဲဗီးဒုံးယာဉ်ကမူ မက္ကဆီကိုပင်လယ်ကွေ့ ရေပြင်အတွင်းသို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

အဆိုပါမစ်ရှင်တွင် Starship ဒုံးပျံသည် ကမ္ဘာ့ပတ်လမ်းအတွင်းသို့ ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီက ယခင်လွှတ်တင်ခဲ့သော Starship ဒုံးပျံများကမူ ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း ဝင်ရောက်နိုင်မှုမရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ဆီးကျိတ်ကင်ဆာကို ဓာတ်ရောင်ခြည်ကုထုံးဖြင့် ကုသသူများက ခွဲစိတ်နည်းဖြင့်ကုသသူများထက် အသက်ဆုံးပါးနိုင်ခြေမြင့်မားနိုင်ဖွယ်ရှိ

**နယူးယောက် စက်တင်ဘာ ၃၀**

ဆီးကျိတ်ကင်ဆာရောဂါကို ဓာတ်ရောင်ခြည်ကုထုံးဖြင့် ကုသမှုခံယူထားသူများသည် ခွဲစိတ်နည်းဖြင့် ကုသမှုခံယူထားသူများထက် အသက်ဆုံးပါးနိုင်ခြေ ပိုမြင့်မားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ စက်တင်ဘာ ၂၉ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် ဆီးကျိတ်ကင်ဆာရောဂါကို ဓာတ်ရောင်ခြည်ကုထုံးဖြင့် ကုသမှုခံယူထားသူများသည် ခွဲစိတ်နည်းဖြင့် ကုသမှုခံယူထားသူများထက် ဆီးလမ်းကြောင်းကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ မြင့်မားနေတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဓာတ်ရောင်ခြည်ကုထုံးခံယူထားသည့် ဆီးကျိတ်ကင်ဆာလူနာများသည် ခွဲစိတ်နည်းဖြင့်ကုသမှုခံယူထားသည့် လူနာများထက် ကုထုံးခံယူပြီးနောက်ပိုင်း အသက်ဆုံးပါးနိုင်ခြေ ၄၅ ရာခိုင်နှုန်း ပိုမြင့်မားသည်ကို တွေ့ရကြောင်း နယူးယောက်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အခြားကိုယ်တွင်းအင်္ဂါများသို့ ကင်ဆာဆဲလ်များပျံ့နှံ့မှုမရှိသေးသည့် ဆီးကျိတ်ကင်ဆာလူနာများကို ပုံမှန်အားဖြင့် ဓာတ်ရောင်ခြည်ကုထုံး၊ ခွဲစိတ်မှုကုထုံးများဖြင့် ကုသလေ့ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# နှစ်ပေါင်း သန်း ၂၄၀ ခန့်က တန်ဇန်းနီးယားနိုင်ငံနေရာ၌ ပုံပန်းသဏ္ဍာန်ဆန်းပြားသော သက်ရှိတစ်မျိုး ကျက်စားခဲ့ဖူး

**လန်ဒန် စက်တင်ဘာ ၃၀**

ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားများအရ လွန်ခဲ့သော နှစ်ပေါင်း သန်း ၂၄၀ ခန့်က ယနေ့ခေတ် တန်ဇန်းနီးယားနိုင်ငံနေရာ၌ ပုံပန်းသဏ္ဍာန်ဆန်းပြားသော သက်ရှိတစ်မျိုး ရှင်သန်ကျက်စားခဲ့ဖူးကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ ထရိုင်အားဆစ်ဘူမိခေတ်သက်ရှိကို Dinodontosaurus isiyavamanda ဟူ၍ ဗြိတိန်သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

Dinodontosaurus isiyavamanda သတ္တဝါသည် ဝက်၊ လိပ်နှင့် ကြောင်တို့၏ လက္ခဏာများ ပေါင်းစပ်ပါဝင်နေသည့် အသီးအရွက် ကမ္ဘာဦးသက်ရှိတစ်မျိုး ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Dinodontosaurus isiyavamanda သတ္တဝါသည် အသီးအရွက်



စားသတ္တဝါဖြစ်သော်လည်း ကြီးမားသည့် ခြေသည်း၊ လက်သည်းများနှင့် ချွန်ထက်သည့်အစွယ်များပိုင်ဆိုင်ထား၍ လာရောက်ရန်ပြုသည့် အသားစား သားရဲကောင်များကို ပြင်းထန်စွာ ပြန်လည်တုံ့ပြန်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Dinodontosaurus isiyavamanda သတ္တဝါ၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တန်ဇန်းနီးယားနိုင်ငံ၌ ၁၉၆၀ ပြည့်နှစ်ကပင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သော်လည်း ယခုမှပင် ၎င်းသတ္တဝါ၏ သဘာဝကို သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ရှေးယခင်က Dinodontosaurus သက်ရှိများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို တောင်အမေရိကဒေသ၌သာ တူးဖော်တွေ့ရှိခဲ့ဖူးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# UPF အစားအစာများကို ဂရမ် ၁၀၀ ပိုမိုစားပါက နှလုံးကျန်းမာရေးပြဿနာ ပေါ်ထွက်လာနိုင်

**လန်ဒန် စက်တင်ဘာ ၃၀**

တာရှည်ခံစေရန် အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာ (UPF) များကို တစ်ရက်လျှင် ပုံမှန်စားနေကျထက် ဂရမ် ၁၀၀ ပိုမိုစားသုံးပါက နှလုံးကျန်းမာရေးပြဿနာများ ပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ စက်တင်ဘာ ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အသက် ၂၃ နှစ်နှင့် ၇၇ နှစ်ကြား လူပေါင်းရှစ်သန်းကျော်ပါဝင်သည့် UPF စားသုံးမှုဆိုင်ရာ လေ့လာချက်ပေါင်း ၅၁ ခုတို့မှ သတင်း အချက်အလက်များကို ပြန်လည်လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ UPF အစားအစာများကို တစ်ရက်လျှင် ပုံမှန်စားသုံးသည်ထက် ဂရမ် ၁၀၀ မျှ ပိုမိုစားသုံးခဲ့လျှင်ပင် နှလုံးရောဂါများဖြစ်နိုင်ခြေ ပုံမှန်ထက် ၁၄ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် UPF အစားအစာများကို ပုံမှန်ထက် ဂရမ် ၁၀၀ ပိုမိုစားသုံးခဲ့ပါက ကင်ဆာရောဂါများဖြစ်နိုင်ခြေလည်း လေးရာခိုင်နှုန်းပိုမိုမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

UPF အစားအစာများကို ပုံမှန်ထက် ဂရမ် ၁၀၀ ထိ ပိုမိုစားသုံးမှုမှာ များပြားသည်ဟုဆိုသော်လည်း UPF အစားအစာများအပေါ် အလွန်အကျွံအားပြုနေသူများ၏ ကျန်းမာရေးအတွက် ပြဿနာရှိကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

Ref : Sputnik News
Trs : KKO



# Crew 13 မစ်ရှင်ဖြင့် နိုင်ငံတကာအာကာသစခန်းသို့လိုက်ပါမည့် အာကာသယာဉ်မှူးလေးဦး ကနေဒီအာကာသစခန်းသို့ ရောက်ရှိလာပြီဖြစ်

**ဝါရှင်တန် စက်တင်ဘာ ၃၀**

Crew 13 အမည်ရှိ မစ်ရှင်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ လိုက်ပါမည့် အာကာသယာဉ်မှူး လေးဦးတို့သည် အမေရိကန်အမျိုးသားအာကာသအေဂျင်စီ(နာဆာ)၏ ကနေဒီအာကာသစခန်းသို့ စက်တင်ဘာ ၂၈ ရက်တွင် ရောက်ရှိလာပြီဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက်သတင်းများအရသိရသည်။

Crew 13 မစ်ရှင်တွင် နာဆာ အာကာသယာဉ်မှူး ဂျက်ဆီကာ ဝပ်ကင်း၊ လူဒီလာနီ၊ ကနေဒါအာကာသယာဉ်မှူး ဂျိုရှူဝါကပ်ထရစ်နှင့် ရုရှားအာကာသယာဉ်မှူး ဆာဂေးတီတာယာနီကော့တို့ လိုက်ပါမည်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်မှူးလေးဦးလိုက်ပါမည့် Crew 13 အာကာသလူသယ်ယာဉ်ကို လာမည့် အောက်တိုဘာ ၁ ရက်တွင် စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်သည်။

Crew 13 မစ်ရှင်သည် နာဆာနှင့် ရယူထားသည့် သဘောတူညီချက်အရ စပေ့စ်အိတ်ကုမ္ပဏီက လွှတ်တင်ပေးမည့် ၁၃ ကြိမ်မြောက် နိုင်ငံတကာအာကာသယာဉ်စခန်း အာကာသယာဉ်မှူးများ သယ်ယူပို့ဆောင်ရေးမစ်ရှင်ဖြစ်သည်။

နာဆာနှင့် စပေ့စ်အိတ်တို့သည် မူလက Crew 13 မစ်ရှင်ကို စက်တင်ဘာ ၁၂ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း Crew Dragon အာကာသလူသယ်ယာဉ် ပြဿနာတစ်ရပ်ကြောင့် အောက်တိုဘာ ၁ ရက်သို့ ရွှေ့ဆိုင်းထားခြင်းဖြစ်ပြီး Crew 13 မစ်ရှင်အာကာသယာဉ်မှူးလေးဦးတို့သည် နိုင်ငံတကာအာကာသစခန်း၌ ခြောက်လကြာ တာဝန်များထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များ ဆက်လက်ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးဖူဆယ်ဆပ်ကော်မတီက ကြီးမှူးကျင်းပနေသည့် Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များ အဖြစ် နံနက် ၈ နာရီက Black Wolves အသင်းနှင့် MDY Youth အသင်းတို့ကစားခဲ့ရာ Black Wolves အသင်းက ၁၀ ဂိုး တစ်ဂိုး၊ နံနက် ၉ နာရီ ၄၅ မိနစ်က Pyae Sone အသင်းနှင့် Mali Kyal Sin အသင်းတို့ ကစားခဲ့ရာ Mali Kyal Sin အသင်းက လေးဂိုး သုံးဂိုး၊ နံနက် ၁၁ နာရီခွဲက AYA Panpu အသင်းနှင့် KH အသင်းတို့ ကစားခဲ့ရာ KH အသင်းက ငါးဂိုး ဂိုးမရှိဖြင့် အသီးသီးအနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က TG United အသင်းနှင့် SK အသင်းတို့ကစားခဲ့ရာ TG United အသင်းကရှစ်ဂိုး လေးဂိုးဖြင့်အနိုင်ရခဲ့ပြီး ညနေ ၃ နာရီက Mogyo အသင်းနှင့် Glory အသင်းတို့ကစားခဲ့ရာ Mogyo အသင်းက ခုနစ်ဂိုး သုံးဂိုးဖြင့်အနိုင်ရခဲ့သည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များကို လာမည့်အောက်တိုဘာ ၄ရက်တွင် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **STA**



# အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ Esports ပြိုင်ပွဲ၌ MLBBပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်း ဗိုလ်လုပွဲအဆင့်တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၃၀**

ဂျပန်နိုင်ငံတွင် ကျင်းပနေသည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ယနေ့ကျင်းပခဲ့သည့် Esports ပြိုင်ပွဲ၌ MLBB ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်း ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ကြောင်း သိရသည်။




အဆိုပါ MLBB ပြိုင်ပွဲတွင် Team Zanaka အသင်းသည် အုပ်စုပွဲစဉ်များတွင် ရလဒ်ကောင်းများရရှိခဲ့ကာ ဥဇဘက်ကစ္စတန်အသင်း၊ ဟောင်ကောင်အသင်းတို့ကို နှစ်ပွဲပြတ်ဖြင့်အနိုင်ရပြီးနောက် ကွာတားဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

MLBB ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် Team Zanaka အသင်းသည် ယနေ့တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားခဲ့ရာ နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တွင်လည်း အင်အားကြီးအသင်းတစ်သင်းဖြစ်သည့် မလေးရှားအသင်းနှင့်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီးနောက် ဗိုလ်လုပွဲအဆင့် (Grand Final) သို့တက်ရောက်ခဲ့ခြင်းဖြစ်သည်။

MLBB ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်(Grand Final)ပွဲစဉ်အဖြစ် Team Zanaka အသင်းသည် အောက်တိုဘာ ၁ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်ပြီး ရွှေတံဆိပ်သို့မဟုတ် ငွေတံဆိပ်ကို မြန်မာနိုင်ငံအတွက် ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**STA**

# WTA Finals 2026 တင်းနစ်ပြိုင်ပွဲကို ဆာဘာလင်ကာ ဝင်ခွင့်ရရှိ

**ဝါရှင်တန် စက်တင်ဘာ ၃၀**

ဘယ်လာရုစ် တင်းနစ်မယ် ဆာဘာလင်ကာသည် WTA နောက်ဆုံးကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် အဆင့်(၂)နေရာ၌ ဆက်လက် ရပ်တည်ခဲ့ပြီးနောက် လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် WTA Finals 2026 အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲသို့ ဝင်ခွင့်ရရှိခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

WTA Finals အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲသည် နှစ်စဉ် တင်းနစ်ရာသီ တစ်ရာသီ၏ နောက်ဆုံးပြိုင်ပွဲအဖြစ် ကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး WTA Tour အဆင့် အမျိုးသမီးပြိုင်ပွဲများတွင် အဆင့်အတန်း အမြင့်ဆုံးပြိုင်ပွဲတစ်ခုဖြစ်သည်။

WTA Finals ပြိုင်ပွဲသည် တင်းနစ်ရာသီအကုန် ကမ္ဘာ့အဆင့် (၁)နေရာမှ အဆင့် (၈)နေရာအတွင်း ရပ်တည်ခဲ့ကြသည့် ထိပ်တန်း ကစားသမားရှစ်ဦးဖြင့် ကျင်းပပြီး လက်ရှိတွင် WTA Finals 2026 အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲသို့ ကမ္ဘာ့အဆင့်(၁)ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာနှင့်အတူ ဆာဘာလင်ကာလည်းဝင်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

WTA Finals 2026 ဝင်ခွင့်အတွက် ရိုင်ဘာကီနာနှင့် ဆာဘာလင်ကာတို့ ဝင်ခွင့်ရရှိခဲ့သော်လည်း လက်ကျန်ပြိုင်ပွဲဝင်ခြောက်ဦးကို ယခုနှစ်တင်းနစ် ရာသီကုန်ထိ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ပြီး လက်ရှိတွင် အမေရိကန်တင်းနစ်မယ် ပီဂူလာက အဆင့်(၃)၊ ရုရှား တင်းနစ်မယ်အန်ဒရီဗာကအဆင့်(၄)၊ အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်က အဆင့်(၅)၊ ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာက အဆင့်(၆)၊ ချက်တင်းနစ်မယ်များဖြစ်သည့်မူချိုဗာက အဆင့်(၇)၊ နော့စ်ကိုဗာက အဆင့်(၈)နေရာတို့တွင် ရပ်တည်နေကြောင်း သိရသည်။

**Ref : AGTP Tennis**

**Trs : STA**

# မက်ဆီ၏ ဂုဏ်ပြုပွဲမတိုင်မီ ကျောနံပါတ်(၁၀)ကို ယာယီအနားပေးထားမည်ဟု အာဂျင်တီးနားအသင်း နည်းပြ စကာလိုနီ အတည်ပြု

**ဗျူနိုစ်အေရိစ် စက်တင်ဘာ ၃၀**

အာဂျင်တီးနားအသင်း နည်းပြစကာလိုနီက မက်ဆီ၏ ဂုဏ်ပြုပွဲမတိုင်မီ ကျောနံပါတ်(၁၀)ကို ယာယီ အနားပေးထားမည်ဟု အတည်ပြု ပြောကြားခဲ့ကြောင်း 433 သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက အာဂျင်တီးနားအသင်း ကစားသမားဘဝ အနားယူကြောင်း အတည်ပြုကြေညာထားသော်လည်း အာဂျင်တီးနားအသင်းက မက်ဆီအတွက် ဂုဏ်ပြုပွဲကို လာမည့် အောက်တိုဘာ ၆ ရက်တွင် ကစားမည့် ဘီနင်အသင်းနှင့် ပွဲစဉ်တွင် ပြုလုပ်မည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင် မက်ဆီကိုယ်တိုင် ပါဝင်ကစားမည်ဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းတွင် ကျောနံပါတ်(၁၀)ကို ကာလရှည် ဝတ်ဆင်ကစားခဲ့ပြီး လက်ရှိတွင် နည်းပြစကာလိုနီက ကျောနံပါတ်(၁၀)ကို လွှဲပြောင်းပေးအပ်မည့် ကစားသမားကို ဆုံးဖြတ်ထားခြင်း မရှိသေးသော်လည်း ကွင်းလယ်ကစားသမား နီကိုပက်ဇ်က ဝတ်ဆင်ခွင့်ရရှိဖွယ်ရှိနေကြောင်း သတင်းများထွက်ပေါ်နေသည်။

စကာလိုနီက "မက်ဆီရဲ့ ဂုဏ်ပြုပွဲမတိုင်မီ ကျောနံပါတ်(၁၀)ကို ယာယီအနားပေးထားမှာပါ။ ဘယ်သူ့ကိုမှ ကျောနံပါတ်(၁၀)ပေးဦးမှာ မဟုတ်ပါဘူး။ မက်ဆီရဲ့ဂုဏ်ပြုပွဲပြီးမှ ကျောနံပါတ် (၁၀)ကို ဘယ်သူ့ကို ပေးမလဲဆိုတာ ကျွန်တော် ဆက်ပြီး ဆုံးဖြတ်သွားမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : 433**

**Trs : STA**

# စပိန်လာလီဂါပြိုင်ပွဲ၏ စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံးဆုများကို ဘာစီလိုနာအသင်းမှ နည်းပြဟန်ဆီဖလစ်နှင့် ရာဖင်ဟာတို့ဆွတ်ခူး

**မက်ဒရစ် စက်တင်ဘာ ၃၀**

စပိန်လာလီဂါပြိုင်ပွဲ၏ စက်တင်ဘာလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုနှင့် ကစားသမားဆုတို့ကို ဘာစီလိုနာအသင်းမှနည်းပြဟန်ဆီဖလစ်နှင့် တိုက်စစ်ကစားသမား ရာဖင်ဟာတို့က ဆွတ်ခူးခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။



နည်းပြ ဟန်ဆီဖလစ်သည် စက်တင်ဘာလအတွင်း အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သည့် စပိန်လာလီဂါပြိုင်ပွဲ ငါးပွဲတွင် ငါးပွဲလုံး အနိုင်ရရှိအောင် စွမ်းဆောင်ခဲ့ပြီးနောက် စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလားတူ ရာဖင်ဟာသည်လည်း ဘာစီလိုနာအသင်းနှင့်အတူ စက်တင်ဘာလအတွင်း ကစားခဲ့သည့်ပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြသခဲ့ပြီး ဗယ်လ်ကာနိုအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး၊ ဗလင်စီယာအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုး၊ လီဗန်တေးအသင်းနှင့် ပွဲစဉ်တွင် ဂိုးဖန်တီးမှုနှစ်ကြိမ်၊ ရေဆင်းအသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး၊ ဆီဗီလာအသင်းနှင့် ပွဲစဉ်တွင် သုံးဂိုးသွင်းယူခဲ့ပြီး ငါးပွဲတွင် သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ် လုပ်ဆောင်ခဲ့ပြီးနောက် စက်တင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီစပိန်လာလီဂါပြိုင်ပွဲ ခုနစ်ပွဲကစားပြီးချိန်တွင် ခုနစ်ပွဲလုံး ရာနှုန်းပြည့်နိုင်ပွဲ ရယူထားပြီး ရမှတ် ၂၁ မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်နေကာအဆင့်(၂) နေရာမှ အေတီကိုအသင်းကို ရမှတ် ငါးမှတ်ထိ ဖြတ်တောက် ထားကြောင်း သိရသည်။

**Ref : B/R Football**

**Trs : STA**

# တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့ ထိုးသတ်မည့်ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကျင်းပ




**လန်ဒန် စက်တင်ဘာ ၃၀**

ဗြိတိန်ထိပ်တန်း လက်ဝှေ့သမားများဖြစ်သည့် တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့ ထိုးသတ်မည့်ပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပခဲ့ကြောင်း Fight Mag သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့သည် ကာလရှည် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့၌ ထိုးသတ်ရန် သဘောတူညီမှုရရှိထားခြင်းဖြစ်သည်။

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့သည် ထိုးသတ်ရန် သဘောတူညီမှု ရရှိထားသော်လည်း ပြီးခဲ့သည့်ရက်ပိုင်းက တိုင်ဆန်ဖြူရီက ၎င်း၏ပွဲစီစဉ်သူအဖွဲ့တွင် UFC အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေနာဝှိုက်ကို ထည့်သွင်းခဲ့သည့်အတွက် အန်သိုနီဂျိုရှုအာဘက်က သဘောတူညီမှုကို ဖျက်သိမ်းရန် ကြိုးပမ်းနေသည်ဟု တိုင်ဆန်ဖြူရီကိုယ်တိုင် ပြောကြားခဲ့သော်လည်း ယခုအခါ ပြန်လည်သဘောတူညီမှုရရှိခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာ တို့ပွဲစဉ်ကို Netflix ရုပ်သံကုမ္ပဏီက တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး Netflix က တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့တွဲဆိုင်းအပြင် နောက်ထပ် ထိပ်တန်း တွဲဆိုင်းတစ်ဆိုင်းကိုပါ ထည့်သွင်းကျင်းပရန် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

Ref : Fight Mag

Trs : STA

# အမ်ဘတ်ပီ ဒူးဒဏ်ရာပြင်းထန်မှုမရှိသည့်အတွက် မကြာမီ အသင်းနှင့် ပြန်လည်ကစားနိုင်မည်ဟု ရီးရဲလ်မက်ဒရစ်အသင်း ထုတ်ပြန်

**မက်ဒရစ် စက်တင်ဘာ ၃၀**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ အဓိကတိုက်စစ်မှူး အမ်ဘတ်ပီ၏ ဒူးဒဏ်ရာပြင်းထန်မှုမရှိသည့်အတွက် မကြာမီ အသင်းအတွက် ပြန်လည်ကစားပေးနိုင်မည်ဟု ထုတ်ပြန်ခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်ဘတ်ပီသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကစားရန် ပြင်သစ်အသင်းနှင့်ပူးပေါင်းနေစဉ် ပြင်သစ်အသင်းနှင့် တူကီယဲအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာ ရရှိခဲ့ပြီးနောက် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ခြင်း ဖြစ်သည်။

အမ်ဘတ်ပီသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီးနောက် ဒူးဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်ဆေးစစ်မှုများလုပ်ဆောင်ခဲ့ရာ ဒဏ်ရာမှာ ပြင်းထန်ခြင်းမရှိခဲ့ဘဲ အနည်းငယ်ထိခိုက်ခဲ့ခြင်း ဖြစ်သည့်အတွက် ရက်သတ္တနှစ်ပတ်ခန့် အနားယူပြီး ဆေးကုသမှု လုပ်ဆောင်ပြီးလျှင် အသင်းအတွက် ပြန်လည်ကစားနိုင်မည်ဟု ရီးရဲလ်မက်ဒရစ်အသင်းဆေးအဖွဲ့က ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အမ်ဘတ်ပီသည် ရက်သတ္တနှစ်ပတ်ခန့် အနားယူရမည်ဖြစ်သည့်အတွက် အသင်းနှင့်အတူ အောက်တိုဘာ ၂၂ရက်တွင် ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်ဖြစ်သည့် လိုက်ပ်ဇစ်အသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်ကစားပေးနိုင်ဖွယ် ရှိနေကြောင်း သိရသည်။

Ref : 365 Scores

Trs : STA



# မန်စီးတီးအသင်းကို အောက်တိုဘာ ၂ ရက်တွင် နောက်ဆုံးထားပြီး အယူခံဝင်ရောက်ရန် ပရီးမီးယားလိဂ်အဖွဲ့ချုပ်ထုတ်ပြန်

**လန်ဒန် စက်တင်ဘာ ၃၀**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က မန်စီးတီးအသင်းကို ဘဏ္ဍာရေး စည်းမျဉ်း ချိုးဖောက်မှုများအတွက် အောက်တိုဘာ ၂ ရက်တွင် နောက်ဆုံးထားပြီး အယူခံဝင်ရောက်ရန် စက်တင်ဘာ ၂၉ ရက်က ထုတ်ပြန်ခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် ၂၀၀၉-၂၀၁၀ ဘောလုံးရာသီမှ စတင်ပြီး ၂၀၁၇-၂၀၁၈ ဘောလုံးရာသီထိ ဘဏ္ဍာရေး စည်းမျဉ်းချိုးဖောက်သည့် အချက် ၁၁၅ ချက်ကျူးလွန်ခဲ့သည်ဟု ပရီးမီးယားလိဂ်အဖွဲ့ချုပ်က စွဲချက်တင်ခဲ့ကာ လွတ်လပ်သည့်စုံစမ်းစစ်ဆေးရေး ကော်မရှင် (Independent Commision)ထံ တိုင်ကြားခဲ့ပြီးနောက် လွတ်လပ်သည့်စုံစမ်း စစ်ဆေးရေးကော်မရှင်က လေးနှစ်ကြာ စစ်ဆေးမှုများ လုပ်ဆောင်အပြီး စွဲချက်တင်ခဲ့သည့် ၁၁၅ ချက်တွင် ၁၁၄ ချက်ပြစ်မှုရှိကြောင်း ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ပရီးမီးယားလိဂ်အဖွဲ့ချုပ်ကလည်း မန်စီးတီးအသင်း၏ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်သည့် အချက် ၁၁၄ ချက်ကို စာမျက်နှာ ၄၀ ပါ ထုတ်ပြန်ချက်ဖြင့် တရားဝင်ထုတ်ပြန်ခဲ့ပြီးနောက် အောက်တိုဘာ ၂ ရက် နောက်ဆုံးထားပြီး အယူခံဝင်ရောက်ရန် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မန်စီးတီးအသင်း၏ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ချမှတ်ခြင်း မရှိသေးဘဲ မန်စီးတီးအသင်း၏ အယူခံဝင်ရောက်မှုကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ပြီး ပရီးမီးယားလိဂ်အဖွဲ့ချုပ်က လွတ်လပ်သည့်စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ပြစ်ဒဏ်ချမှတ်မည့် ဆုံးဖြတ်ချက်များကို ဆက်လက်စောင့်ဆိုင်းသွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

# တီမောလက်စ်တေအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ သရေရလဒ်ကြောင့် မြန်မာအသင်း FIFA-ASEAN Cup ဘောလုံးပြိုင်ပွဲတွင် အုပ်စုအဆင့်မှထွက်ခဲ့ရ

**ရန်ကုန် စက်တင်ဘာ ၃၀**

ဟောင်ကောင်တွင် ကျင်းပနေသည့် FIFA-ASEAN Cup ဘောလုံးပြိုင်ပွဲ ယနေ့ကစားခဲ့သည့် တီမောလက်စ်တေအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့မှုကြောင့် မြန်မာအသင်းသည် ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် Division-2 အဆင့်ပြိုင်ပွဲ ဝင်ရောက်ကစားခဲ့ရပြီး တီမောလက်စ်တေအသင်း၊ ကမ္ဘောဒီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကစားခဲ့ရာ အုပ်စုပွဲစဉ်များတွင် တီမောလက်စ်တေအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ကမ္ဘောဒီးယား အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ပြီး အုပ်စုဒုတိယနေရာတွင်သာ ရပ်တည်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲကို Division-1 နှင့် Division-2 အဆင့်အဖြစ် ပြိုင်ပွဲ နှစ်ရပ်ခွဲခြားကျင်းပခဲ့ပြီး မြန်မာအသင်း ပါဝင်ကစားခဲ့သည့် Division-2အဆင့် ပြိုင်ပွဲ အုပ်စု(B)တွင် ကမ္ဘောဒီးယားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ်လေးမှတ်ဖြင့် ဗိုလ်လုပွဲ အဆင့်တက်ရောက်ခဲ့ခြင်းဖြစ်သည်။

Division-2 အဆင့်ပြိုင်ပွဲတွင် သုံးသင်းပါ နှစ်အုပ်စုဖြင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီး အုပ်စုပထမနေရာတွင် ရပ်တည်သည့် အသင်းနှစ်သင်းသာ ဗိုလ်လုပွဲ ဆက်လက်ကစားရခြင်း ဖြစ်သည့်အတွက် အုပ်စု(A)မှ ဟောင်ကောင်အသင်းနှင့် အုပ်စု(B)မှ ကမ္ဘောဒီးယားအသင်းတို့က ဗိုလ်လုပွဲစဉ် ဆက်လက်ကစားရမည်ဖြစ်ပြီး အနိုင်ရရှိမည့်အသင်းသည် လာမည့်နှစ်တွင် Division-1 ပြိုင်ပွဲသို့ တက်ရောက်ကစားခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ




**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပမည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ရှောဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ကစားခဲ့ရာ ရှောဝတီယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရှောဝတီယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၃၈ မိနစ်တွင် ထက်အောင်လွင်က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ချင်းလန်းအက်ဖ်စီ အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်၊ ၄၅ မိနစ်၊ ၆၉ မိနစ်တို့တွင် ဖွဲ့ခန့်အောင်၊ ပွဲချိန် ၅၄ မိနစ်တွင် လမင်းပြည့်စုံ၊ ပွဲချိန် မိနစ် ၇၀ တွင် ခွန်ချိုထူးတို့က သွင်းယူခဲ့ပြီး ချင်းလန်းအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၂၀ တွင် Van Dwat Lian Thang က သွင်းယူခဲ့သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇) ပွဲစဉ်အဖြစ် အောက်တိုဘာ ၁ ရက်တွင် ဂလက်ဆီအက်ဖ်စီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# အရေပြားက ပြောနေတဲ့ ခန္ဓာကိုယ်ရဲ့ သတိပေးစကား

မန္တလာဆရာမျိုး

အရေပြားကို လူအများက အလှအပနဲ့ပဲ ဆက်စပ်စဉ်းစားလေ့ရှိပါတယ်။ မျက်နှာမှာ ဝက်ခြံပေါက်လာရင် အလှကုန်ပြောင်းမယ်၊ အသားခြောက်လာရင် moisturizer လိမ်းမယ်၊ အရေပြားမည်းလာရင် ဖြူစေမဲ့ ပစ္စည်းသုံးမယ်၊ ယားလာရင် အယားပျောက်ဆေးလိမ်းမယ်ဆိုတာမျိုး ဖြစ်ပါတယ်။ ဒါပေမဲ့ အရေပြားဟာ ခန္ဓာကိုယ်ကို အပြင်ဘက်က ဖုံးအုပ်ကာကွယ်ထားတဲ့ အလွှာတစ်ခုတည်း မဟုတ်ပါဘူး။ အရေပြားမှာ ပေါ်လာတဲ့ အပြောင်းအလဲတချို့ဟာ ခန္ဓာကိုယ်အတွင်းမှာ ဖြစ်ပေါ်နေတဲ့ ကျန်းမာရေးပြဿနာတချို့ရဲ့ သတိပေးချက်ဖြစ်နိုင်ပါတယ်။ တစ်ခါတစ်ရံ ခန္ဓာကိုယ်အတွင်းက အပြောင်းအလဲကို ကိုယ်တိုင်မခံစားရသေးခင် အရေပြားက အရင်ပြောပြနေတတ်ပါတယ်။

အရင်ဆုံး အလွယ်တကူသတိထားမိနိုင်တဲ့ အသားဝါလာခြင်းကို ကြည့်ပါ။ အရေပြားနဲ့ မျက်လုံးအဖြူသားတွေ အဝါရောင်ပြောင်းလာတာကို Jaundice – အသားဝါခြင်းလို့ ခေါ်ပါတယ်။ သွေးထဲမှာ Bilirubin များလာတဲ့အခါဖြစ်နိုင်ပြီး အသည်း၊ သည်းခြေလမ်းကြောင်း၊ သွေးနီဥပျက်စီးမှုနဲ့ ဆက်စပ်တဲ့ အကြောင်းရင်းအမျိုးမျိုး ရှိနိုင်ပါတယ်။ အသည်းရောင်ခြင်း၊ အသည်းလုပ်ဆောင်ချက် ထိခိုက်ခြင်း၊ သည်းခြေကျောက်ကြောင့် သည်းခြေလမ်းကြောင်းပိတ်ခြင်းနဲ့ အခြားအခြေအနေတွေမှာ အသားဝါနိုင်ပါတယ်။ အသားဝါလာတာနဲ့အတူ ဆီးအရောင်ရင့်လာခြင်း၊ ဝမ်းအရောင်ဖျော့လာခြင်း၊ ဗိုက်နာခြင်း၊ အဖျားရှိခြင်း၊ အစာမစားချင်ခြင်း၊ ဝိတ်ကျလာခြင်းတို့ရှိရင် အကြောင်းရင်းကို စစ်ဆေးသင့်ပါတယ်။ အထူးသဖြင့် မျက်လုံးအဖြူသားပါ ဝါလာတာကို "အစားအသောက်ကြောင့်ပါ"ဆိုပြီး မထားသင့်ပါဘူး။

နောက်တစ်ခုက အရေပြားဖြူဖျော့လာခြင်း ဖြစ်ပါတယ်။ မျက်နှာ၊ နှုတ်ခမ်း၊ လက်ဖဝါးနဲ့ မျက်ခွံအတွင်းပိုင်းတွေ ပုံမှန်ထက်ဖြူဖျော့လာတယ်၊ ပင်ပန်းလွယ်တယ်၊ မူးဝေတယ်၊ လှေကားတက်ရင် မောတယ်၊ ရင်တုန်တယ်ဆိုရင် သွေးအားနည်းခြင်း Anemiaကို စဉ်းစားရနိုင်ပါတယ်။ သွေးအားနည်းခြင်းဟာ သံဓာတ်ချို့တဲ့မှုကြောင့် ဖြစ်နိုင်သလို သွေးယိုဆုံးရှုံးမှု၊ အာဟာရချို့တဲ့မှု၊ နာတာရှည်ရောဂါတွေနဲ့ အခြားအကြောင်းရင်းတွေကြောင့်လည်းဖြစ်နိုင်ပါတယ်။ အထူးသဖြင့် ရာသီသွေးများတဲ့ အမျိုးသမီးတွေ၊ အစာအိမ်အူလမ်းကြောင်းကနေ သွေးယိုနိုင်သူတွေမှာ အကြောင်းရင်းကို ရှာဖွေဖို့ အရေးကြီးပါတယ်။ ဒါပေမဲ့ အရေပြားအရောင်တစ်ခုတည်းကြည့်ပြီး သွေးအားနည်းတယ်လို့ အတည်ပြုလို့ မရပါဘူး။ လိုအပ်ရင် သွေးစစ်ဆေးမှုနဲ့ အတည်ပြုရပါတယ်။

နောက်ထပ်ကြုံရတတ်တာက အကြောင်းမရှိဘဲ အရေပြားယားယံခြင်း ဖြစ်ပါတယ်။ ယားတယ်ဆိုရင် အရေပြား ဓာတ်မတည့်တာ၊ ပိုးကိုက်တာ၊ အရေပြားခြောက်တာကို အရင်စဉ်းစားတတ်ကြပါတယ်။ ဒါတွေဟာ အဖြစ်များတဲ့ အကြောင်းရင်းတွေပါ။ ဒါပေမဲ့ အဖုအပိမ့်သိပ်မရှိဘဲ တစ်ကိုယ်လုံး အချိန်ကြာကြာယားနေတယ်ဆိုရင် တစ်ခါတစ်ရံ အရေပြားတစ်ခုတည်းနဲ့ မဆိုင်နိုင်ပါဘူး။ အသည်းနဲ့ သည်းခြေလမ်းကြောင်းရောဂါတချို့၊ ကျောက်ကပ်ရောဂါတချို့၊ သိုင်းရွိုက်ပြဿနာနဲ့ အခြားကိုယ်တွင်း အခြေအနေတွေမှာ ယားယံမှုဖြစ်နိုင်ပါတယ်။ ဒါကြောင့် အကြောင်းမရှိဘဲ တစ်ကိုယ်လုံးယားတာ ကြာရှည်နေပြီး အသားဝါခြင်း၊ ဝိတ်ကျခြင်း၊ အလွန်ပင်ပန်းခြင်း စတဲ့တခြားလက္ခဏာတွေ ပါလာရင် စစ်ဆေးသင့်ပါတယ်။

အရေပြားခြောက်လွန်းခြင်းကလဲ သတိထားသင့်တဲ့ အပြောင်းအလဲတစ်ခုဖြစ်ပါတယ်။ ရာသီဥတုခြောက်သွေ့တာ၊ ရေနွေးပူပူနဲ့ မကြာခဏ ရေချိုးတာ၊ ဆပ်ပြာပြင်းပြင်းသုံးတာကြောင့် အရေပြားခြောက်နိုင်ပါတယ်။ ဒါပေမဲ့ အရေပြားခြောက်ခြင်းနဲ့အတူ အအေးဒဏ် ပိုခံစားရတယ်၊ ဝိတ်တက်လာတယ်၊ ဝမ်းချုပ်တယ်၊ အားနည်းတယ်၊ နှလုံးခုန်နှေးလာတယ်ဆိုရင် သိုင်းရွိုက်ဟော်မုန်းနည်းခြင်းလဲ ဖြစ်လာနိုင်တယ်။



နောက်တစ်ခုက လူအများက အလှအပပြဿနာလို့ပဲ ထင်တတ်တဲ့ လည်ပင်း၊ ချိုင်းကြားနဲ့ ကိုယ်ခန္ဓာအခေါက်နေရာတွေ မည်းလာခြင်းဖြစ်ပါတယ်။ အထူးသဖြင့် လည်ပင်းနောက်ဘက်မှာ အရေပြားက မည်းရုံသာမက ထူထူကြမ်းကြမ်းဖြစ်လာတာကို Acanthosis Nigricans လို့ ခေါ်ပါတယ်။ ဒါဟာ အညစ်အကြေးကြောင့် ဖြစ်တာမဟုတ်ပါဘူး။ အထူးသဖြင့် ကိုယ်အလေးချိန်များသူတွေမှာ အင်ဆူလင်ကို ခန္ဓာကိုယ်က ကောင်းစွာတုံ့ပြန်နိုင်မှု လျော့နည်းခြင်းနဲ့ ဆက်စပ်နိုင်ပါတယ်။ ဆီးချိုမဖြစ်မီအဆင့်နဲ့ အမျိုးအစား(၂)ဆီးချိုဖြစ်နိုင်ခြေနဲ့လဲ ဆက်စပ်နိုင်ပါတယ်။ ဒါကြောင့် လည်ပင်းမည်းလာတာကို ဆပ်ပြာနဲ့ အတင်းပွတ်တိုက်နေမဲ့အစား ကိုယ်အလေးချိန်၊ အစားအသောက်၊ လှုပ်ရှားမှုနဲ့ သွေးချိုအခြေအနေကိုပြန်စစ်ဖို့ ပိုအရေးကြီးပါတယ်။

နောက်တစ်ခုက ဒဏ်ရာကျက်တာနှေးခြင်း ဖြစ်ပါတယ်။ အနာသေးသေးလေးတစ်ခုဖြစ်ပြီး အချိန်ကြာကြာ မကျက်ဘူး၊ ပြန်ပြန်ပိုးဝင်တယ်၊ အနာပိုကြီးလာတယ်ဆိုရင် သတိထားဖို့လိုပါတယ်။ ဆီးချိုရောဂါမှာ သွေးချိုထိန်းချုပ်မှု မကောင်းတဲ့အခါ အနာကျက်နှုန်းနှေးနိုင်ပြီး ပိုးဝင်နိုင်ခြေလဲ ပိုများနိုင်ပါတယ်။ အထူးသဖြင့် ခြေဖဝါးမှာဖြစ်တဲ့အနာကို ဆီးချိုရှိသူတွေ ပိုဂရုစိုက်သင့်ပါတယ်။ ဆီးချိုကြောင့် အာရုံကြောထိခိုက်လာရင် ခြေထောက်မှာ နာကျင်မှုခံစားနိုင်စွမ်းလျော့ပြီး အနာဖြစ်နေတာကို မသိနိုင်ပါဘူး။ သွေးလည်ပတ်မှုမကောင်းရင်လဲ အနာကျက်ဖို့ ပိုခက်နိုင်ပါတယ်။ ဒါကြောင့် ဆီးချိုရှိသူတွေအတွက် နေ့စဉ်ခြေထောက်နဲ့ခြေဖဝါးကို စစ်ကြည့်ခြင်းဟာ အရေးကြီးပါတယ်။

နောက်တစ်ခုက အလွယ်တကူ အညိုအမည်းစွဲခြင်းဖြစ်ပါတယ်။ တစ်နေရာကို ထိခိုက်မိပြီး အညိုအမည်းစွဲတာက ပုံမှန်ပါ။ ဒါပေမဲ့ ဘယ်မှာ တိုက်မိမှန်းမသိဘဲ အညိုအမည်းတွေ မကြာခဏ ပေါ်လာတယ်။ အနည်းငယ်ထိရုံနဲ့ အမည်းကြီးစွဲတယ်ဆိုရင် သတိထားသင့်ပါတယ်။ ဆေးဝါးတချို့၊ သွေးခဲစနစ်ဆိုင်ရာပြဿနာ၊ Platelet နည်းခြင်းနဲ့ အခြားအကြောင်းရင်းတွေ ရှိနိုင်ပါတယ်။ အထူးသဖြင့် အညိုအမည်းစွဲခြင်းနဲ့အတူ နှာခေါင်းသွေးထွက်ခြင်း၊ သွားဖုံးသွေးထွက်ခြင်း၊ အရေပြားပေါ် အနီစက်သေးသေးများပေါ်လာခြင်း၊ အားနည်းပင်ပန်းခြင်းတို့ရှိလာရင် စစ်ဆေးသင့်ပါတယ်။

နောက်ထပ် သတိထားသင့်တာက ခြေထောက်အရေပြားနဲ့ ဖောခြင်းဖြစ်ပါတယ်။ ခြေထောက်နှစ်ဖက်လုံး ဖောလာပြီး အရေပြားတင်းတင်းဖြစ်လာတာဟာ အချိန်ကြာကြာမတ်တတ်ရပ်ခြင်း၊ သွေးပြန်ကြောဆိုင်ရာပြဿနာတွေကြောင့် ဖြစ်နိုင်သလို နှလုံး၊ ကျောက်ကပ်၊ အသည်းနဲ့ အခြားအခြေအနေတွေနဲ့လဲ ဆက်စပ်နိုင်ပါတယ်။ ဒါပေမဲ့ ခြေထောက်တစ်ဖက်တည်း ရုတ်တရက် ဖော၊ နာ၊ နွေးပြီး နီလာတာဆိုရင် ပိုသတိထားရပါတယ်။ ခြေထောက်အတွင်းပိုင်း သွေးပြန်ကြောမှာ သွေးခဲခြင်းကို စဉ်းစားရနိုင်ပါတယ်။ ဒီလို အခြေအနေမှာ ရုတ်တရက်အသက်ရှူမဝခြင်း၊ ရင်ဘတ်နာခြင်းတို့ပါလာရင် အရေးပေါ်အခြေအနေ ဖြစ်နိုင်ပါတယ်။

အရေပြားနီပြီး ပူနွေးလာခြင်းကိုလဲ သတိထားသင့်ပါတယ်။ အထူးသဖြင့် နီနေတဲ့ဧရိယာက တဖြည်းဖြည်း ကျယ်လာတယ်၊ ပူတယ်၊ နာတယ်၊ အဖျားပါရှိတယ်ဆိုရင် အရေပြားနဲ့ အောက်ခံတစ်ရှူး ပိုးဝင်မှုဖြစ်နိုင်ပါတယ်။ ဆီးချိုရှိသူ၊ ကိုယ်ခံအားနည်းသူတွေအတွက် ပိုဂရုစိုက်သင့်ပါတယ်။

နောက်တစ်ခုက မှဲ့တွေ ဖြစ်ပါတယ်။ လူအများမှာ မှဲ့တွေရှိကြပါတယ်။ မှဲ့ရှိတိုင်း အန္တရာယ်မရှိပါဘူး။ ဒါပေမဲ့ မိမိမှာရှိပြီးသား မှဲ့တစ်လုံးက ရုတ်တရက် ပြောင်းလာရင် သတိထားသင့်ပါတယ်။ အထူးသဖြင့် မှဲ့ရဲ့ ဘယ်ညာနှစ်ဖက် ပုံသဏ္ဍာန်မညီတော့ခြင်း၊ အနားသတ်မညီခြင်း၊ အရောင်အမျိုးမျိုးရောလာခြင်း၊ အရွယ်အစားကြီးလာခြင်းနဲ့ အချိန်နဲ့အမျှ ပုံသဏ္ဍာန် အရောင် သို့မဟုတ် လက္ခဏာပြောင်းလဲလာခြင်း တို့ကို သတိထားသင့်ပါတယ်။

အလွယ်မှတ်မယ်ဆိုရင် ABCDE ကို မှတ်ထားနိုင်ပါတယ်။

- A – Asymmetry – ဘယ်ညာပုံစံမညီခြင်း
- B – Border – အနားသတ်မညီခြင်း
- C – Color – အရောင်မညီခြင်း
- D – Diameter – အရွယ်အစားကို သတိထားခြင်း
- E – Evolving – အချိန်နဲ့အမျှ ပြောင်းလဲလာခြင်း

ဒါပေမဲ့ မှဲ့တစ်လုံးကို ABCDE တစ်ခုတည်းနဲ့ ကင်ဆာရှိ မရှိ ကိုယ်တိုင်ဆုံးဖြတ်လို့ မရပါဘူး။ အနာတစ်ခုလိုဖြစ်ပြီး အချိန်ကြာကြာမကျက်တာ၊ သွေးထွက်တာ၊ အရေပြားအဖုတစ်ခု တဖြည်းဖြည်းကြီးလာတာတွေကိုလဲ အရေပြားဆရာဝန်နဲ့ စစ်ဆေးသင့်ပါတယ်။

နောက်တစ်ခုက အရေပြားမှာ အနီစက်တွေ ရုတ်တရက်များလာခြင်းဖြစ်ပါတယ်။ အချို့အနီစက်တွေဟာ သာမန်အရေပြားပြဿနာဖြစ်နိုင်ပေမဲ့ ဖိလိုက်လို့အရောင်မပျောက်တဲ့ အနီစက် ခရမ်းစက်တွေ၊ အဖျားနဲ့ တွဲလာတဲ့အဖုတွေကို ပိုသတိထားသင့်ပါတယ်။ အထူးသဖြင့် လူနာအလွန် မအီမသာဖြစ်နေခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ အသက်ရှူမဝခြင်း တို့ပါလာရင် အရေးပေါ်အကဲဖြတ်ဖို့ လိုအပ်ပါတယ်။

အရေပြားပေါ်မှာ အဖုအပိမ့်ထွက်တာနဲ့အတူ နှုတ်ခမ်း၊ လျှာ၊ လည်ချောင်းဖောင်းလာခြင်းကတော့ အရေးပေါ် သတိထားရမဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။ အစားအစာ၊ ဆေးဝါး သို့မဟုတ် အခြားအရာတစ်ခုကို ပြင်းထန်စွာဓာတ်မတည့်မှု ဖြစ်နိုင်ပါတယ်။ အသက်ရှူရခက်ခြင်း၊ မူးဝေခြင်း၊ သတိလစ်ခြင်းတို့ဖြစ်လာနိုင်တဲ့အတွက် အရေးပေါ်ကုသမှု လိုအပ်ပါတယ်။

နောက်ထပ် လူအများ သတိမထားမိတတ်တာက အရေပြားနဲ့ ကိုယ်အပူချိန်ဖြစ်ပါတယ်။ အရေပြား အလွန်ခြောက်လာခြင်း၊ အအေးမခံနိုင်ခြင်းတို့က သိုင်းရွိုက်ဟော်မုန်းနည်းမှုနဲ့ ဆက်စပ်နိုင်သလို အရေပြားပူနွေးစိုစွတ်ခြင်း၊ ချွေးထွက်များခြင်း၊ ပူတာမခံနိုင်ခြင်း၊ နှလုံးခုန်မြန်ခြင်းတို့က သိုင်းရွိုက်ဟော်မုန်းများမှုမှာ တွေ့နိုင်ပါတယ်။ ဒါကြောင့် အရေပြားအပြောင်းအလဲကို အရေပြားတစ်ခုတည်းနဲ့ပဲ မကြည့်သင့်ပါ။ ခန္ဓာကိုယ်တစ်ခုလုံးရဲ့ အခြေအနေကို တွဲကြည့်ဖို့လိုပါတယ်။

လူတော်တော်များများလုပ်တတ်တဲ့ အမှားတစ်ခုက အရေပြားပြဿနာပေါ်လာတာနဲ့ အကြောင်းရင်းမသိဘဲ ဆေးလိမ်းခြင်းဖြစ်ပါတယ်။ အထူးသဖြင့် Steroid ပါဝင်တဲ့ လိမ်းဆေးတွေကို ကိုယ့်ဘာသာ အချိန်ကြာကြာအသုံးပြုတာ မသင့်ပါဘူး။ အချို့ပိုးဝင်အရေပြားရောဂါတွေကို ပိုဆိုးစေနိုင်သလို အရေပြားပါးလာခြင်းနဲ့ အခြားဘေးထွက်ဆိုးကျိုးတွေလဲ ဖြစ်နိုင်ပါတယ်။

ကိုယ့်အရေပြားရဲ့ ပုံမှန်အခြေအနေကို ကိုယ်သိထားသင့်ပါတယ်။ အရောင်က အရင်နဲ့မတူတော့ဘူးလား။ မျက်လုံးအဖြူသားဝါလာသလား။ အကြောင်းမရှိဘဲ တစ်ကိုယ်လုံး ယားနေသလား။ လည်ပင်းနောက်ဘက် အရေပြားထူပြီး မည်းလာသလား။ အနာတစ်ခု အချိန်ကြာကြာမကျက်ဘူးလား။ အညိုအမည်းတွေ အကြောင်းမရှိဘဲ မကြာခဏပေါ်လာသလား။ ရှိပြီးသားမှဲ့တစ်လုံး ပြောင်းလဲ

စာမျက်နှာ ၁၁ သို့

# ချွန်း ရုပ်သံဇာတ်လမ်းတွဲကို Channel 7 ရုပ်သံလိုင်း၊ Pyone Play နှင့် TooTo TV တို့မှ ထုတ်လွှင့်သွားမည်




**ရန်ကုန် စက်တင်ဘာ ၃၀**

မင်းသားကြီး Entertainment က ရိုက်ကူးထုတ်လုပ်သည့် ချွန်း ရုပ်သံဇာတ်လမ်းတွဲကို Channel 7 ရုပ်သံလိုင်း၊ Pyone Play နှင့် TooTo TV တို့မှ အောက်တိုဘာ ၂ ရက်မှစတင်ကာ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာ တင်အောင်ကျော်က ပြောပြ၍ သိရသည်။

အဆိုပါ ချွန်း ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ရန်နိုင်ထွန်းက ရေးသားထားပြီး တွဲဖက်ဒါရိုက်တာ နေခန့်ကျော်နှင့် ဒါရိုက်တာ တင်အောင်ကျော်တို့က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"မကြာခင် ပရိသတ်ရင်ထဲ ရောက်ရှိလာတော့မဲ့ ချွန်းဇာတ်လမ်းတွဲမှာ မိသားစုတစ်စုရဲ့အခက်အခဲပေါင်း များစွာကြားထဲက မောင်နှမတွေကြား သံယောဇဉ်၊ အစ်ကိုတစ်ယောက်ရဲ့ ကာကွယ်စောင့်ရှောက်မှုနဲ့ ညီတွေ၊ ညီမတွေအပေါ်ထားရှိတဲ့ အေးမြတဲ့မေတ္တာအကြောင်းကို လေးနက်စွာပုံဖော်ထားပါတယ်"ဟု ဒါရိုက်တာ တင်အောင်ကျော်က ပြောပြသည်။

ချွန်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဝေဠုကျော်၊ ခိုင်မြ၊ မင်းသားကြီး၊ မိုးပြည့်ပြည့်မောင်၊ ဘေဘီမောင်၊ ချောကလျာ၊ ရေကြည်ချမ်းမြ၊ ဧကရီမွန်နှင့် အနုပညာရှင်များစွာ ပါဝင်ထားပြီး အောက်တိုဘာ ၂ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ညနေ ၆ နာရီတွင် Channel 7 ရုပ်သံလိုင်း၊ Pyone Play နှင့် TooTo TV တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# White Knight ဟာသဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်လီဝန် ရိုက်ကူးမည်

**နယူးယောက် စက်တင်ဘာ ၃၀**

Screen Gems ရုပ်ရှင်ကုမ္ပဏီ၏ White Knight အမည်ရှိဟာသဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်လီဝန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် White Knight ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို Screen Gems ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

White Knight ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ္စတိုဖာဝီလီယံယန်းက တာဝန်ယူရေးသားပေးထားသည်။

ဒါရိုက်တာ မိုက်ကယ်လီဝန်သည် Tiny Fugitives အမည်ရှိ ဟာသဇာတ်ကားကို ရိုက်ကူးပေးထားသူဖြစ်ကြောင်း သိရသည်။

Tiny Fugitives ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ မိုက်ကယ်လီဝန်ကပင် ရေးသားပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် White Knight ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Screen Gems ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# တေးသံရှင် ဆုန်သင်းပါရ်၏ NOSTALGIA Night တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို လှိုင်သာယာမြို့နယ်ရှိ District 95 Bar ၌ ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၃၀**

တေးသံရှင် ဆုန်သင်းပါရ်၏ NOSTALGIA Night တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ District 95 Bar ၌ အောက်တိုဘာ ၂ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် ဆုန်သင်းပါရ်ထံမှ သိရသည်။

တေးသံရှင် ဆုန်သင်းပါရ်၏ NOSTALGIA Night တစ်ကိုယ်တော်တေးဂီတ ဖျော်ဖြေပွဲတွင် တေးသံရှင် ဆုန်သင်းပါရ်၏ သီဆိုဖျော်ဖြေမှုများကို Mercury IX Music Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုး တီးခတ်ပေးသွားမည်ဖြစ်ပြီး District 95 Bar မှ ပင်တိုင်အဆိုရှင်များကလည်း အားဖြည့်သီဆို ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"လာမဲ့ အောက်တိုဘာ ၂ ရက် သောကြာနေ့မှာ လှိုင်သာယာက District 95 Bar မှာ Mercury IX Music Band နဲ့အတူ NOSTALGIA Night ဆိုတဲ့ တစ်ကိုယ်တော် ဖျော်ဖြေပွဲလေးစီစဉ်ထားပါတယ်။ NOSTALGIA Night ဆိုတဲ့ နာမည်လေးလိုပဲ အတိတ်ကာလကို လွမ်းဆွတ်တမ်းတရမဲ့ ရင်ခုန်ဖွယ်ဂီတညကို ကြွခဲ့ကြပါလို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဆုန်သင်းပါရ်က ပြောပြသည်။

တေးသံရှင် ဆုန်သင်းပါရ်၏ NOSTALGIA Night တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို District 95 Bar ၌ အောက်တိုဘာ ၂ ရက် ညနေ ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Scapegoat ဇာတ်ကား၌ သရုပ်ဆောင်သုံးဦး ထပ်မံပါဝင်လာ

**နယူးယောက် စက်တင်ဘာ ၃၀**

A24 ရုပ်ရှင်ကုမ္ပဏီ၏ Scapegoat လျှို့ဝှက်သည်းဖိုသိပ္ပံဇာတ်ကားသစ်တွင် မင်းသား ကာလက်လန်ဒရီဂျုံးနှင့်ဆမ်ဘာရှု၊ မင်းသမီး အယ်လာပန်နယ်တို့ ထပ်မံပါဝင်လာကြောင်း စက်တင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

အဆိုပါသရုပ်ဆောင်သုံးဦးတို့သည် Scapegoat ဇာတ်ကား၌ မင်းသမီး စကားလက်ဂျိုဟန်ဆင်၊ မင်းသား ဂျာကော့အယ်လော်ဒီ၊ ဂျပ်လောတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Scapegoat ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို A 24 ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

Scapegoat ဇာတ်ကားကို ဒါရိုက်တာ အာရီအက်စတားက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားသည်။

ဒါရိုက်တာ အာရီအက်စတားသည် Hereditary(2018)၊ Midsommar(2019) စသည့်လျှို့ဝှက်သည်းဖိုဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

လက်ရှိအချိန်တွင် Scapegoat ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



á စာမျက်နှာ ၁၀ မှအဆက်

လာသလား။ ဒီလိုအပြောင်းအလဲတွေကို သတိထားဖို့လိုပါတယ်။

အရေးကြီးဆုံးက "အရင်ကနဲ့မတူတော့ခြင်း" ဖြစ်ပါတယ်။ တစ်သက်လုံးရှိလာတဲ့ မှဲ့လေးတစ်လုံးက အတူတူပဲဆိုရင် တစ်မျိုးဖြစ်ပေမဲ့ အခုမှ အရောင်၊ အရွယ်အစားနဲ့ ပုံသဏ္ဍာန်ပြောင်းလာတာက တစ်မျိုးဖြစ်ပါတယ်။ ရာသီဥတုခြောက်လို့ အသားခြောက်တာနဲ့ အကြောင်းမရှိဘဲ တစ်ကိုယ်လုံးယား နေတာမတူပါဘူး။ ထိခိုက်မိလို့ အညိုအမည်းစွဲတာနဲ့ ဘယ်မှာတိုက်မိမှန်းမသိဘဲ နေရာအနှံ့ အမည်းစွဲနေတာမတူပါဘူး။ အဲဒီကွာခြားချက်တွေကို သတိထားဖို့ လိုပါတယ်။

အရေပြားဟာ အလှအပကိုသာ ဖော်ပြနေတဲ့ အပြင်အလွှာတစ်ခု မဟုတ်ပါ။ တစ်ခါတစ်ရံ ခန္ဓာကိုယ်အတွင်းက အပြောင်းအလဲတွေကို အပြင်ဘက်မှာ ပထမဆုံးပြသပေးနေတဲ့ "ပြတင်းပေါက်"တစ်ခုပဲ ဖြစ်ပါတယ်။

အသားဝါလာတာက အသည်းနဲ့ သည်းခြေလမ်းကြောင်းကို စစ်ဆေးဖို့ သတိပေးနေနိုင်ပါတယ်။ ဖြူဖျော့လာတာက သွေးအားနည်းမှုကိုစဉ်းစားဖို့ သတိပေးနေနိုင်ပါတယ်။ လည်ပင်းထူမည်းလာတာက Insulin Resistanceနဲ့ ဆီးချိုဖြစ်နိုင်ခြေကို ပြောပြနေပါတယ်။ အနာမကျက်တာက သွေးချိုနဲ့ သွေးလည်ပတ်မှုကို ပြန်ကြည့်ဖို့ သတိပေးနေနိုင်ပါတယ်။ အကြောင်းမရှိဘဲ အညိုအမည်းတွေများလာတာက သွေးခဲစနစ်ကို စစ်ဆေးဖို့လိုအပ်ပါတယ်။ မှဲ့တစ်လုံးပြောင်းလဲလာ တာကတော့ မျက်စိရှေ့မှာပဲ ပေါ်နေတဲ့အရေးကြီးသတိပေးချက် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အရေပြားပြောင်းလာတိုင်း ကြောက်စရာမလိုပါဘူး။ ဒါပေမဲ့ အရေပြားက ပြောနေတဲ့စကားတိုင်းကိုလဲ အလှကုန်တစ်ဘူးနဲ့ ဖုံးကွယ်ဖို့မကြိုးစားသင့်ပါဘူး။ တစ်ခါတစ်ရံ လိုအပ်တာက ပိုကောင်းတဲ့အလှကုန်မဟုတ်ပါဘူး။ ပိုပြင်းတဲ့ ဆေးတစ်မျိုးလဲ မဟုတ်ပါဘူး။ အရေပြားမှာ ပေါ်လာတဲ့အပြောင်းအလဲရဲ့နောက်ကွယ်မှာ ဘာရှိနေသလဲဆိုတာကို ရှာဖွေခြင်းပဲဖြစ်ပါတယ်။

ခန္ဓာကိုယ်က စကားမပြောတတ်ပေမဲ့ တစ်ခါတစ်ရံ အရေပြားရဲ့ အရောင်၊ အနာ၊ အဖု၊ ယားယံမှုနဲ့ မှဲ့တစ်လုံးရဲ့ပြောင်းလဲမှုကနေ "အတွင်းမှာ တစ်ခုခုကို သတိထားပါ"ဆိုတဲ့ ခန္ဓာကိုယ်ရဲ့ သတိပေးစကားကို အပြင်ဘက်ကနေ မြင်အောင်ပြောပြနေနိုင်ပါတယ်။

# Accomplices of fugitive Thin Thin Nwe arrested over unlawful sale of cosmetics and gems to fund terrorist groups


A documentary photo of fugitive Thin Thin Nwe


A documentary photo of arrested Lin Min Aung


A documentary photo of arrested Nay Lin Oo


A documentary photo of arrested Sophie Thin


A documentary photo of arrested Ei Ei Thu

**Nay Pyi Taw September 30**

Although the government is placing emphasis on maintaining peace, stability and development, NUG and PDF terrorist groups have continued to carry out acts of terrorism, including targeted killings of innocent civilians, including government employees, as well as the burning and blowing up of public buildings, roads and bridges. It has also been observed that some groups supporting terrorism and individuals who have fled the country are engaging in illegal businesses and generating income through social media, while providing assistance and financial support to terrorist groups to enable them to sustain their activities.

The fugitive Thin Thin Nwe, who was charged under Section 505-a of the Penal Code for posting content on social media allegedly aimed at undermining national stability and peace and inciting unrest, is reportedly using social media to sell cosmetics under the “Shwe Nadi & Inca Pure” brand and jewellery under the “Shwe Nadi Jewellery” brand, and is providing financial support to the NUG and PDF groups to carry out terrorist activities. Reports from responsible citizens also indicate that some individuals residing in Myanmar are assisting in the purchase and resale of goods to facilitate the illegal sale of these products.

Authorities emphasized the arrest of individuals who had assisted fugitive Thin Thin Nwe in selling illegal cosmetics and jewellery products. On 21 September, Lin Min Aung, who had assisted in the sale of illegal cosmetics, was arrested at his residence in Pyay. On 24 September, Nay Lin Oo, who had assisted in the sale of illegal jewellery, and Sophie Thin, the younger sister of fugitive Thin Thin Nwe, were arrested at their residence in Thingangyun Township. Ei Ei Thu, who had assisted in the illegal transfer of funds, was also arrested at her residence in Dawbon Township. A total of four suspects were arrested.

Investigations into the arrested suspects found that Lin Min Aung, Nay Lin Oo and Sophie Thin had been jointly operating, in collaboration with fugitive Thin Thin Nwe, a business selling Shwe Nadi & and Inca Pure cosmetics and illegal jewellery through social media. Ei Ei Thu had assisted fugitive Thin Thin Nwe in the jewellery-selling business by using mobile payment accounts opened in her own name to receive and transfer payments for a fee, acting as an intermediary for receiving money and transferring it to other accounts. Legal action is being taken against all four individuals in accordance with the law.

People are urged to confidentially report to the relevant security personnel any individuals known to be engaging in illegal businesses with the intention of providing assistance or support to terrorist groups, those purchasing from such businesses, and those providing assistance in any way to facilitate such activities. Authorities will continue to identify and take effective legal action against individuals operating illegal businesses through social media, as well as those assisting them, with the intention of providing assistance or support to terrorist groups.

100

# Pyapon’s Giant Sea Perch fetches K40,000 per viss at market in Yangon

**Pyapon September 30**

Daw Kay Khaing, the owner of seafood trading in Pyapon Township of Ayeyawady Region, said that local merchants from Pyapon Township sent 45,000 viss of Giant Sea Perch to Yangon market in August.

During July this year, up to 35,000 viss of Giant Sea Perch were shipped and sold from Pyapon Township to the Yangon market. During the following month, from 1 to 31 August, the volume increased to as much as 45,000 viss.

“We shipped and sold up to 45,000 viss of Giant Sea Perch during the past month. The volume increased because of strong demand from the Yangon market. Giant Sea Perch is one of the hardier types of fish for transportation and trading. Because it is relatively hardy, there is less concern about spoilage or damage during transport. Trading of other aquatic products, as well as Giant Sea Perch, is also continuing normally,” said Daw Kay Khaing.

Giant Sea Perch shipped from Pyapon Township to the Yangon market is currently priced at K26,500 to K40,000 per viss. The shipment of aquatic products, including Giant Sea Perch, from the area to the Yangon market is also providing employment and supporting the businesses of trading-depot operators.

Kyaw Kyaw Lin


Giant sea perch fish seen available at a local market.

# Death toll from capsized ship in Indonesia rises to 78

**Jakarta September 30**

The death toll from a passenger ship that capsized and sank in Indonesia's Java Sea has risen to 78, the country's National Search and Rescue Agency said on Wednesday.

The rescue teams are still looking for 57 missing people, while 108 others have been evacuated safely.

The Virgo Transport 8, with 243 people onboard, departed Surabaya in East Java on Sept. 12 for Banjarmasin in South Kalimantan. It encountered bad weather and lost contact at around 2 a.m. local time on Sept. 13.

Rescuers have since recovered bodies from inside the ship and along the coast of Central Kalimantan province.

Indonesia, an archipelagic country with around 17,000 islands, relies heavily on ferries and other forms of sea transportation to connect its islands and facilitate travel. Maritime accidents occur from time to time due to factors including weather conditions, sea conditions and vessel safety.

Xinhua

# Iran receives U.S. response to its 7-day plan: gov't spokeswoman

**Tehran September 30**

Iran's government spokeswoman Fatemeh Mohajerani said Wednesday that the country has received the U.S. proposal in response to its proposed seven-day plan to end hostilities and reopen the Strait of Hormuz.

In a post on social media platform X, Mohajerani said that Iranian Foreign Minister Seyed Abbas Araghchi announced having received the U.S. proposal at a cabinet meeting earlier in the day.

Iran conveyed a proposed seven-day plan to cease hostilities and reopen the Strait of Hormuz to the United States through mediators last Tuesday on the sidelines of the 81st session of the United Nations General Assembly in New York.

On Feb. 28, Israel and the United States launched joint attacks on Tehran and other Iranian cities. Iran responded with waves of missile and drone attacks targeting Israel and U.S. bases and assets in the region, and tightened its grip on the Strait of Hormuz.

On June 18, the United States and Iran signed the MoU on ending the war in the region on all fronts, including Lebanon. Under the agreement, known as the Islamabad MoU, they were scheduled to hold negotiations within a period of 60 days, which ended on Aug. 17, to reach a final agreement, but the talks' fate remains unclear following a series of recent escalations between the two countries.

Xinhua

# Demand high in trading Aemahta rice in Ngaputaw Township


A large stockpile of rice seen at a warehouse.

**Ngaputaw September 30**

Daw Moe Moe Aye, the rice and paddy trader in Ngaputaw Township of Ayeyawady Region, remarked that local merchants are trading Aemahta rice at the domestic market with high demand in Ngaputaw Township.

In the Ngaputaw Township rice and paddy market, demand for Aemahta rice varieties has been strong and trading has been brisk since the second week of September this year. The increase in demand for Aemahta rice is attributed to stronger purchases from the local market, according to reports.

"Currently, Aemahta rice has stronger demand in the local market than other varieties of rice. Demand has increased since around the second week of this month. There has been strong demand for Aemahta rice in the domestic market, resulting in increased trading. Domestic demand has also increased because businesses related to the domestic rice-processing industry have resumed operations. As trading has improved, those storing rice and paddy are benefiting the most," said Daw Moe Moe Aye.

A 24-pyi bag of Aemahta rice varieties that are actively traded in the Ngaputaw Township rice and paddy market is currently priced at K99,000 to K109,000. The stronger demand for Aemahta rice has also created better employment opportunities for businesses and traders storing rice and paddy, truck operators providing transportation services, and manual laborers involved in loading and unloading goods.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myothit Township plans to grow more than 1,000 acres of vegetables

**Myothit September 30**

Tamu District Agriculture Department stated that local farmers decided to grow more than 1,000 acres of vegetables in coming cold season in Myothit Township of Sagaing Region.

During the 2026-2027 winter crop season, Myothit Township has set a target to grow 1,680 acres of vegetables, with cultivation scheduled to begin in October this year and continue through December, according to reports.

"More than 1,000 acres of vegetables have been targeted for cultivation in Myothit Township during the coming winter crop season. The crops include mustard greens, chili, spices, potatoes, cabbage, eggplant and bottle gourd. Farmers are being provided with technical guidance to ensure that all vegetables are grown in accordance with Good Agricultural Practices (GAP). They will also be provided with technologies and techniques to grow all vegetables in a healthy manner while minimizing chemical residues," said U Myo Thein, Head of the Tamu District Agriculture Department.

This year, the Township Agriculture Department will provide vegetable farmers in Myothit Township with technical training on GAP-based cultivation, as well as guidance on producing vegetables that are safe and healthy for consumption. Measures will also be taken to encourage farmers to expand vegetable cultivation, according to reports.

Vegetable varieties are grown seasonally every year in Myothit Township, and the crops have been successfully cultivated, generating income for farming families. The Township Agriculture Department will also provide farmers who plan to grow vegetables with awareness and technical guidance on proper cultivation methods, preventing pest infestations, and producing and using organic fertilizers, natural pesticides and pest repellents.

206

# Straw mushroom sells well in Maubin's domestic market

**Maubin September 30**

In Maubin Township, Ayeyawady Region, demand for cultivated straw mushrooms is strong and trading is brisk, according to Daw Thin Thin, a trader of various fresh agricultural produce in Maubin Township.

Demand for cultivated straw mushrooms has increased and trading has been active in Maubin Township since the second week of September this year. Daily trading volume of the cultivated straw mushrooms ranges from 1,200 to 2,500 viss, according to reports.

"Currently, cultivated straw mushrooms are selling for K23,000 to K27,000 per viss. As the current price is fairly good, growers are making a profit. There is strong demand for mushrooms in the local market. Although trading is brisk, production remains low because there are only a few straw mushroom growers. Supplies are insufficient to meet demand. The quality of the mushrooms produced is also fairly good. The button-shaped buds are selling better," said Daw Thin Thin, a trader of various fresh agricultural produce in Maubin Township.

Straw mushrooms cultivated in Maubin Township are reportedly of good quality. Consumers prefer the button-shaped buds to fully opened mushrooms, and the buds are in strong demand in the local market.

Kyaw Kyaw Lin


This photo captures straw mushrooms in baskets.

# Dried spiny eels sell well at domestic market in Pathein Township

**Pathein September 30**

The trading of dried spiny eels has been brisk, according to Daw Khin Khin, an owner of a dried-fish trading depot in Pathein Township of Ayeyawady Region.

In the fish paste and dried-fish market in Pathein Township, demand for dried spiny eels, a local aquatic product, has been strong since the second week of September this year, resulting in brisk trading. Dried spiny eels are being purchased not only in the local market but also in large quantities by buyers from other areas, according to reports.

"Sales have been brisk since around the third week of this month. At present, sales are considerably stronger than usual because orders for dried fish from the Yangon market have increased. The dried spiny eel business is one of the local economic activities supporting residents. As orders for dried fish have increased, people involved in various stages of the dried spiny eel business are also benefiting," said Daw Khin Khin.

Dried-fish traders in Pathein Township purchase fresh spiny eels produced locally, season them with sweet and salty ingredients, and systematically dry them until they are ready for consumption before selling them. Dried spiny eels are currently priced at K27,000 to K35,000 per viss.

Kyaw Kyaw Lin

# ဗြိတိန် Aerospace ကုမ္ပဏီက ဂျပန်တွင် ဒရုန်းရန်ကာကွယ်ရေး ကြားဖြတ်ဒုံးကျည်များထုတ်လုပ်ရန် စီစဉ်နေ




ဗြိတိန်ကာကွယ်ရေး နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Aerospace ကုမ္ပဏီသည် ဂျပန်နိုင်ငံတွင် ကုန်ကျစရိတ်နည်းပါးသော ဒရုန်းရန်ကာကွယ်ရေးကြားဖြတ်ဒုံးကျည်များကို ထုတ်လုပ်ရန်စီစဉ်နေကြောင်း Defence Blog သတင်းဌာနက စက်တင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအစီအစဉ်သည် ယနေ့ခေတ်စစ်ဆင်ရေးများတွင် ပိုမိုအသုံးများလာသည့် တန်ဖိုးနည်းတိုက်ခိုက်ရေးဒရုန်းများကို တန်ဖိုးမြင့်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များဖြင့် တိုက်ခိုက်ရာတွင် ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်မမျှတမှုကိုဖြေရှင်းရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ Aerospace ကုမ္ပဏီ၏ Skyhammer အမည်ရ ကြားဖြတ်ဒုံးကျည်သည် Shahed အမျိုးအစား တိုက်ခိုက်ရေးဒရုန်းများနှင့် အလျင်နှုန်းနှေးသော ခရုဇ်ဒုံးကျည်များကိုတန်ပြန်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

Aerospace ကုမ္ပဏီသည် ကာကွယ်ရေးနည်းပညာ ကုမ္ပဏီသစ်တစ်ခုဖြစ်သော်လည်း Skyhammer စနစ်ကို အချိန်တိုအတွင်း တီထွင်နိုင်ခဲ့သည်။ Skyhammer ဒုံးကျည်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် စတင်တီထွင်ခဲ့ပြီး ခြောက်ပတ်အတွင်း ပထမဆုံးပျံသန်းစမ်းသပ်မှုပြုလုပ်နိုင်ခဲ့သည်။

Skyhammer ဒုံးကျည်သည် ပစ်လွှတ်နိုင်သည့် ရေဒါလမ်းညွှန်ကြားဖြတ် ဒုံးကျည်စနစ်ဖြစ်ပြီး အကွာအဝေး ကီလိုမီတာ ၃၀ ကျော်ထိ ရောက်ရှိနိုင်သည်။ အမြင့်ဆုံးအမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၇၀၀ ခန့်ရှိသည်။ အဆိုပါစနစ်သည် ပစ်မှတ်၏ လမ်းကြောင်း အချက်အလက်များကို လက်ခံရယူပြီး ဒုံးကျည်ပစ်လွှတ်ပြီးနောက် ကိုယ်ပိုင်လမ်းညွှန်စနစ်ဖြင့် ပစ်မှတ်ကို လိုက်လံတားဆီးနိုင်ရန် ဒီဇိုင်းပြုလုပ်ထားသည်။

Skyhammer ဒုံးကျည်၏ အဓိက ပစ်မှတ်များမှာ Shahed အမျိုးအစား တိုက်ခိုက်ရေးဒရုန်းများဖြစ်သည်။ ၎င်းဒရုန်းများသည် ထုတ်လုပ်ရလွယ်ကူပြီး အရေအတွက်အများအပြား အသုံးပြုနိုင်သည့်အတွက် ခေတ်သစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနေသည်။ ထိုသို့သော ပစ်မှတ်များကို တန်ဖိုးမြင့်ကြားဖြတ်ဒုံးကျည်များဖြင့် တစ်စင်းချင်းတိုက်ခိုက်ပါက ကာကွယ်ရေးဘက်မှ အသုံးပြုရသည့် လက်နက်ကုန်ကျစရိတ်သည် ပစ်မှတ်၏ တန်ဖိုးထက် အဆများစွာမြင့်မားသွားနိုင်သည်။

ထို့ကြောင့် Aerospace ကုမ္ပဏီသည် Skyhammer ဒုံးကျည်ကို စျေးနှုန်းသက်သာပြီး အမြောက်အမြားထုတ်လုပ်နိုင်သည့် ကြားဖြတ်လက်နက်စနစ်တစ်ရပ်အဖြစ် ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်နေသည်။ ၎င်းသည် တန်ဖိုးနည်းဒရုန်းများကို တန်ဖိုးမြင့်ဒုံးကျည်များဖြင့် တန်ပြန်ရသည့် အခြေအနေကိုပြောင်းလဲရန် ရည်ရွယ်သည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။

ယခုအခါ ဗြိတိန် Aerospace ကုမ္ပဏီသည် ဂျပန်နိုင်ငံအတွင်း ကြားဖြတ်ဒုံးကျည်များထုတ်လုပ်မှု အခြေစိုက်စခန်းတည်ဆောက်ရန် ကာကွယ်ရေးဝန်ကြီးဌာနထံ တင်ပြရန်စီစဉ်ထားကြောင်း သိရသည်။

ထို့ကြောင့် ဗြိတိန်နိုင်ငံ Aerospace ကုမ္ပဏီ၏ Skyhammer ကဲ့သို့သော ကြားဖြတ်ဒုံးကျည်စနစ်များသည် ဒရုန်းခြိမ်းခြောက်မှုကို တန်ပြန်ရာတွင် ကုန်ကျစရိတ်နှင့် အရေအတွက်ကို အဓိကထားသည့် လေကြောင်းရန်ကာကွယ်ရေးနည်းလမ်းသစ်တစ်ရပ်အဖြစ် ဖွံ့ဖြိုးတိုးတက်လာနေသည်။ ယခု ဂျပန်နိုင်ငံအတွင်း ထုတ်လုပ်ရေးအခြေစိုက်စခန်းတည်ဆောက်ရန်စီစဉ်ခြင်းသည် Skyhammer ဒုံးကျည်ကို ဗြိတိန်နိုင်ငံ ပြင်ပတွင် ထုတ်လုပ်အသုံးချနိုင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ဖြစ်လာနိုင်ကြောင်း သိရသည်။

**British drone–killer startup heads to Japan with cheap interceptors** ကို ဘာသာပြန်ဆိုထားပါသည်။

# နော်ဝေကုမ္ပဏီက ဒရုန်းတန်ပြန်ရေးအတွက် Boreas လမ်းညွှန်စနစ်များကို ဩစတြေးလျကုမ္ပဏီထံမှ မှာယူ

နော်ဝေနိုင်ငံ Kongsberg ကုမ္ပဏီသည် ဩစတြေးလျနိုင်ငံ Advanced ကုမ္ပဏီထံမှ ဒရုန်းတန်ပြန်ရေးအတွက် Boreas လမ်းညွှန်စနစ် ရာနှင့်ချီမှာယူခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လမ်းညွှန်စနစ်များကို PROTECTOR ဒရုန်းတန်ပြန်ရေးစနစ်များတွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။ Boreas လမ်းညွှန်စနစ်သည် Fiber–Optic Gyroscope (FOG)များ အပါအဝင် အာရုံခံကိရိယာများ ပေါင်းစပ်အသုံးပြု၍ ပလက်ဖောင်း၏ ရွေ့လျားမှုနှင့် ဦးတည်ချက်ကို တိုင်းတာပေးသည့် Inertial Navigation System တစ်မျိုးဖြစ်သည်။ ထို့ပြင် ကမ္ဘာမြေ၏ လည်ပတ်မှုကို အာရုံခံတိုင်းတာခြင်းဖြင့် GPS သို့မဟုတ် သံလိုက်အိမ်မြှောင်ကို အားကိုးစရာမလိုဘဲ မြောက်ဘက်ဦးတည်ချက်ကို သတ်မှတ်နိုင်သည်။

PROTECTOR ဒရုန်းတန်ပြန်ရေးစနစ်တွင် Boreas လမ်းညွှန်စနစ်မှ ရရှိသည့်တည်နေရာနှင့် ဦးတည်ချက်ဆိုင်ရာ အချက်အလက်များသည် ပလက်ဖောင်းရွေ့လျားနေစဉ် အာရုံခံကိရိယာများနှင့် လက်နက်များ၏ အသားကျချိန်ညှိမှုကို ဆက်လက်တိကျစွာ ထိန်းသိမ်းပေးနိုင်သည်။

ပုံမှန်အခြေအနေများတွင် GPS သည် ပလက်ဖောင်း၏တည်နေရာကို သတ်မှတ်ပေးနိုင်သော်လည်း GPS အချက်ပြမှုများကို အီလက်ထရွန်နစ်နှောင့်ယှက်ခြင်း သို့မဟုတ် အချက်ပြအတုများဖြင့် လှည့်ဖြားခြင်းပြုလုပ်နိုင်သည်။ ထိုသို့ GPS အချက်ပြမှုများကို ယုံကြည်၍မရသည့်အခြေအနေတွင် Boreas လမ်းညွှန်စနစ်သည် ၎င်း၏ကိုယ်ပိုင် အာရုံခံတိုင်းတာမှုများကို အသုံးပြု၍ လမ်းညွှန်မှုနှင့် ဦးတည်ချက်ဆိုင်ရာ အချက်အလက်များကို ဆက်လက်ပေးစွမ်းနိုင်သည်။

ဩစတြေးလျ Advanced ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ၎င်းစွမ်းရည်ကြောင့် အီလက်ထရွန်နစ်စစ်ဆင်ရေးအခြေအနေများကဲ့သို့ ဆက်သွယ်ရေးနှင့် လမ်းညွှန်အချက်ပြများ အနှောင့်အယှက်ခံနေရသည့် စစ်မြေပြင်အခြေအနေများတွင်ပင် ဒရုန်းတန်ပြန်ရေးစနစ်သည် ၎င်း၏ အာရုံခံကိရိယာများကို မှန်ကန်စွာ ချိန်ညှိထားနိုင်ပြီး ဝေဟင်ပစ်မှတ်များကို တိကျစွာ ချိန်ရွယ်နိုင်မည်ဖြစ်သည်။

Boreas လမ်းညွှန်စနစ်များကို ဒရုန်းများ တိုက်ခိုက်ဖျက်ဆီးရန် အဝေးထိန်း Turretနှင့် ဒရုန်းတန်ပြန်ရေးစနစ်များ အသုံးပြုသည့် နော်ဝေနိုင်ငံ Kongsberg ကုမ္ပဏီ၏ PROTECTOR တန်ပြန်ဒရုန်း တိုက်ဖျက်ရေးစနစ်များတွင် တပ်ဆင်သွားမည်ဖြစ်သည်။ အဆိုပါတန်ပြန်ဒရုန်းစနစ်များသည် ယခုနှစ်အစောပိုင်းတွင် Kongsberg ကုမ္ပဏီနှင့် ပိုလန်ကာကွယ်ရေးကုမ္ပဏီ PGZ တို့မှ ပိုလန်တပ်မတော်က မှာယူထားသည့် ဒရုန်းတန်ပြန်ရေးစနစ်များ၏ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်သည်။



ဩစတြေးလျကုမ္ပဏီ Advanced သည် အာရုံခံကိရိယာများ၊ ကွပ်ကဲထိန်းချုပ်ရေးစနစ်များနှင့် လက်နက်စနစ်များကို နိုင်ငံ၏ကျယ်ပြန့်သော လေကြောင်းရန်ကာကွယ်ရေး ကွန်ရက်နှင့် ချိတ်ဆက်ပေးမည့် Command–and–Control (C2) System ကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ထို့ပြင် နော်ဝေ Kongsberg ကုမ္ပဏီသည် အဆိုပါစနစ်များ ပေးပို့တပ်ဆင်ရေး လုပ်ငန်းများကို အထောက်အကူပြုရန်အတွက် ၎င်း၏ ထုတ်လုပ်မှုစွမ်းရည်ကို တိုးမြှင့်ရန် စီစဉ်ထားကြောင်း သိရသည်။

**Kongsberg Orders Boreas Navigation Systems for Counter–Drone Platforms** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၈၄၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၈၄၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၈၄၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ခင်ဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ဧက ၄၈၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ကတော့ ပုံမှန်အတိုင်းပါပဲ။ ကြက်သွန်နီတွေ ဈေးကွက်ဝင်သီးနှံဖြစ်ဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးတာတွေ ရှိပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်တွင် ငါးမုတ်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ငါးမုတ်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ယခုနှစ် စက်တင်ဘာလဒုတိယပတ်မှ ယနေ့ထိ ငါးမုတ်များ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် အရောင်းအဝယ် ကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ လက်ရှိ ပျမ်းမျှ ငါးမုတ်ပိဿာချိန် ၅၅၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီဘက်က တင်ပို့ရောင်းချတဲ့ ငါးမုတ်တွေ ရန်ကုန်ဈေးကွက်ကနေ အဝယ် လိုက်လာလို့ အရောင်းအဝယ် ကောင်းမွန်နေတာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ငါးမုတ်တွေ အရောင်းအဝယ်ကောင်းလာတော့ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်" ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။



ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ဒေသထွက်ရေထွက်ကုန်များကို ဝယ်ယူသည့်ဒေသများသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ အရောင်းအဝယ်ကောင်းမွန်နေသော ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးထံမှ သိရသည်။

**ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ကွင်းမြှောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး စက်တင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွင်းမြှောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ကွင်းမြှောင်ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၆၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကွင်းမြှောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ၃၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၄၉၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂၂ သိန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် သိန်း ၂၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၆၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**






# မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



**မြိတ် စက်တင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ကွန်ကရစ် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုး၊ မြိတ်မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးနှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျွဲကူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါရကုမ္ပဏီမှ တာဝန်ခံများကို ကုန်ထုတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ်ကျွဲကူးကျေးရွာ၌ လမ်း အရှည် သုည ဒသမ ၆၁ ဖာလုံ၊ အကျယ် ၁၅ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၇၂ ဒသမ ၈၄၇ သန်းဖြင့် Htoo Htoo Htet ကုမ္ပဏီက တာဝန်ယူ၍ ဩဂုတ် ၂၀ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျွဲကူးကျေးရွာရှိ လယ်ယာစိုက်ပျိုးမြေ ၁၈၄၈ ဧကမှ ထွက်ရှိသည့် သီးနှံထွက်ကုန်များ ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

❑ **ကူညီကယ်ဆယ်ရေးလုပ်ငန်းများမှ**

မွန်-တနင်္သာရီ ကမ်းရိုးတန်းဒေသတို့တွင် စက်တင်ဘာ ၂၇ ရက်၌ စတင်ဖြစ်ပေါ်ခဲ့သည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression)အဖြစ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါမုန်တိုင်းငယ်သည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာ ၂၈ ရက်တွင် တိုင်းထွာချက်အရ မြန်မာနိုင်ငံ မွန်ပြည်နယ် ကျိုက်ထိုမြို့၏ တောင်ဘက်မှ စတင်ဖြတ်သန်းဝင်ရောက်ခဲ့ရာ ဖြူးမြို့၊ ရေတာရှည်မြို့၊ ရေနံချောင်းမြို့နှင့် ကျောက်ပန်းတောင်းမြို့ကြား၊ ညောင်ဦးမြို့ အနောက်ဘက်တို့မှ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ မတူပီမြို့အနီးမှဖြတ်ကျော်ကာ ချင်းပြည်နယ်နှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်ကာအားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် မြောက်- အနောက်မြောက်သို့ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area)အဖြစ် အားလျော့သွားခဲ့သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် မြောက်- အနောက်မြောက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းကြောင်းနှင့် မြန်မာနိုင်ငံမှဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်ပါကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားရှိသည်။

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်(Land Depression) ဖြတ်သန်းဝင်ရောက်ခဲ့သည့် လမ်းကြောင်းတစ်လျှောက်ရှိ ဒေသများနှင့် မုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် မြို့ရွာများဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ လောင်းလုံးမြို့၊ သရက်ချောင်းမြို့၊ ပလောက်မြို့၊ တနင်္သာရီမြို့၊ ဘုတ်ပြင်းမြို့၊ ခမောက်ကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အိုမတွေ့ကျေးရွာ၊ အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာအုပ်စုတို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်ခဲ့ပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ နေအိမ်များအတွင်း ရေဝင်ရောက်မှုများ၊ ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများ၊ လမ်းပျက်စီးမှုများဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ပြိုလဲခြင်း၊ လူနေအိမ်များထိခိုက်ပျက်စီးခြင်း အစရှိသည့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထိုသို့ရေကြီးရေလျှံမှုများကြောင့် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများကို သက်ဆိုင်ရာဒေသများရှိ



မော်လမြိုင်မြို့၌ ရေစီးရေလာကောင်းမွန်မှုရှိစေရန်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



မုဒုံမြို့၌ ရေစီးရေလာကောင်းမွန်မှုရှိစေရန်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။





လှိုင်းဘွဲ့ချောင်းကမ်းပါး၌ ရေထိန်းတာမံငယ်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ဘီးလင်းမြို့၌ ရေစီးရေလာကောင်းမွန်မှုရှိစေရန်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



သံဖြူဇရပ်မြို့၌ ရေစီးရေလာကောင်းမွန်မှုရှိစေရန်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ဝမ်းတွင်းမြို့နယ် အိုမတွေ့ကျေးရွာအတွင်း မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် လမ်းပိတ်ဆို့နေသည့်သစ်ပင်များကို ဖယ်ရှားရှင်းလင်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆီဆုံကုန်းကျေးရွာ လမ်းဘေးဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်စဉ်။

နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရေကျော်ဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသော ကားလမ်းမကြီးများတွင် မော်တော်ယာဉ်များသွားလာနိုင်ရေးအတွက် လမ်းကြောင်းပြအမှတ်အသားများ ဆောင်ရွက်ပေးခြင်း၊ မြေပြိုမှုဖြစ်ပေါ်သည့်နေရာများတွင် လူအင်အား၊ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းခြင်း၊ အများပြည်သူများ ပုံမှန်အတိုင်းသွားလာအသုံးပြုနိုင်ရေးအတွက် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းပေးခြင်း၊ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ရေပြန်လည်ကျဆင်းချိန်၌ တင်ကျန်ရစ်သော သစ်ပင်သစ်ကိုင်းများ၊ အမှိုက်များ၊ နုန်းမြေများ ဖယ်ရှားရှင်းလင်းပေးခြင်းအစရှိသည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့ရွာများဖြစ်သည့် မွန်ပြည်နယ် မော်လမြိုင်မြို့၊ လှိုင်းဘွဲမြို့၊ ဘီးလင်းမြို့၊ မုဒုံမြို့၊ သံဖြူဇရပ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့၊ လှည်းကူးမြို့၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ရေတာရှည်မြို့၊ ပဲခူးမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေကျော်ဝင်ရောက်ခြင်း၊ ရေဝပ်ဇရိယာများဖြစ်ပေါ်ခြင်းတို့ မရှိစေရန်အတွက် ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ နုန်းမြေများဆယ်ယူခြင်း၊ ရေစီးရေလာကောင်းစေရေး ဆောင်ရွက်ခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့များပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ခြင်းနှင့် စုဖွဲ့ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုကို ဖြတ်ကျော်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် သဘာဝဘေးကျရောက်ချိန်တွင်လည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းဘေးတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂၂) မင်းကြီးညိုရပ်ကွက် ပေါက်လှကြီးလမ်းရှိ ငနောက်ဆည်အတွင်း ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်စဉ်။





မန္တလေး အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာအုပ်စု အမှတ်(၁)ရပ်ကွက် ဒုဋ္ဌဝတီမြစ်ကမ်းဘေးရှိ မြစ်ကမ်းပြိုကျမှုဖြစ်ပွားသည့်နေရာအား ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက်(၁၀)လမ်းထိပ်ရှိ ကျုံးအဟောင်းအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်စဉ်။



ပလောက်မြို့၌ စက်ယန္တရားများဖြင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



ထားဝယ်မြို့၌ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



လောင်းလုံးမြို့၌ ရေဘေးသင့်ဒေသခံတိုင်းရင်းသားပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။

ရှေ့ဖုံးမှအဆက်

ထောက်ပံ့ပေးရေး၊ လမ်းများအဆင့်မြှင့်တင်ပေးရေး တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **ရန်ကုန်မြို့၌ ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းပိတ်ဆို့မှုအတွက် ယာဉ်ကြောဆိုင်ရာကိစ္စများကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က ရန်ကုန်မြို့တော်ကို Smart City မြို့တော်ကြီးအဖြစ် အကောင်အထည်ဖော်နိုင်ရေး အထောက်အကူဖြစ်စေရန် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ(မီးပွိုင့်များ)တွင် အဆင့်မြင့် Control-ler များတပ်ဆင်ခြင်း၊ လူကူးမျဉ်းကျား၊ မသန်စွမ်းသူများ သွားလာနိုင်သော ပလက်ဖောင်းများ၊ စက်ဘီးလမ်းများ၊ စက်လှေကားပါသော လူကူးခုံးကျော်တံတားများ၊ Underpass များ တည်ဆောက်ပေးထားပြီး ရန်ကုန်မြို့ ယာဉ်သွားလာမှုထိန်းချုပ်ရေးဗဟိုစင်တာ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ အမှတ်(၁) အဆင့်မြင့်ဆက်သွယ်ရေးတပ်ရင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးတို့ ပူးပေါင်း၍ IT နည်းပညာအသုံးပြုပြီး Road Safety၊ Traffic Management နှင့် လုံခြုံရေးဆိုင်ရာများကို ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း အများပြည်သူဆင်းရဲချမ်းသာမရွေး ခရီးသွားလာရာတွင် လုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာသွားလာနိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူစည်းကမ်းများကို ညီညွတ်မျှတစေရန် ခရီးလမ်းပန်းအဆင်ပြေ တွင်ကျယ်လျင်မြန်စေရန်၊ နိုင်ငံတကာနည်းတူ Smart City မြို့တော်ကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခေါ် ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်ရှိကိုင်းသောင်၊ ပုံကမာ၊ ရေတွင်းဆိပ်နှင့် ကုန်းကြီးရွာများ၌ School cum shelter လေးလုံးဆောက်လုပ်မှု ရပ်နားထားသည့်အပေါ် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက လပွတ္တာမြို့နယ်ရှိ Shelter လေးလုံးအနက် ကိုင်းသောင်ကျေးရွာ Shelter သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ Marval Wealth ကုမ္ပဏီမှ ဆောက်လုပ်ခဲ့ရာ ၂၀ ရာခိုင်နှုန်းသာပြီးစီးခဲ့ပြီး လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်းမပြုတော့ပါသဖြင့် ပြန်လည်အပ်နှံခဲ့သည့်လုပ်ငန်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်လိုသည့်ကုမ္ပဏီကို ရှာဖွေသော်လည်း လမ်းခရီးဝေးကွာခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရန် ခက်ခဲခြင်းတို့ကြောင့် ဆောင်ရွက်လိုသည့်ကုမ္ပဏီ မရှိပါကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခဲ့သည့် လုပ်ငန်းဖြစ်ပါကြောင်း။

ပုံကမာကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် Silver Star Pathein ကုမ္ပဏီမှ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၃၅ ရာခိုင်နှုန်းပြီးစီးပြီးနောက် တည်ဆောက်ရေးလုပ်ငန်းအခက်အခဲများရှိပါသဖြင့် အဆိုပါကုမ္ပဏီမှလုပ်ငန်းရပ်နားမှုတင်ပြခဲ့ရာ တိုင်းဒေသကြီး အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၆)တွင် ဆွေးနွေးပြီးဆုံးဖြတ်ချက်အရ “လုပ်ငန်းပြန်လည်အပ်နှံခွင့်ပြုကြောင်း၊ လုပ်ငန်းများ၏ ပြီးစီးရန်ကျန် လုပ်ငန်းတန်ဖိုးနှင့် PG တန်ဖိုးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေသို့ ပြန်လည်အပ်နှံခွင့်ပြုကြောင်းနှင့် ကုမ္ပဏီအား(Black list)စာရင်းရေးသွင်းဆောင်ရွက်ရန်” ဆုံးဖြတ်ခဲ့ပါကြောင်း။

ရေတွင်းဆိပ်ကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မဏ္ဍိုင်သစ္စာကုမ္ပဏီမှ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၃၅ ရာခိုင်နှုန်းပြီးစီးပြီးနောက် တည်ဆောက်ရေးလုပ်ငန်း အခက်အခဲများရှိပါသဖြင့် အဆိုပါကုမ္ပဏီမှ လုပ်ငန်းရပ်နားမှုတင်ပြခဲ့ရာ တိုင်းဒေသကြီးအစည်းအဝေး အမှတ်စဉ်(၅/၂၀၂၆)တွင် ဆွေးနွေးပြီး ဆုံးဖြတ်ချက်အရ “လုပ်ငန်းသဘောတူစာချုပ်ပါစည်းကမ်းချက်များအရ လုပ်ငန်းသဘောတူစာချုပ်ရုပ်စဲပြီး ယင်း Shelter အတွက် ၆၅ ရာခိုင်နှုန်းထုတ်ရန်ကျန်ငွေအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေသို့ ပြန်လည်အပ်နှံခွင့်ပြုကြောင်း” ဆုံးဖြတ်ခဲ့ပါကြောင်း။

ကုန်းကြီးကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၃၄၈ ဒသမ ၆၀၀ ဖြင့် Ayar Pioneer ကုမ္ပဏီမှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၆၀ ရာခိုင်နှုန်းပြီးစီးသည့် ငွေထုတ်ယူခဲ့ပြီးနောက် လုပ်ငန်းစာချုပ်အရ သက်တမ်းကျော်လွန်ပြီးဖြစ်သည့်အပြင် မြေပြင်တွင်ဆက်လက်ဆောင်ရွက်ခြင်း မရှိပါသဖြင့် Ayar Pioneer ကုမ္ပဏီအား အမည်ပျက်စာရင်း (Black list) ရေးသွင်း၍ PG ငါးရာခိုင်နှုန်းနှင့် ကျန်ရှိသည့် လုပ်ငန်းတန်ဖိုး ၄၀ ရာခိုင်နှုန်းငွေအား အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေစာရင်းသို့ပေးသွင်းနိုင်ရေး တင်ပြထားကြောင်း။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ဒေသလိုအပ်ချက်အရ တင်ပြလာသည့် လုပ်ငန်းများကို ရန်ပုံငွေပေါ်မူတည်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်များ ရယူဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် အခက်အခဲများကြောင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အစိုးရအဖွဲ့များ၏တင်ပြချက်အပေါ် ရန်ပုံငွေပြန်လည်အပ်နှံလိုမှုများကိုလည်း ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါ ရန်ပုံငွေပြန်လည်အပ်နှံသည့်လုပ်ငန်းများ မြေပြင်တွင် ပြီးစီးအောင်ဆောင်ရွက်ရေးမှာ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သင့်လျော်သည့်အစီအမံဖြင့် ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လပွတ္တာမြို့နယ် (ကုန်းကြီး၊ ပုံကမာ၊ ရေတွင်းဆိပ်) ကျေးရွာများတွင် ဆောက်လုပ်သည့် Shelter သုံးလုံးကို ဒေသပေါက်ဈေးဖြင့် ဆက်လက်ဆောင်ရွက်နိုင်မည့် ကုမ္ပဏီများဖြင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **အိမ်ရာမဲ့များ၏ဘဝရပ်တည်မှုနှင့် လူမှုဖူလုံရေးစနစ်အတွင်း ပြန်လည်ဝင်ရောက်နိုင်စေရန် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အိမ်ရာမဲ့များကို လူမှုဘဝရပ်တည်မှု ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကွင်းဆင်းအသိပညာပေးဟောပြောခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ချပြရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး လေလွင့်တောင်းရမ်းသူများမရှိစေရေးနှင့် ဝင်ငွေရရှိသည့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အိမ်ရာမဲ့များကို စနစ်တကျ စိစစ်ဆောင်ရွက်ပြီး တည်ငြိမ်သော အိမ်ရာ၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးစနစ်အတွင်း ပြန်လည်ဝင်ရောက်နိုင်စေရန် လူငယ်သင်တန်းကျောင်းများ၊ အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းများသို့ ပို့ဆောင်ကာ အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားပေးခြင်းနှင့် အတန်းပညာများသင်ကြားပေးခြင်းတို့ကိုလည်းကောင်း၊ ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံများနှင့် ချိတ်ဆက်၍အလုပ်အကိုင်ရှာဖွေပေးခြင်းတို့ကိုလည်းကောင်း ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပြီး နေ့စားသဘောမျိုးဖြင့် စီးပွားရေးအမြတ်ထုတ်ကာ တောင်းရမ်းစားသောက်ရန် ခိုင်းစေခြင်းခံရသူများကို ကူညီကယ်တင်၍ ထိုသို့ပြုလုပ်ရန်ခိုင်းစေသူများအားဖော်ထုတ်ကာ ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ရရှိရေးဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးစောမောင်၏ **ကျန်းမာရေးဌာန၏ အောက်ခြေဝန်ထမ်းများ အရည်အချင်းပြည့်မီပါက ရာထူးတိုးစာမေးပွဲဖြေဆိုခွင့်ပုံမှန်ရရှိရေး ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရုံးချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အမှုထမ်းများ၏ ရာထူးတိုးမြှင့်ရေးကိစ္စရပ်များကို နှစ်စဉ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ရာထူးတိုးလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ်ထိ အရည်အချင်းနှင့် ကိုက်ညီသူ အမှုထမ်းများကို ရာထူးတိုးစာမေးပွဲစစ်ဆေးခဲ့ပြီး ရုံးအကူ၊ လုပ်သား၊ သန့်ရှင်းရေးစသည့် အောက်ခြေဝန်ထမ်းများအပါအဝင် အမှုထမ်းစုစုပေါင်း ၂၅၃ ဦးကို ရာထူးတိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ကုသရေးဦးစီးဌာနတွင် ဗဟိုအဆင့်ဆေးရုံကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ပြည်နယ်ဆေးရုံများတွင် ခန့်ထားသောအကူသူနာပြုများကို သတ်မှတ်ထားသောအသက်၊ လုပ်သက်ကာလ၊ ပညာအရည်အချင်းများပြည့်မီကိုက်ညီပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနက နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးသော သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်းနှင့် သားဖွားဒီပလိုမာနှစ်နှစ်သင်တန်းများကိုဝင်ခွင့်လျှောက်ထားနိုင်ပြီး သင်တန်းဆင်း အောင်မြင်ပြီးပါက သူနာပြု၊ သားဖွားဆရာမ ရာထူးသို့ တိုးမြှင့်ခန့်ထားပေးပါကြောင်း။

ပြည်သူ့ဆေးရုံများနှင့်ဌာနများရှိ သတ်မှတ်အရည်အချင်းနှင့်လုပ်သက်ပြည့်မီသော အမှုထမ်းများအား ရာထူးတိုးမြှင့်ခန့်ထားခြင်းကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်အတွက် ရာထူးတိုးမြှင့်ခန့်ထားရေးအစီအစဉ်ကို အောက်တိုဘာလတွင် အရည်အချင်းစစ်စာမေးပွဲများကျင်းပမည်ဖြစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီ၍ အရည်အချင်းပြည့်မီသော အမှုထမ်းများကို ရာထူးတိုးမြှင့်ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **ငပုတောမြို့နယ် မန်ကျည်းပင်တိုက်နယ်ဆေးရုံအဆောက်အအုံအား အသစ်ပြန်လည်တည်ဆောက်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ငပုတောမြို့နယ် မန်ကျည်းပင် တိုက်နယ်ဆေးရုံ အဆောက်အအုံကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ကျေးရွာအုပ်စု ၁၆ ခုမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါကြောင်း၊ အဆိုပါ အဆောက်အအုံတွင် လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းတို့ပါရှိပြီး ဓာတ်ခွဲခန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် စံကိုက်ဓာတ်ခွဲခန်းအဖြစ် ပြင်ဆင်ဆောင်ရွက်ခဲ့ကာ ဓာတ်မှန်ခန်းကိုအလှူရှင်များက ဆောက်လုပ်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ ဆေးရုံဥပဓိရုပ်ကောင်းမွန်စေရေးနှင့်ကြံ့ခိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းများအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ သားဖွားခန်းနှင့် သားဖွားလူနာဆောင်တို့တွင် Trolly Way ပြုလုပ်ခြင်းမှာ ၁၀၀ ရာခိုင်နှုန်း၊ အရေးပေါ်လူနာဆောင် ပြုပြင်ခြင်းမှာ ၈၀ ရာခိုင်နှုန်း၊ ဓာတ်မှန်ခန်းတွင် Control Room ပြုလုပ်ခြင်းမှာ ၈၀ ရာခိုင်နှုန်း၊ ဓာတ်မှန်ခန်းပြုပြင်ခြင်း ၅၀ ရာခိုင်နှုန်း၊ ဆေးရုံပင်မဆောင်၊ အမျိုးသား၊ အမျိုးသမီးလူနာကုသဆောင်များ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းတို့မှာ ၉၀ ရာခိုင်နှုန်း၊ ရင်ခွဲရုံပြန်လည်တည်ဆောက်မွမ်းမံခြင်း ၂၅ ရာခိုင်နှုန်း၊ ရင်ခွဲရုံသို့လျှောက်လမ်း ပေ ၁၀၀ အရှည်ခင်းခြင်း ၁၀၀ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အမှိုက်မီးရှို့ဆောင်ပြန်လည်တည်ဆောက်မွမ်းမံခြင်း၊ ဆေးရုံခြံစည်းရိုးကာရံခြင်းလုပ်ငန်းတို့အတွက် ပစ္စည်းများဝယ်ယူထားရှိပြီးဖြစ်၍ ရာသီဥတုအပေါ်မူတည်၍ ပြုပြင်လျက်ရှိပါကြောင်း၊ ခွဲစိတ်ခန်းအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် အသစ်ဆောက်လုပ်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့ ခရိုင်ပြည်သူ့ဆေးရုံအတွက် အထူးကုဆရာဝန်များ ခန့်ထားပေးရန်၊ လိုအပ်သောဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများကို ပို့ဆောင်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက တမူးပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် ဒေါက်တာထန်ရှန်းခိုင် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ အတွေ့အကြုံရင့်ကျက်ပြီး ခွဲစိတ်ကုသမှုများကို ကောင်းမွန်စွာဆောင်ရွက်နိုင်သည့် လုပ်သက်ရင့်ဆရာဝန်တစ်ဦးဖြစ်ပါကြောင်း၊ တမူးပြည်သူ့ဆေးရုံသည် နေ့စဉ်ပြင်ပလူနာ နှစ်ဦးနှင့် အတွင်းလူနာ ၂၄ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အထူးကုဆရာဝန်များကို နှစ်စဉ်လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်ကို အရည်အသွေးပြည့်ဝစွာပေးအပ်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်နည်းပါးမှုကိုလည်း ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း၊ အရေးပေါ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင်ရန်အတွက် ခွဲစိတ်အထူးကုဆရာဝန်တစ်ဦးကို ၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း ခန့်ထားပေးသွားမည်ဖြစ်ပြီး နယ်မြေဒေသအခြေအနေနှင့် ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများအပေါ်မူတည်၍ အထူးကုဆရာဝန်များကို ထပ်မံလျာထားသွားမည်ဖြစ်ပါကြောင်း။

တမူးပြည်သူ့ဆေးရုံသည် ခုတင် ၁၀၀ ဆံ့ ဆေးရုံဖြစ်သဖြင့် ကုသရေးဦးစီးဌာန ဖြန့်ဖြူးရေးဌာနခွဲမှ ဆေးနှင့်ဆေးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှတစ်ဆင့် ဖြန့်ဖြူးလျက်ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် တမူးမြို့ပြည်သူ့ဆေးရုံသို့ ထောက်ပံ့မည့်ဆေးနှင့်ဆေးပစ္စည်းများကို ချင်းတွင်းမြစ်ရေကြောင်းလမ်းဖြင့် ကလေးဝဆိပ်ကမ်းသို့ပို့ဆောင်ကာ ကလေးဝဆိပ်ကမ်းမှ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင်ထားရှိပြီး ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ တမူးမြို့ပြည်သူ့ဆေးရုံ၏ အစီအစဉ်ဖြင့် သွားရောက်သယ်ဆောင်နိုင်ရန် စီစဉ်ထားပါကြောင်း၊ ကာကွယ်ဆေးကဲ့သို့သော အအေးခန်းတွင်ထားသိုရန်လိုအပ်သောဆေးများကို ကလေးမြို့မှတစ်ဆင့် ဒေသကွပ်ကဲရေးစစ်ဌာနချုပ်(ကလေး)နှင့်ညှိနှိုင်း၍

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်အိဖြူလွင်၏ **ဂန့်ဂေါမြို့ဆေးရုံများ၌အရေးပေါ်လိုအပ်နေသည့် ဆေးရုံအုပ်နှင့် ဆရာဝန်များ အမြန်ဆုံးစေလွှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မကွေးတိုင်းဒေသကြီး ဂန့်ဂေါပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန် ဒေါက်တာဝင်းထိုက်နှင့်အတူ ကျန်းမာရေးဝန်ထမ်း ၁၈ ဦးတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါက လုပ်ငန်းလိုအပ်ချက်အရ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူးသည် နယ်မြေအခြေအနေကို အနီးကပ်စောင့်ကြည့်ပြီး ပြည်သူ့ဆေးရုံကြီး မကွေးမြို့မှ လက်ထောက်ဆရာဝန်တစ်ဦးကို တွဲဖက်တာဝန်ချထားပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဂန့်ဂေါမြို့ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများကို ပြန်လည်စေလွှတ်တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဓနုဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ဓနုဖြူမြို့နယ် စခန်းကြီးကျေးရွာရှိ ကြပ်ရိုးကျေးရွာမှ တော်ဖျားအရှေ့ကျေးရွာထိ ရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်ရှိ တော်ဖျား-ကြပ်ရိုး-အကယ်ကြီး-ဇီးဖျောက်ကျေးရွာချင်းဆက် မြေသားလမ်း ၃ မိုင် ၆ ဒသမ ၅ ဖာလုံရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းစာရင်းတွင်ပါဝင်ခြင်းမရှိပါသဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲခွင့်ရှိသော လမ်းအဖြစ် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကြပ်ရိုးအခြေခံပညာမူလတန်းကျောင်းရှေ့မှတော်ဖျားအရှေ့ကျေးရွာအခြေခံပညာမူလတန်းကျောင်းရှေ့ထိ ရွာချင်းဆက်မြေသားလမ်းသည် ၂ မိုင် ၆ ဒသမ ၂၄ ဖာလုံမှ ၃ မိုင် ၆ ဒသမ ၅ ဖာလုံထိ အရှည်ပေ ၅၄၅၀၊ ၁ မိုင် သုည ဒသမ ၂၆ ဖာလုံရှိပါကြောင်း။

မြေပြင်ကွင်းဆင်းစိစစ်ချက်အရ မြေသားလမ်းဖြစ်သောကြောင့် အချို့နေရာများတွင် လမ်းသားနိမ့်ကျမှုဖြစ်ခြင်း၊ လမ်းချိုင့်ကြီးများဖြစ်ပေါ်နေ၍ မိုးတွင်းကာလသွားလာရေး ခက်ခဲလျက်ရှိခြင်းတို့ကို တွေ့ရှိရပါကြောင်း၊ အဆိုပါလမ်းသည် အကျယ် ၁၇ ပေခန့်သာရှိသော မြေသားလမ်းဖြစ်သည့်အတွက် လမ်းအရှည် ၁ မိုင် သုည ဒသမ ၂၆ ဖာလုံကို သတ်မှတ်လမ်းအကျယ် ၂၂ ပေ ရရှိရန်အတွက် လမ်းတာပေါင်ချဲ့ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၄၈၉ သန်းကုန်ကျမည်ဖြစ်ပါကြောင်း။

ကလေးသူငယ်၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းဖွင့်ချိန်ကာလတွင် ချောမွေ့လွယ်ကူစွာ သွားလာနိုင်ရန် ရည်မျှော်၍လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရလည်းကောင်း ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ်သို့ ဆောင်ရွက်ရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ်အတွင်းမှ ပြင်ဆင်ပေးသွားမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသောလမ်းပိုင်း ၁ မိုင် သုည ဒသမ ၂၆ ဖာလုံကို မြေသားတာပေါင်ချဲ့ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဇီးကုန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းထွန်း၏ **ဇီးကုန်းမြို့နယ် အုတ်ဖို - သစ်နဖားပင် - ရေအိုးစင်ကုန်း - သစ်နဖားကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သစ်နဖား-ရေအိုးစင်ကုန်း - သစ်နဖားပင် - သစ်ဖြူကွင်းလမ်းသည် တိုင်းဒေသကြီးက စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ပြည်ထောင်စုက ကြီးကြပ်ကွပ်ကဲသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် အရှည် ၂ မိုင် ၅ ဖာလုံရှိပြီး ကျောက်ချောလမ်း ငါးဖာလုံနှင့် အမာခံလမ်းနှစ်မိုင်ရှိပါကြောင်း။

လက်ရှိမြေပြင်အခြေအနေမှာ အမာခံလမ်းပိုင်းနှစ်မိုင်တွင် အချို့နေရာများမှာ ပျက်စီးလျက်ရှိပါကြောင်း၊ ကျောက်ချောလမ်းအဆုံး ငါးဖာလုံမှစ၍ မြေသားတာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်း လေးဖာလုံကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် လျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းငွေး၏ **လယ်ဝေးမြို့နယ် ပတ္တာကျေးရွာရှိ ရန်ကုန်- မန္တလေးလမ်းဟောင်းနှင့် လေကြောင်းရန်ကာကွယ်ရေးတပ်သို့ ဆက်သွယ်သောလမ်းကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရန်ကုန် - မန္တလေးလမ်းဟောင်းနှင့် လေကြောင်းရန်ကာကွယ်ရေးတပ်(အင်ပင်သာ)သို့ ဆက်သွယ်သော လမ်းသည် လမ်းအရှည် ၃ မိုင် ၂ ဖာလုံရှိ ကတ္တရာလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံကွပ်ကဲသော လမ်းဖြစ်ပါကြောင်း၊ အင်ပင်သာကျေးရွာ၊ ရှားချောင်းကျေးရွာနှင့် ပတ္တာကျေးရွာစသည့် ကျေးရွာသုံးရွာကို ဖြတ်သန်းဖောက်လုပ်ထားသော ကျေးရွာချင်းဆက်လမ်းဖြစ်ပါကြောင်း။

အင်ပင်သာကျေးရွာ၊ ရှားချောင်းကျေးရွာနှင့် ပတ္တာကျေးရွာသည် လမ်းဦးစီးဌာနပိုင် ရန်ကုန်-မန္တလေးအမြန်လမ်း ချဉ်းကပ်လမ်း(ကုန်ထုတ်လမ်း) အား အသုံးပြု၍လည်းကောင်း၊ V4 မြို့ပတ်လမ်းမှလည်းကောင်း၊ ရန်မန်းလမ်းဟောင်းမှလည်းကောင်း လယ်ဝေးမြို့သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ်ဘောင်အတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ်တော်ကေး-ပီလခတ်ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တော်ကေး-ပီလခတ်ကျေးရွာချင်းဆက်လမ်းသည် အရှည် ၂ မိုင် ၂ ဒသမ ၆ ဖာလုံရှိပြီး တိုင်းဒေသကြီးက စီမံခန့်ခွဲသော Class A အဆင့်လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းတွင် ကျောက်ချောလမ်း ၁ မိုင် ၂ ဒသမ ၅ ဖာလုံ၊ မြေသားလမ်း ၁ မိုင် သုည ဒသမ ၁ ဖာလုံရှိပါကြောင်း၊ ကျောက်ချောလမ်း ၁ မိုင် ၂ ဒသမ ၅ ဖာလုံကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မြေသားလမ်း ၁ မိုင် သုည ဒသမ ၁ ဖာလုံကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြေသားတာပေါင်ချဲ့ခြင်း ဆောင်ရွက်လျက်ရှိပြီး ရာသီဥတုအခြေအနေပေါ်မူတည်၍ ကျောက်ချောလမ်းခင်းခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျေးလက်လမ်းမဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သောလမ်းများအဖြစ် ဦးစားပေးဆောင်ရွက်လျက်ရှိရာ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပြီးပါက ရာသီမရွေးသွားလာနိုင်သဖြင့် လတ်တလောတွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဦးသန်းဝင်းထွန်း၏ **ရွှေဘိုမြို့နယ် ခွန်တောင်းကြီးကျေးရွာ အဝင်လမ်းကို အဆင့်မြှင့်တင်ရန်အတွက် နီးစပ်သောဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ပါရန် သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရွှေဘိုမြို့နယ် ရွှေဘို - ရေဦးလမ်းမှ ခွန်တောင်းကြီးရွာအဝင်လမ်းသည် ကျောက်လမ်း ၂ မိုင် ၃ ဖာလုံရှိကာ တိုင်းဒေသကြီးက စီမံခန့်ခွဲသော Class A လမ်းဖြစ်ပြီး လမ်းဦးစီးဌာနပိုင် ရွှေဘို - ရေဦးလမ်းနှင့် ချိတ်ဆက်ထားရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျေးရွာအစီအစဉ်ဖြင့် ကျောက်လမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ရှိပျက်စီးနေသည့် ခွန်တောင်းကြီးကျေးရွာ ရွာအဝင်လမ်းအရှည် ၂ မိုင် ၃ ဖာလုံ ကျောက်ချောလမ်းကို ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ယခုအခါတွင် မြေပြင်ကွင်းဆင်းဆောင်ရွက်နိုင်မှုအခြေအနေ မရှိသေးပါသဖြင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ပြီးမှသာ ရန်ပုံငွေလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို အောက်တိုဘာ ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs)ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊မွန်ပြည်သစ်ပါတီ(NMSP) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA–S EAOs အဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ပါဝင်သည့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)က ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း မတူကွဲပြားသော ပါဝင်ပတ်သက်သူများ ပြန်လည်ချိတ်ဆက်နိုင်ရေးဆိုင်ရာ မူဘောင်အား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးပွဲ ပထမရက်၌ ဆွေးနွေးရန်ကျန်ရှိသည်များကို ဆက်လက်ဆွေးနွေးရာတွင် NCA အနှစ်သာရကို အခြေခံ၍ဆက်လက်ဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာများ၊ EAO များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မတူညီသောရည်မှန်းချက်၊ လိုလားချက်များကို ဘုံနိုင်ငံရေးမူဘောင်သတ်မှတ်၍ တစ်ခုတည်းသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုတည်ဆောက်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဒေသခံများ၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်နှင့် အမျိုးသမီးများပါဝင်လာအောင် ချိတ်ဆက်ဆောင်ရွက်ရေး၊ မတူကွဲပြားသည့် သက်ဆိုင်သူများအကြား ဆက်ဆံရေးကောင်းမွန်လာပြီး ယုံကြည်လက်ခံနိုင်သော ပေါင်းစည်းချိတ်ဆက်မှုဖြင့် ယုံကြည်မှုတည်ဆောက်ခြင်းကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NSPNC ၏ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အခြေအနေများကိုရှင်းလင်းပြောကြားပြီး နှစ်ရက်တာ ဆွေးနွေးချက်များမှ ရရှိလာသော သဘောထားစုစည်းချက်များကိုဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပိုမိုထိရောက်သောဆွေးနွေးပွဲများ ကျင်းပ၍ တိကျသည့်သဘောတူညီချက်များ ချမှတ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းရရှိမှုများကို မှတ်တမ်းတင်ဆောင်ရွက်ရာတွင် ဆွေးနွေးမှုပုံစံနှင့်ပတ်သက်၍ NSPNC နှင့် NCA–S EAO များကြား ဆောင်ရွက်မည့်အခြေအနေများ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကော်မတီများဖွဲ့စည်းဆောင်ရွက်မှု၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင် လူထုအခြေပြုဆွေးနွေးပွဲများ၊ ဖိုရမ်များကျင်းပရာတွင် သက်ဆိုင်ရာ NCA–S EAO များ ပူးပေါင်းဆောင်ရွက်သွားရေး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြန်လည်ပါဝင်လာစေရေး၊ NCA အနှစ်သာရကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ယုံကြည်မှုတည်ဆောက်ခြင်းကို တိုးမြှင့်တည်ဆောက်နိုင်ရေးနှင့် လူသားချင်း စာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာကိစ္စတို့ကို နှစ်ဖက်သဘောထားအမြင်တူညီသည့် သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက်NCAလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ပြီး ဆွေးနွေးပွဲကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ချေးငွေလျှောက်ထားရယူနိုင်ကြောင်း ဆီစက်လုပ်ငန်းရှင်များသို့ အသိပေးကြေညာ

၁။ နိုင်ငံတော်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့သည် ပြည်တွင်းရှိဆီစက်များ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်တို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရှိရမည်၊

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ–၇)များကို ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ**တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာဒေသရှိဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ အသင်းဝင်လုပ်ငန်းရှင်များကို ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) **ချေးငွေပမာဏ**

(၁) **လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ** (Working Capital) အတွက်ချေးငွေ – အနည်းဆုံး ကျပ် **သိန်း ၁၀၀** မှ အများဆုံး ကျပ် **သိန်း ၅,၀၀၀** အထိ

(၂) မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ – အနည်းဆုံး ကျပ် **သိန်း ၂၀၀** မှ အများဆုံး ကျပ် **သိန်း ၅,၀၀၀** အထိ

(ခ) **ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ**

(၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital) – ချေးငွေသက်တမ်း (၁)နှစ်

(၂) **မတည်ရင်းနှီးငွေ** (Fixed Capital) – ချေးငွေသက်တမ်း (၃) နှစ် ဆိုင်းငံ့ကာလ(၁)နှစ်၊ ပြန်ဆပ်ကာလ(၂) နှစ်၊ (၆) လတစ်ကြိမ် (၄) ရစ် ပေးဆပ်ရန်

(ဂ) **ချေးငွေအတိုးနှုန်း** – (၁) နှစ်လျှင် (၅%)

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေလျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများရယူ၍ လျှောက်ထားနိုင်ပါသည် –

(က) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဆီစက်ပိုင်ရှင်များအသင်းရုံးများအားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲများအားလုံး၊

(င) ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး၊

(စ) ပုဂ္ဂလိကဘဏ် ၁၄ ဘဏ် [ကမ္ဘောဇဘဏ်လီမိတက်၊ ဧရာဝတီဘဏ်လီမိတက်၊ ယူအေဘီဘဏ်လီမိတက်၊ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ ရွှေ(ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ သတ္တုဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊ မြန်မာ့ခရီးသွားဘဏ်လီမိတက်၊ ဆောက်လုပ်ရေးအိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာမက်ထရိုဘဏ်လီမိတက်]။

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန website www. mofr.gov.mm ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal. gov.mm ၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com ၊ MEB website www.meb.gov.mm ၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

# AI Model Version 1 ကို အသုံးပြု၍ ဥပဒေမေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းများကို စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ပြောကြား

**နေပြည်တော် စက်တင်ဘာ ၃၀**

AI Model Version 1 ကို အသုံးပြု၍ ဥပဒေမေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းများကို စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ပူးပေါင်း၍ ရှေ့ဆက်ဆောင်ရွက်မည့် AI နည်းပညာဖြင့် ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းများဆိုင်ရာ အစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက AI Model Version 1 တွင် ဥပဒေအမေးအဖြေပေါင်း ၁၃၀၀၀၀ ကျော်ကို ထည့်သွင်းလေ့ကျင့်နိုင်ခဲ့ပြီး ထပ်မံထည့်သွင်းလေ့ကျင့်ရန် ဥပဒေ Domain များ ရွေးချယ်ထားကြောင်း၊ AI Model Version 1 ကို မကြာမီကာလတွင် အများပြည်သူသို့ Launching ပြုလုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့အတူ အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဘုန်းကျော်က Myanmar Legal Assistant AI Model Version 1 တွင် ဥပဒေသတင်းအချက်အလက်များ ထည့်သွင်းဆောင်ရွက်မှု၊ တိုးတက်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ဥပဒေအသိပညာ ပြန့်ပွားရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။



(သတင်းစဉ်)

# ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၃၀**

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၆ ခုနှစ် စက်တင်ဘာလကုန်ထိ ယူရီးယား တန်ချိန် ၁၄၂၀၀၀၊ ကွန်ပေါင်းနှင့် အခြားမြေသြဇာ ၅၇၀၅၈၄တန် ထောက်ခံပေးခဲ့ပါကြောင်း ယနေ့မွန်းလွဲပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ဦးဆောင်ကော်မတီအနေဖြင့် တောင်သူများအဆင်ပြေစေရန် စုပေါင်းဝယ်ယူ၊ စုပေါင်းဖြန့်ဖြူးနိုင်ရေးအတွက် သမဝါယမစနစ်(Consortium) ပုံစံဖြင့် အမြတ်မယူဘဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရည်ညွှန်းဈေးနှုန်းကို လစဉ်ပုံမှန်ထုတ်ပြန်ပေးလျက် ရှိပါကြောင်း၊ ဓာတ်မြေသြဇာများ အရည်အသွေးနှင့် အလေးချိန်မှန်ကန်စေရေး၊ သတ်မှတ်ရောင်းဈေးနှုန်းထက် ပိုမိုရောင်းချမှုမရှိစေရေး၊ သိုလှောင်ပြီးဈေးကစားခြင်းများ မရှိစေရေး မြို့နယ်အလိုက် အရောင်းဆိုင်များကို စိစစ်ဆေးရန်လိုအပ်ကြောင်း၊ ကော်မတီ၏ ရည်ရွယ်ချက်အတိုင်း အချိန်မီရရှိရေး၊ အရည်အသွေးပြည့်ဝစေရေး၊ သတ်မှတ်ဈေးနှုန်းနှင့် တောင်သူများလက်ဝယ်အရောက် တိုက်ရိုက်ဝယ်ယူအသုံးပြုနိုင်ရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များအပါအဝင် သက်ဆိုင်ရာဌာနအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန်က ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးထောက်ခံပေးထားသည့် တန်ချိန်များအပေါ်မှတ်တမ်းတင်ပေးနိုင်ရန်နှင့် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့က ဓာတ်မြေသြဇာ ဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကလှူဒါန်းသော ဆန် ၁၃၀၉ ဒသမ ၃၃၉ တန်ကို ဧရာဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများထံထောက်ပံ့ရန် စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်

**ပုသိမ် စက်တင်ဘာ ၃၀**

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ(APTERR) အစီအစဉ်-၃(၂၀၂၅) အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က လှူဒါန်းသော ဆန် ၁၃၀၉ ဒသမ ၃၃၉ တန်ကို ဧရာဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများထံထောက်ပံ့ရန် စိုက်ပျိုးရေး ဦးစီးဌာနမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယခုကဲ့သို့ အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်ဖြင့် ရေဘေးသင့်ပြည်သူများကို လာရောက်ထောက်ပံ့သည့် APTERR အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှတာဝန်ရှိသူများကို နိုင်ငံတော်အစိုးရကိုယ်စား၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားနှင့် ရေဘေးသင့်ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က APTERR Tier 3 Program အကြောင်း ရှင်းလင်းတင်ပြပြီး APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr.Choomjet karnjanakesornနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ ပထမအတွင်းဝန် Mr.Wang Xianzhong က လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ Tier 3 ဆန်များကိုတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်ရာ ကျေးဇူးတင်ဂုဏ်ပြုလွှာနှင့် ဒေသထွက်လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ APTERR သည် အာဆီယံ ၁၀ နိုင်ငံနှင့် အပေါင်းသုံးနိုင်ငံများအတွင်း သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများဖြစ်ပေါ်ချိန်တွင် လိုအပ်သည့်ဒေသများသို့ အရန်ဆန်များထောက်ပံ့ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

ထို့အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ဂီတအစည်းအရုံးတို့မှ ဒုတိယအကြိမ် ငွေကျပ်သိန်း တစ်ထောင့်နှစ်ရာနှင့် ငွေကျပ်သိန်းတစ်ထောင်ခန့် တန်ဖိုးရှိသော ဆေးဝါး၊ အဝတ်အထည်နှင့် စားသုံးကုန်ပစ္စည်းများ၊ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MHFTSA)က ငွေကျပ်သိန်း ၁၅၀ ကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများအတွက် စစ်တက္ကသိုလ် အမှတ်စဉ်(၂၂)မှ အရာရှိများနှင့် မိသားစုများ၊ Golden Land Group၊ Royal Sky ကုမ္ပဏီလီမိတက်၊ Dagon Golf City ဝန်ထမ်းမိသားစု၊ ဦးမောင်မောင်ကျော် (CEO, Dagon Golf Club)၊ ကိုဘော်ဘော် မိသားစု၊ ဦးဘိုဘိုထက်တို့က အလှူငွေများကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီး




ဝန်ကြီးချုပ်ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး အတွင်း ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအဖြစ် ပုသိမ်မြို့ ဧရာဝတီ တိုင်းဒေသကြီးလွှတ်တော်ရုံးရှေ့ ရန်ကုန်-ပုသိမ် ကားလမ်းဘေးဝဲယာရေမြောင်း၊ ပုသိမ်မြို့အဝင် "ရှီးသားကြိုးစား ဧရာဝတီသား"ဆိုင်းဘုတ်မှ ဒိုက်ထူတိုးဂိတ် လမ်းဘေးဝဲယာရေမြောင်းများ၊ မဟာစေတီလမ်း(မြို့ပတ်လမ်း)ရှိ ငါးကျီးထူချောင်းတို့၌ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်နှင့်နုန်းမြေများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၁၀ / ၂၀၂၆)ထုတ်ပြန်

၁။ လူသားတို့၏ ပျမ်းမျှသက်တမ်းမြင့်တက်လာခြင်းနှင့်အတူ တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုးပွားလျက်ရှိသည့် သက်ကြီးပုဂ္ဂိုလ်များအား အသိအမှတ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂက နှစ်စဉ် အောက်တိုဘာ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးနှင့်သက်ဆိုင်သော အခြေခံမူများ ချမှတ်ခဲ့ပါသည်။

၂။ ယင်းအခြေခံမူများနှင့်အညီ သက်ကြီးပုဂ္ဂိုလ်များ၏ လွတ်လပ်စွာရပ်တည် ဆုံးဖြတ်ချက်ချနိုင်ခွင့်၊ လူ့အဖွဲ့အစည်း အတွင်း ပါဝင်ဆောင်ရွက်ခွင့်၊ ပြုစုစောင့်ရှောက်မှု ခံယူပိုင်ခွင့်၊ မိမိစွမ်းရည်ကို အပြည့်အဝဖော်ထုတ်နိုင်ရန် အခွင့်အလမ်းများ ရရှိခွင့်နှင့် ခွဲခြားဆက်ဆံခံရခြင်း ကင်းဝေးပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ခွင့်တို့ကို မြှင့်တင်ကာကွယ်ပေးခြင်းဖြင့် သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝအရည်အသွေးကို မြင့်မားစေသည့်အပြင် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံများက လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အဖိုးအနဂ္ဃထိုက်တန်သော အကျိုးကျေးဇူးများ ဖြစ်ထွန်းလာစေမည်ဖြစ်ပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် သက်ကြီးပုဂ္ဂိုလ်များသည် အခြားသူများနည်းတူ အသက်ရှင်သန်ခွင့်၊ လုံလောက်သည့် လူနေမှုအဆင့်အတန်းအတွက် လူမှုအထောက်အပံ့များရရှိခွင့်နှင့် ဘဝလုံခြုံမှုရရှိခွင့်တို့ကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ရာခိုင်နှုန်းမှာ သက်ကြီးပုဂ္ဂိုလ်များ ဖြစ်ရာ ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင်လည်း လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ ကော်မတီတို့ကိုဖွဲ့စည်းကာ သက်ကြီးပုဂ္ဂိုလ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားကူညီဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် သက်ကြီးပုဂ္ဂိုလ်များ၏ လူသားဂုဏ်သိက္ခာကို အသိအမှတ်ပြုကာ ၎င်းတို့၏အခွင့်အရေးများ မြှင့်တင်ကာကွယ်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ သက်ကြီးပုဂ္ဂိုလ်များ ပြုစုစောင့်ရှောက်ရေးသင်တန်းများတွင် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးများ ထည့်သွင်းဆွေးနွေးပို့ချခြင်းနှင့် ဘိုးဘွားရိပ်သာများတွင် အခြေခံလူ့အခွင့်အရေးများ ဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ အစာအာဟာရနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်ပေးမှု၊ မိသားစု မိတ်ဆွေများနှင့် တွေ့ဆုံနိုင်ရေးစီစဉ်ပေးမှု စသည်တို့အပေါ် သွားရောက်ကြည့်ရှု၍ သက်ကြီးပုဂ္ဂိုလ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး သက်ဆိုင်ရာသို့ အကြံပြုခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

၅။ ယနေ့ ကျရောက်သော အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ (International Day of Older Persons) အတွက် ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ ''The Age of Longevity: Rethinking Systems for Longer Lives'' **(သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လှျှောက်လှမ်းမည်)** ဖြစ်သည်နှင့်အညီ ကမ္ဘာပေါ်ရှိ သက်ကြီးပုဂ္ဂိုလ်အားလုံး ဂုဏ်သိက္ခာရှိစွာဖြင့် သက်ရှည်ကျန်းမာနေပျော်သည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးအတွက် သမားရိုးကျဘဝနေထိုင်မှု လမ်းကြောင်းများမှသည် ဘဝနေနည်းပုံစံသစ်များ ဖော်ဆောင်ရန်နှင့် ကမ္ဘာ့လူနေမှုစနစ်များကို ပြန်လည်ဆန်းစစ်ရန် နိုင်ငံ အသီးသီးနှင့် လူ့အဖွဲ့အစည်းအားလုံးက အလေးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
၂၀၂၆ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

# ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

လဲချားမြို့၊ ကာလိမြို့၊ နမ့်စန်မြို့နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့၊ လင်းခေးမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်များနှင့် ချီးမြှင့်ငွေများပေးအပ်ရာ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

(မဝ)

## ၃၀-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၂ ~ ၃၆၇၀ | ၅၅၇.၅ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၅,၇၀၂,၁၃၂.၂၃ | ၆,၀၄၂,၀၇၂.၆၉ | ၈၅,၅၆၀,၈၇၉.၁၀ | |





## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာရဲမြင့်အား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ထူးခြားသည့် နေ့အပူချိန်များ

(၃၀- ၉ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| ကလေးဝ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ် | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်း | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြိတ် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြောင်းမြ | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ် | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၃၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ကော့သောင်း | ၃၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ခရီးသွားဧည့်သည်များကို ဆွဲဆောင်လည်ပတ်နိုင်သည့် နေရာတစ်ခုဖြစ်သည့် ပူတာအိုနံနက်ခင်းဈေးအတွင်း ဒေသထွက်ဟင်းသီးဟင်းရွက်များ၊ သားငါးများနှင့် ရေခဲတောင်မှထွက်ရှိသည့် ဆေးဖက်ဝင်ပစ္စည်းများရောင်းဝယ်ဖောက်ကား



**မြစ်ကြီးနား စက်တင်ဘာ ၃၀**

ခရီးသွားဧည့်သည်များကို ဆွဲဆောင်လည်ပတ်နိုင်သည့် နေရာတစ်ခုဖြစ်သည့် ပူတာအို နံနက်ခင်းဈေးအတွင်း ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ ဒေသထွက်ဟင်းသီးဟင်းရွက်များ၊ သားငါးများနှင့် ရေခဲတောင်မှထွက်ရှိသည့် ဆေးဖက်ဝင်ပစ္စည်းများရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများ ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဟင်းသီးဟင်းရွက်များကို ဝယ်ယူအားပေးခဲ့သည်။

ဆက်လက်၍ ပူတာအိုမြို့ ခရိုင်ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဓာတ်မှန်ဌာန၌ တရုတ်နိုင်ငံထုတ် Browiner (100 MA Digital X-Ray ဓာတ်မှန်စက်သစ်ဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေနှင့် ဆေးရုံအတွင်း ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများကိုလိုက်လံနှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများပေးအပ်ပြီး ဆေးရုံကြီးကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေကျပ် ၃၃ သိန်းနှင့် ဆေးဝါးကုသမှုခံယူနေသောလူနာ ၆၈ ဦးတို့အတွက် ထောက်ပံ့ငွေကျပ်တစ်ဦးလျှင် နှစ်သောင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်သည်။

ထို့မှတစ်ဆင့် ခရိုင်ပြည်သူ့အားကစားကွင်းအတွင်း ပူတာအိုခရိုင်ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၁၇ နှစ်အောက် အမျိုးသားကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဖျော်ဖြေရေးအဖွဲ့များအတွက် ချီးမြှင့်ငွေများနှင့် ဘောလုံးပြိုင်ပွဲအတွက် အားကစားအထောက်အကူပြုပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီးအခြေခံပညာကျောင်းများမှ ကျောင်းသူလေးများ၏ တေးသီချင်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဗိုလ်လုပွဲစဉ်အဖြစ် အခြေခံပညာ အထက်တန်းကျောင်း (ပူတာအို)အသင်းနှင့် အခြေခံပညာ အထက်တန်းကျောင်း (မချမ်းဘော့) အသင်းတို့၏ ယှဉ်ပြိုင်မှုကို ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြရာ အခြေခံပညာအထက်တန်းကျောင်း (ပူတာအို) အသင်းက အနိုင်ရဗိုလ်စွဲသွားပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

**☆ ကျောဖုံးမှအဆက်**

ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဝေနမြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ၇ ပေ ၇ လက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ၈ ပေ ၁ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၉ ပေ ၃ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၆ ပေ ၇ လက်မခန့်၊ ကျောင်းကုန်းမြို့နယ်အတွင်း ၆ ပေ ၄ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(၅၀၁)**



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများကို သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

---

**❖ ကျောက်မျက်ရတနာပြပွဲမှ**

ကျောက်အတွဲ အမျိုးအစားအလိုက် သတ်မှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာနှင့်ညီမျှသော ငွေလဲလှယ်နှုန်းထားများသတ်မှတ်ရာတွင်ပြည်တွင်း၊ပြည်ပရတနာကုန်သည်များက ပုလဲအတွဲ၊ ကျောက်မျက်အတွဲနှင့် သတ်မှတ်အုပ်စုပါ ကျောက်စိမ်းအတွဲများအတွက် အာမခံစပေါ်ငွေနှင့် တန်ဖိုးနှုန်းထားများကို နိုင်ငံတော်က နစ်နာမှုမရှိစေရေး၊ ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များက ဈေးနှုန်းအပြိုင်ပေး၍ ဝယ်ယူစေရေးတို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များက ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းများအနက် အမြင့်ဆုံးငွေလဲလှယ်နှုန်းနှင့် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ သတ်မှတ်ရာတွင် ပြပွဲစတင်ကျင်းပသည့် အောက်တိုဘာ ၈ ရက်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များက ထုတ်ပြန်သည့် နှုန်းထားများကို ရယူပြီး သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားသည်။ **(မိုး/ဇလ)**

---

**✱ အမျိုးသမီးဘောလုံးပြိုင်ပွဲမှ**

ပထမပိုင်း ၁၂ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ အားကစားသမားက အပြန်အလှန်ခုခံကာကွယ်ရင်း နောက်တန်းအားကစားသမား၏ မတော်တဆမှားယွင်းမှုကြောင့် မိမိဂိုးအားဝင်သွားသည့်အတွက် တစ်ဖက်အသင်းအား ဂိုးပေးလိုက်ရပြီး ကရင်ပြည်နယ်အသင်းမှ ပထမဂိုးကိုလည်းကောင်း၊ ၃၁ မိနစ်တွင် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၇) နော်ကော်ကပြူးစေးက ဒုတိယဂိုးကိုလည်းကောင်း၊ ၃၈ မိနစ်တွင် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၁၅) နန်းမိုးပွင့်အေးချိုက တတိယဂိုးကိုလည်းကောင်း သွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းပြီးဆုံးချိန်ထိ နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခဲ့ခြင်းမရှိသည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် ကရင်ပြည်နယ်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အကောင်းဆုံးဂိုးသမားဆု ရရှိသည့် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၁၈)နန်းယမင်းအေးကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးကလည်းကောင်း၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ ကျောနံပါတ်(၁၂)ဆွေစင်ဖြိုးကို ကရင်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးတင်မောင်လှိုင်ကလည်းကောင်း၊ အကောင်းဆုံးအလယ်တန်းအားကစားသမားဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၁၅) နန်းမိုးပွင့်အေးချိုကို ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးမျိုးမြင့်အောင်ကလည်းကောင်း၊ အကောင်းဆုံးရှေ့တန်းအားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၁၇) အေးချမ်းသူကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၇) နော်ကော်ကပြူးစေးကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးကလည်းကောင်း တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ် Trophy များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ စတုတ္ထဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ငွေသားဆုကျပ်သိန်း ၂၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း၊ တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်သိန်း ၃၀ ကို မြန်မာနိုင်ငံအမျိုးသား လွှတ်တော်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်သိန်း ၅၀ ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ကရင်ပြည်နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး အားကစားရေးရာ ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းကို ငွေသားဆုကျပ်သိန်း ၁၀၀ နှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

**● ဖမ်းဆီးရမိမှ**

ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့်ထိုသို့ တရားမဝင် ကုန်ပစ္စည်းများရောင်းချနိုင်ရန် ပြည်တွင်း၌နေထိုင်သူအချို့က ဝယ်ယူရောင်းချခြင်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ သိရသည်။

အဆိုပါ တရားခံပြေး သင်းသင်းနွယ်၏ တရားမဝင်အလှကုန်ပစ္စည်းများနှင့် တရားမဝင်ရတနာပစ္စည်းများ ရောင်းချရာတွင် ကူညီဆောင်ရွက်ပေးသူများကို ဖမ်းဆီးနိုင်ရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် တရားမဝင်အလှကုန်ပစ္စည်းများရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးသူ လင်းမင်းအောင်ကို ပြည်မြို့ရှိ ၎င်း၏နေအိမ်၌လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် တရားမဝင် ကျောက်မျက်ရတနာများရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးသူ နေလင်းဦးနှင့် တရားခံပြေး သင်းသင်းနွယ်၏ ညီမဖြစ်သူ ဆိုဖီသင်းတို့ နှစ်ဦးကို သဃ်န်းကျွန်းမြို့နယ်ရှိ ၎င်းတို့၏နေအိမ်၌လည်းကောင်း၊ တရားမဝင် ငွေကြေးလွှဲပြောင်းရာတွင် ကူညီဆောင်ရွက်ပေးသူ အိအိသူကို ဒေါပုံမြို့နယ်ရှိ ၎င်း၏နေအိမ်၌လည်းကောင်း စုစုပေါင်း တရားခံ လေးဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ လင်းမင်းအောင်၊ နေလင်းဦး၊ ဆိုဖီသင်းတို့သည် ရွှေနဒီ & Inca Pure အလှကုန်နှင့် တရားမဝင် ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းကို တရားခံပြေး သင်းသင်းနွယ်နှင့် အကျိုးတူပူးပေါင်း၍ လူမှုကွန်ရက်မှ တစ်ဆင့် လုပ်ကိုင်လျက်ရှိကြောင်း၊ ထို့ပြင် အိအိသူသည် အဆိုပါ ကျောက်မျက်ရတနာရောင်းချခြင်းလုပ်ငန်းတွင် ၎င်း၏ အမည်ဖြင့် ဖွင့်လှစ်ထားသည့် Mobile Payments အကောင့်များဖြင့် အခကြေးငွေရယူ၍ ငွေလွှဲလက်ခံရယူခြင်းနှင့် အခြားအကောင့်များသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ ပြုလုပ်နိုင်ရန် ကြားခံအဖြစ် တရားခံပြေး သင်းသင်းနွယ်ကို ကူညီဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ၎င်းတို့ လေးဦးကို တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မိဘပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့များကို အားပေးကူညီထောက်ပံ့ရန်ရည်ရွယ်၍ တရားမဝင်စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသူများ၊ ဝယ်ယူအားပေးသူများ၊ ထိုသို့ ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်ပေးသူများကို သိရှိပါက သက်ဆိုင်ရာလုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များကို ကူညီထောက်ပံ့မှုများပြုလုပ်နိုင်ရန်ရည်ရွယ်၍ လူမှုကွန်ရက်မှတစ်ဆင့် တရားမဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသူများနှင့် ကူညီဆောင်ရွက်ပေးသူများကို ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)


သင်းသင်းနွယ်၏ မှတ်တမ်းဓာတ်ပုံ။


ဖမ်းဆီးရမိတရားခံ လင်းမင်းအောင်၏ မှတ်တမ်းဓာတ်ပုံ။


ဖမ်းဆီးရမိတရားခံ နေလင်းဦး၏ မှတ်တမ်းဓာတ်ပုံ။


ဖမ်းဆီးရမိတရားခံ ဆိုဖီသင်း၏ မှတ်တမ်းဓာတ်ပုံ။


ဖမ်းဆီးရမိတရားခံ အိအိသူ၏ မှတ်တမ်းဓာတ်ပုံ။

**■ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှ**

အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့်ဝင်ရောက်နေခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၈၂ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လက်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၅၇၈ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၀၄ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

**◆ တင်းနစ်ပြိုင်ပွဲမှ**

ဖော်ပြခဲ့ကြောင်း သိရသည်။

Hangzhou Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စက်တင်ဘာ ၂၉ ရက်က မက်ဗီဒက်နှင့် ရှုလက်တို့ယှဉ်ပြိုင်ကစားခဲ့ရာ မက်ဗီဒက်က ပထမပွဲငယ်တွင် (၇-၅)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲငယ်တွင်လည်း (၆-၄)ရလဒ်ဖြင့် ထပ်မံအနိုင်ရရှိခဲ့သဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဗီဒက်က "ရှုလက်က အရည်အချင်းအပြည့်အဝရှိတဲ့ ကစားသမားဆိုတာ အစောတည်းက ကျွန်တော်သိပြီးသားပါ။ သူနဲ့ကျွန်တော် ပြိုင်ပွဲတော်တော် များများမှာ တွဲကစားဖူးပါတယ်။ အခုလို ပြိုင်ဘက်အဖြစ် ပြန်လည်တွေ့ဆုံရတာ ဝမ်းသာပါတယ်။ အခုလိုအရေးကြီးတဲ့ ဆုဖလားတစ်လုံး ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့သည်။

မက်ဗီဒက်သည် Hangzhou Open အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ပရော်ဖက်ရှင်နယ်ကစားသမား ဘဝ ATP အဆင့်ပြိုင်ပွဲတွင် ၂၄ ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ၎င်းသည် ယခုနှစ်တင်းနစ်ရာသီတွင်လည်း ATPအဆင့်ပြိုင်ပွဲများတွင် တတိယအကြိမ်မြောက် ဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဗီဒက်သည် လာမည့် ATP Tour အဆင့်ပြိုင်ပွဲဖြစ်သည့် တရုတ်အိုးပင်း တင်းနစ်ပြိုင်ပွဲနှင့် တိုကျိုဂျပန်အိုးပင်း တင်းနစ်ပြိုင်ပွဲတို့တွင်လည်း ဆက်လက်ပါဝင်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

## ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် ရာသီဥတုခိုလှုံနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

- (က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊
- (ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊
- (ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊
- (ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊
- (င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊
- (စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊
- (ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊
- (ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊
- (ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊
- (ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊
- (ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊
- (ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊
- (ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊
- (ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊
- (ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ဝ၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# အင်ဒိုနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများ ဆက်လက်ဖြစ်ပွားနေပြီး မီးလောင်ကျွမ်းခဲ့သည့် သစ်တောမြေ ၅၂၇ ဒသမ ၆ ဟက်တာထိရှိ



ဂျကာတာ စက်တင်ဘာ ၃၀

အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်ခြောက်ခုတွင် တောမီးလောင်ကျွမ်းမှုများ ဆက်လက်ဖြစ်ပွားနေပြီး စက်တင်ဘာ ၂၉ ရက်ထိ မီးလောင်ကျွမ်းခဲ့သည့် သစ်တောမြေ ၅၂၇ ဒသမ ၆ ဟက်တာထိရှိကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ(BNPB)၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ (BNPB) ၏ ယနေ့ထုတ်ပြန်ချက်အရ တောမီးလောင်ကျွမ်းနေသည့် သစ်တောများအနက် ၄၃၁ ဒသမ ၅၃ ဟက်တာကို မီးငြိမ်းသတ်နိုင်ခဲ့ပြီး တောမီးကို ငြိမ်းသတ်ရာတွင် မြေပြင်မှ ၃၆၉ ဒသမ ၀၃ ဟက်တာနှင့် ဝေဟင်မှ ၆၂ ဒသမ ၅၀ ဟက်တာထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျန်ရှိသည့်သစ်တောမြေ ၉၆ ဒသမ ၀၇ ဟက်တာတွင် မီးထိန်းချုပ် ငြိမ်းသတ်ရေးလုပ်ငန်းများကို ဒေသခံမီးသတ်တပ်ဖွဲ့များ၊ ဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းကာ မြေပြင်နှင့် ဝေဟင်မှဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများကြောင့် လေထုအရည်အသွေးထိခိုက်မှုများ ဖြစ်ပေါ်လာသည့်အပြင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အရှေ့တောင်အာရှဒေသတွင် မီးလောင်ကျွမ်းမှု အန္တရာယ်ဆက်လက် မြင့်မားလာနိုင်ကြောင်း လေထုနှင့်ရာသီဥတုဆိုင်ရာ စောင့်ကြည့်လေ့လာမှုများအရ သိရသည်။

Ref : Russia Today

Trs : KZ

# ဘယ်လ်ဂျီယံနိုင်ငံတွင် အပူချိန်မြင့်တက်သဖြင့် တောမီးလောင်ကျွမ်းပြီး လေထုညစ်ညမ်းမှုမြင့်တက်လာ

ပဲရစ် စက်တင်ဘာ ၃၀

ဘယ်လ်ဂျီယံနိုင်ငံတွင် ယခုနှစ် ရှစ်လတာကာလအတွင်း အပူချိန်မြင့်တက်သဖြင့် တောမီးလောင်ကျွမ်းပြီး လေထုညစ်ညမ်းမှုမြင့်တက်လာကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သုတေသနရလဒ်များအရ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာ့လူဦးရေ၏ ၃၄ ရာခိုင်နှုန်းမှာ ညစ်ညမ်းသောလေထုကို ရှူရှိုက်နေရပြီး နိုင်ငံ၏ လေထုညစ်ညမ်းမှုမှာလည်း သက်တမ်းတစ်လျှောက် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း၊ ဥရောပသမဂ္ဂ၏ လေထုအခြေအနေ စောင့်ကြည့်လေ့လာရေးဝန်ဆောင်မှု (CAMS) အဖွဲ့အစည်းမှ သုတေသီများက လေထုညစ်ညမ်းမှုအခြေအနေကို အမြဲမပြတ်စောင့်ကြည့်တိုင်းတာနေကြောင်း သိရသည်။

"ဒီနှစ်ရဲ့ ပထမရှစ်လတာကာလအတွင်း လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေတာကို စောင့်ကြည့်တိုင်းတာခဲ့ပြီးတော့ လိုအပ်တဲ့ သုတေသနတွေပြုလုပ်ခဲ့ပါတယ်။ သုတေသနရလဒ်တွေအရ အပူချိန်မြင့်တက်မှုတွေ၊ တောမီးလောင်ကျွမ်းမှုတွေကြောင့် ထွက်ပေါ်လာတဲ့မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုဟာ အန္တရာယ်ရှိတဲ့အဆင့်ကို ရောက်လာပါတယ်။ လေထုညစ်ညမ်းမှု လျှော့ချဖို့ သုတေသနတွေ ဆက်လက်ဆောင်ရွက်နေပါတယ်။ လေထုညစ်ညမ်းမှုကလဲ သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးအခြေအနေဖြစ်ပါတယ်"ဟု ဥရောပသမဂ္ဂ၏ လေထုအခြေအနေစောင့်ကြည့် လေ့လာရေးဝန်ဆောင်မှု (CAMS)အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ထိုင်းနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်နေသဖြင့် ရေဘေးသင့်ပြည်သူ ၂ ဒသမ ၆ သန်းခန့်ထိရှိနေ

ဗန်ကောက် စက်တင်ဘာ ၃၀

ထိုင်းနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ရေဘေးသင့်ပြည်သူ ၂ ဒသမ ၆ သန်းခန့်ထိရှိနေကြောင်း ထိုင်းနိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့် စီရင်စုပေါင်း ၂၉ ခုထိရှိနေပြီး ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ၂၃ ဦးထက် မနည်းရှိနေကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် စီရင်စုပေါင်း ၂၉ ခုအနက် စီရင်စုခြောက်ခုတွင် ရေဘေးအန္တရာယ်အခြေအနေ တည်ငြိမ်လာပြီဖြစ်ပြီး ဗန်ကောက်မြို့တွင်လည်း ရေကြီးရေလျှံမှုအခြေအနေတည်ငြိမ်ပြီဖြစ်ကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"ဗန်ကောက်မြို့အပါအဝင် စီရင်စုပေါင်း ၂၉ ခုမှာ ရေကြီးရေလျှံမှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ဗန်ကောက်မြို့ကတော့ ရေဘေးအန္တရာယ်နဲ့ အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရပါတယ်။ ဒါပေမဲ့ ဗန်ကောက်မြို့အပါအဝင် စီရင်စုပေါင်း ခြောက်ခုမှာတော့ ရေကြီးရေလျှံမှုအခြေအနေ တည်ငြိမ်လာပြီဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၂၃ ယောက်ရှိခဲ့ပါတယ်။ ရေဘေးအန္တရာယ်ကြောင့်ပျက်စီးခဲ့တဲ့ လူနေအိမ် ၂၂၅၄ လုံးရှိခဲ့ပါတယ်။ ရေဘေးသင့်ပြည်သူ ၂ ဒသမ ၆ သန်းလောက်ထိ ရှိနေပါတယ်။ ရေဘေးသင့်ပြည်သူတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပါတယ်"ဟု ထိုင်းနိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# နယူးကယ်လီဒိုးနီးယားနိုင်ငံ ပင်လယ်ပြင်တွင် ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ပြီး လမ်း၊ တံတားများ၊ အဆောက်အအုံများ ပျက်စီး

ဝါရှင်တန် စက်တင်ဘာ ၃၀

နယူးကယ်လီဒိုးနီးယားနိုင်ငံ တာဒင်းမြို့၏ အရှေ့မြောက်ဘက် ၇၆ ကီလိုမီတာခန့်အကွာ ပင်လယ်ပြင်တွင် စက်တင်ဘာ ၂၉ ရက်က ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ပြီး လမ်း၊ တံတားများ၊ အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း အမေရိကန်ဘူမိဗေဒလေ့လာရေးဌာန(USGS)၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါငလျင်သည် စက်တင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၂၃ မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့ပြီး ငလျင်ဗဟိုချက်သည် မြေအောက်အနက် ၁၀ ကီလိုမီတာခန့်တွင်တည်ရှိကြောင်း၊ ငလျင်သည် ပင်လယ်ပြင်အောက်တွင် ဖြစ်ပေါ်ခဲ့ပြီး အဆိုပါဒေသတွင် မကြာသေးမီ ရက်များအတွင်း လှုပ်ခတ်ခဲ့သည့် ငလျင်များ၏ နောက်ဆက်တွဲ တုန်ခါမှုတစ်ခု ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် အနီးဝန်းကျင်ဒေသများတွင်တုန်ခါမှုကိုခံစားခဲ့ရသော်လည်း ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်းမရှိသေးကြောင်း၊ လမ်း၊ တံတားများ၊ အဆောက်အအုံများ ပျက်စီးခဲ့သော်လည်းကြီးမားသည့် ထိခိုက်ပျက်စီးမှု မရှိကြောင်း၊ ထိခိုက်ပျက်စီးမှု အတိအကျကိုမူ ယနေ့တွင် စစ်တမ်းကောက်ယူဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ



# ဖီဂျီနိုင်ငံတွင် မိုးခေါင်မှုအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားပြီး ပူပြင်းခြောက်သွေ့သည့်ရာသီဥတုဖြင့် ရင်ဆိုင်နေရ

ဆူဗာ စက်တင်ဘာ ၃၀

ဖီဂျီနိုင်ငံတွင် မိုးခေါင်မှုအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားပြီး ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြင့်ရင်ဆိုင်နေရကြောင်း ဖီဂျီနိုင်ငံ ကျေးလက်နှင့် ရေကြောင်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုကာလအတွင်း သောက်သုံးရေ ဖူလုံရေးအတွက် ဦးစားပေး ဆောင်ရွက်မည်ဖြစ်ပြီး ရေသိုလှောင်ရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိုးခေါင်မှုအန္တရာယ်တိုက်ဖျက်ရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေး လုပ်ငန်းများကိုလည်း ဖီဂျီနိုင်ငံ ကျေးလက်နှင့် ရေကြောင်းဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီးဌာန ဝန်ကြီး မော့ဆက်ကိုယ်တိုင် ဦးဆောင်မည်ဖြစ်ကြောင်း သိရသည်။

"ဖီဂျီနိုင်ငံမှာ ရာသီဥတုဖောက်ပြန်မှုပြဿနာတွေနဲ့ ရင်ဆိုင်နေရတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်မှုပြဿနာတွေ ဖြစ်ပေါ်လာတယ်။ မိုးခေါင်မှုအန္တရာယ်ကို စီမံချက်တွေနဲ့ ရင်ဆိုင်သွားဖို့ အစည်းအဝေးပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ အစည်းအဝေးဆုံးဖြတ်ချက်အရ မိုးခေါင်မှုတိုက်ဖျက်ရေးကို အမြန်ဆုံးဆောင်ရွက်သွားမယ်။ မိုးခေါင်မှုတိုက်ဖျက်ရေးအတွက် အရေးကြီးတဲ့ရာသီဥတုဖောက်ပြန်မှု တိုက်ဖျက်ရေးကိုလဲ ဆောင်ရွက်သွားမယ်။ ဖီဂျီနိုင်ငံ ကျေးလက်နှင့်ရေကြောင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဝန်ကြီးဌာနက စီမံချက်တွေကို ဦးဆောင်ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ဖီဂျီနိုင်ငံ ကျေးလက်နှင့်ရေကြောင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီးဌာန ဝန်ကြီး မော့ဆက်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ထိုနေ့က ရုပ်နှင့်နာမ် ရန်ဖြစ်သည်

မစန္ဒာ



"ဟေ့...ဒီမှာ"

"အေး... ပြော"

"နင်က အခုလို ပြင်လိုက်ဆင်လိုက်တော့လဲ ဘယ်ဆိုးလို့လဲ...၊ ကြည့်ပျော်ရှုပျော်တော့ ဖြစ်သွားတာပဲ၊ ဒီဝိုင်းထဲမှာ နင်အလှဆုံးဟ...သိလား"

"အမယ်လေးဟဲ့၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ် နေလိုက်တာ"

"ငါတကယ်ပြောတာ... ယုံလိုက်စမ်းပါ"

"နင်က ငါ့ကို ကျကျနနပြင်ပေးထားတာကိုး"

"ဟိ... ငါ တော်တယ်နော်"

"အေး... ပြော... ပြော"

"ဟုတ်တယ်လေ၊ နင်က တော်တော်မလှတာ၊ နင့်ကိုယ်နင် သိတယ်မဟုတ်လား၊ ငါ့ကြောင့် ကြည့်ကောင်းသွားတာ၊ ဆံပင်ကို သပြေညိုရောင်ရင့်ရင့်ကလေးဆိုး၊ ဆံထုံးပုံ့ပုံ့လေးထုံး၊ သဇင်ပန်းတွေ ဝေနေအောင်ပန်၊ မိတ်ကပ်အကောင်းစားတွေသုံး၊ စိန်နားကပ်အကြီးကြီးပန်... နင် ခေါင်းငဲ့လိုက်ရင် တဖျတ်ဖျတ်ကိုလက်လို့... လူတွေရဲ့ မျက်လုံးက သဇင်ပန်းနဲ့ စိန်နားကပ်မှာပဲ ဝဲနေတာ၊ နင့်မျက်လုံးမှေးနေတာ မမြင်ရတော့ဘူး... အရေးကြီးတာ ပြင်တတ်ဖို့ဆိုတာ သိထား"

"အေး... အဲဒါထက် အရေးကြီးတာတစ်ခု ငါ့မှာ ဖြစ်နေတယ်...တော်တော်ကို အရေးကြီးတယ်"

"ဘာလဲဟ..."

"ငါဗိုက်နာနေတယ်...အိမ်သာတက်ချင်နေတယ်"

"ဘာပြောတယ်..."

"ငါ ဗိုက်နာနေတယ်လို့ ပြောနေတာလေဟာ"

"ဘုရားရေ... ဒီလိုအချိန်မှာ ဗိုက်မနာသင့်ဘူးဆိုတာ နင်နားမလည်ဘူးလား..."

"မသင့်တာတွေ၊ မသိတာတွေကို ငါ နားမလည်ဘူး၊ ဖြစ်ချင်တာက ဖြစ်ချင်တဲ့အချိန်မှာ ဖြစ်ချင်သလို ဖြစ်လာတတ်တာပဲ"

"ဒုက္ခပါပဲဟာ... နင်မညစ်နဲ့နော်"

"အကျိုးနည်းမှပဲ နင်နဲ့ ငါ အတူတူတွဲလာကြတာ မွေးကတည်းကပဲဟာ ငါက ဘာကိစ္စညစ်ရမှာလဲ၊ စဉ်းစဉ်းစားစားပြော..."

"ဒီလိုအချိန်မှာ ဗိုက်နာတာကတော့ နင်ညစ်တာပဲ"

"ခက်တော့နေပြီ၊ သူ့ဟာသူ နာလာတဲ့ဗိုက်... ငါလုပ်တာမှ မဟုတ်တဲ့ဟာကို ... ကျွတ် ... ကျွတ် ... အိမ်သာတော့ပြေးရတော့မယ်ထင်တယ်..."

"ဟဲ့ မလုပ်နဲ့နော်...ဟိုမှာပြောနေတယ်၊ မကြားဘူးလား အပင်းမရဲ့... မင်္ဂလာအချိန်ကျပြီတဲ့...အခါတော်ပေးတော့မယ်၊ ဟော... ဟိုမှာ မင်္ဂလာစုံတွဲ ဝင်လာတော့မယ်..."

"ဒုက္ခပါပဲဟာ"

"ဗိုက်နာတာလောက်များ အောင့်ထားလိုက်၊ ခဏပဲဟာ"

"ဘေးပေါက်ကနေ ထွက်သွားမယ်လေ"

"ဟာ...ဒီကောင်မနဲ့တော့ ခက်နေပြီ၊ ဖြစ်မလားဟ...၊ နင်က ထိပ်ဆုံးစားပွဲကြီးမှာ ထိုင်နေတာ၊ မင်္ဂလာစုံတွဲဝင်လာတာကို ချစ်ခင်စွာနဲ့ပြုံးပြီး ကြည့်နေရမှာ... အဲဒီအချိန်ကျမှ ဘေးပေါက်ကနေ ထပြီး ထွက်သွားရမယ်လို့၊ ရုပ်ပျက်တာပေါ့ဟယ်၊ ဘယ်ကောင်းမှာလဲ"

"ဗိုက်က တကယ့်ကို နာနေပြီ"

"နင်က မင်္ဂလာစင်ပေါ်တက်ပြီး ပန်းကုံးစွပ်နေရမဲ့သူလေ၊ ထပြီး ထွက်သွားဖို့မစဉ်းစားနဲ့၊ ဗိုက်နာတာကို မေ့ထားလိုက်"

"အမယ်... ပြောတော့လွယ်လိုက်တာ၊ မေ့ထားလိုက်တဲ့၊ ငါ ဆဲမိတော့မယ်"

"ဣန္ဒြေမပျက်နေစမ်းပါကွယ်...ပြုံးပြုံးလေး..."

"အဲဒါ...နင့်ကြောင့်"

"အလို...ဘာဆိုင်လို့လဲ"

"နင်ပဲ မနက်တုန်းက ငါ့ကို ယိုးဒယားသဘော်သီးထောင်းတွေ ကျွေးတာလေ၊ ပူကလဲ ပူ...စပ်ကလဲ စပ်၊ တရှူးရှူးနဲ့ လျှာကို ယပ်ခတ်နေရတယ်"

"နင်ကြိုက်တာပဲဟာ၊ စားလိုက်တာ ချွေးတွေသံတွေကို ထွက်လို့"

"ကြိုက်တာ မကြိုက်တာ ငါမသိဘူး၊ နင်ကျွေးသမျှ ဒိုင်ခံဝါးနေရတဲ့ဘဝ...၊ အဲဒီကတည်းက ငါ့ဗိုက်က ခံနိုင်မှာမဟုတ်ဘူးလို့ ထင်မိသား...ကျွတ်...ကျွတ် အခုတော့ အဲဒီငရုတ်သီးတွေ ဒုက္ခပေးနေပြီ"

"ငရုတ်သီးကို အပြစ်ရှာမနေနဲ့၊ နင့်ရဲ့သွားကျိုးကျိုးပွဲ့ပွဲ့တွေနဲ့ ညက်အောင်မဝါးလို့ အစာမကြေတာဖြစ်မှာ..."

"ဟဲ့... အသက်ကြီးပြီဟဲ့... ခန္ဓာကိုယ်ဆိုတာ ပြောင်းလဲတတ်၊ ပျက်စီးတတ်၊ ဖောက်ပြန်တတ်တဲ့ အမျိုးပဲ... မျက်စိမှုန်မယ်၊ နားထိုင်းမယ်၊ သွားတွေကျိုးမယ်၊ ပွဲ့မယ်... ဆံပင်ဖြူမယ်၊ ဒါဟာ...ဇရာပဲ၊ လက်ခံရမှာပဲ..."

"ဟုတ်ပါ့...ဟုတ်ပါ့... ဇရာရုပ်ကြီးရယ်၊ အိုစနာကျနေတဲ့နင့်ကို စိတ်ပျက်လိုက်တာလွန်ပါရော... ငါသာ ပြုပြင်ဖေးမ မနေရင် နင့်ပုံကြီး ဘယ်လောက်တောင် ရွဲနေမလဲ မသိဘူး"

"အေး...နောက်နောင်ဆိုရင် ဒီထက်တောင် ရွဲအုံးမယ်ဆိုတာကို သိလား...၊ ဘုရား...ဘုရား ရစ်ပြီးတော့ကို နာနေပါလား...၊ ဒုက္ခကြီးလိုက်တာဟာ..."

"ဟဲ့...မျက်နှာကြီး ရှုံ့မထားနဲ့လေ"

"နာတယ်ဟ..."

"ပြုံးစမ်းပါဟာ... လှလှပပလေး ပြုံးနေ၊ ဟိုမှာ ဗီဒီယိုရိုက်နေတယ်...၊ နင့်မျက်နှာရှုံ့ရှုံ့မဲ့မဲ့ကြီးနဲ့ သူများမင်္ဂလာပွဲကို မလှမပ မဖြစ်ပါစေနဲ့"

"အေးပါ...ငါသိပါတယ်"

"အေး... ဒီလိုမှပေါ့၊ တောင့်ထား...ဖိုက်တင်း"

"အင်း...ဖိုက်... တင်း...ဟင်း...ဟင်း... နာတယ်ဟာ ရစ်နေတာပဲ၊ အော် ဒီအဲယားကွန်းကြီးကလည်း တိုက်ရိုက်မှုတ်နေလိုက်တာ၊ ပိုပြီး ဗိုက်နာတယ်ဟာ၊ ကြက်သီးတွေတောင် ထနေပြီ၊ နာကလည်း နာ ... ချမ်းကလည်း ချမ်း၊ ဒုက္ခမှ တကယ့်ကို ဒုက္ခ"

"သည်းခံ... သည်းခံ... နာတာကိုလဲ သည်းခံ၊ ချမ်းတာကိုလဲ သည်းခံ ...ခဏပဲ ...ခဏပဲ၊ ဣန္ဒြေ မပျက်စေနဲ့"

"အတော်ကို ဒုက္ခကြီးတာပဲ...ကျွတ်...ကျွတ်

"နင့်မျက်နှာကြီးက ပြုံးနေတယ်သာဆိုတယ်... အီလည်လည်ကြီး၊ အဲဒီလိုမလုပ်နဲ့လေ..."

"ကောင်မ၊ နင် ငါ့ကို တစ်ချိန်လုံးအမိန့်တွေ အမျိုးမျိုးပေးနေတယ်... ငါ့ကိုများ နင်ပိုင်တယ်အောက်မေ့နေလို့လား၊ တရားမရှိတဲ့ ကောင်မ"

"နင်က ဘာလို့ ဒီအချိန်ကျမှ ဗိုက်နာရလဲ"

"ဟေ့...ဗိုက်ဆိုတာ နာချင်တဲ့အချိန် နာမှာပဲ... သူ့ကို မနာနဲ့ ပြောလို့ရမလား"

"ပြောတယ်...မနာနဲ့ဟဲ့...သေနာမရဲ့"

"ဟုတ်တယ်၊ ငါက သေတတ်တဲ့... နာတတ်တဲ့ သေနာမ၊ ရုပ်ဆိုတာ ပြောင်းလဲတတ်၊ ပျက်စီးတတ်တယ်ဆိုတာကို နင်သိရဲ့သားနဲ့ တစ်ချိန်လုံး ဩဇာတွေပေးမနေနဲ့၊ ခန္ဓာကိုယ်ဆိုတာ သူ့သဘောသူဆောင်နေတာ...၊ နင့်လို အာရုံငါးပါးနောက်ကို တကောက်ကောက်လိုက်နေတာ မဟုတ်ဘူး"

"ဟော... မင်္ဂလာစုံတွဲတောင် စင်ပေါ်ရောက်သွားပြီ၊ နင်နဲ့ ရန်ဖြစ်နေရတာနဲ့၊ အနားကဖြတ်သွားတာတောင် အသေအချာမကြည့်လိုက်ရဘူး၊ သတို့သမီးကလဲ နင့်လိုပဲ၊ သဇင်ပန်းတွေ ဝေလို့၊ ရွှေဖလားရောင်ဝတ်စုံလေးနဲ့...လှသားနော်"

"အေး...နင့်ဟာနင်ပဲ အနုလုံပဋိလုံကြည့်ပြီး ဝေဖန်နေ ငါ့ကို အမိန့်တွေ လာပေးမနေနဲ့တော့... ရှီး...ငါ ဘယ်လိုများနေရပါ့မလဲနော်... စင်ပေါ်က အခမ်းအနားမှူးကြီးရယ်၊ သိပ်ပြီးတော့ လေရှည်မနေပါနဲ့၊ မြန်မြန်ခေါ်ပါတော့..."

"ဟဲ့... ဗီဒီယိုရိုက်နေတယ်လေ၊ ဘာဖြစ်လို့ နှုတ်ခမ်းကို ကိုက်ထားရတာလဲ...ဒုက္ခပါပဲဟာ"

"နာလွန်းလို့ ကိုက်တာဟေ့"

"ပြုံးပြုံးလေးနေပါဆိုမှ...နင်ကလဲ"

"သေတော့မယ်ဟ"

"သေမှသာသေရော...ပြုံးတာကတော့ ပြုံးထား...၊ ကိုယ့်ဟာကိုယ် ဝတ်စားဆင်ပြင်ထားတာတွေကိုမှ အားမနာ...သူများမင်္ဂလာယူနေတဲ့အချိန်မှာ လုပ်ပုံက နှုတ်ခမ်းကြီးကိုက်လို့"

"ပြီးပါတော့ဟာ..."

"ဟော... နင်တို့စုံတွဲကို မင်္ဂလာပန်းကုံးစွပ်ပေးဖို့ ခေါ်နေပြီး...ထ... ထ၊ ပဝါ နည်းနည်းပြင်လိုက်အုံး...၊ စင်ပေါ်တက်တဲ့ လှေကားထစ်က နည်းနည်းမြင့်တယ်နော်၊ ဒေါက်ဖိနပ်နဲ့ ချော်လဲနေအုံးမယ် သတိထား..."

"ချော်လဲလိုက်ရင်တော့ လှမယ်ဟေ့... ဗိုက်ထဲရှိသမျှ အကုန်ထွက်ကုန်မှာပဲ..."

"ကိုးရိုးကားရား မလုပ်နဲ့နော်... ကောင်မ"

"ဟုတ်ပါ့ အပေါ်ဆုံးလှေကားထစ်က မြင့်သွားလိုက်တာ၊ သတိမထားရင်တော့ ခလုတ်အတိုက်ပဲ..."

"ဟုတ်ပြီ... ဒီလိုပြုံးနေတော့လဲ နင်က ကြည့်ကောင်းပါတယ်ဟာ... ပြီးတော့မှာပါ။ လက်ဆွဲနှုတ်ဆက်ပြီး ကွန်ဂရက်ကျူလေးရှင်းလုပ်အုံးလေ ...ပြီးရင် ပြီးပြီ၊ ပြီးပါပြီဆိုမှ လောမနေနဲ့... ဖြည်းဖြည်းဆင်း၊ ချော်ကျအုံးမယ်..."

"ဝှီး...မောလိုက်တာ"

"အပြုံးတွေကို မလျှော့လိုက်နဲ့အုံး... ဟော... လက်စွပ်ဝတ်ပေးမဲ့သူတွေကို ခေါ်နေပြီ... ပြီးတော့မယ်၊ ပြီးတော့မယ်"

"ပင်ပန်းလိုက်တာဟာ... ဗိုက်နာတာတောင် ဘယ်ရောက်သွားတယ်မသိဘူး..."

"ကောင်းလိုက်တာဟာ... ဒါဆို၊ သက်သာသွားပြီပေါ့"

"အေး... အခုတော့ နေသာနေတယ်ဟ"

"စောစောကတည်းက အဲဒီလိုဆိုရင် ပြီးရော..."

"အေးနော်...တော်တော်ဆိုးတဲ့ဗိုက်"

"ဟော...မင်္ဂလာရွှေလက်ခုပ်ဩဘာတွေ တီးခိုင်းနေပြီ၊ ဒါဆိုရင် ပြီးပြီ... ဟဲ့ လက်ခုပ်တီးလေဟာ ..."

"အင်း...ပြီးပါမှပဲ...ငါ့မှာဖြင့် ချွေးပြန်နေပြီ"

"ခုနတုန်းကတော့ အဲယားကွန်းကြီး တိုက်ရိုက်မှုတ်နေလို ချမ်းတယ်ဆို၊ ကြက်သီးတောင် ထနေတယ်ဆို"

"အေးဟာ... ဘာဖြစ်နေမှန်းကို မသိပါဘူး၊ ချမ်းလိုက် အိုက်လိုက်နဲ့..."

"နင်ပဲအမျိုးမျိုး၊ ဆင်းဒဝစ်လေးက ကောင်းပုံပဲ၊ စားလိုက်အုံးဟ..."

"အေး...ခက်တာပဲ၊ ပြောရင်းဆိုရင်း ပြန်နာလာပြန်ပြီ"

စာမျက်နှာ ၂၇ သို့ á

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၄၃၂၀ စိုက်ပျိုးမည်



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၄၃၂၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၄၃၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၄၃၂၀ စိုက်ပျိုးဖို့လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ပန်းဂေါ်ဖီ၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားပါမယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယင်းမာပင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာယာဝတီမြို့နယ် ဖိုးခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖိုးခေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာသာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လေးလေးလွင်က ဖိုးခေါင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်လေးလေးလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၅၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖိုးခေါင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၇ ဦးကို ငွေကျပ် ၃၄၈ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၆၈ သိန်း၊ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် လေးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် သိန်း ၅၂၀ ထုတ်ချေးပေးခဲ့ကြောင်းသာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လေးလေးလွင် ပြောပြ၍ သိရသည်။

**သော်ဇင်ထူး**

á စာမျက်နှာ ၂၆ မှအဆက်

"လုပ်ပြန်ပြီဟာ...နင်ကတော့၊ ပြောပဲ မပြောချင်တော့ဘူး၊ မနေနိုင်ရင်တော့ ဘေးပေါက်ကထွက်ပြီး အိမ်သာကို ပြေးကြတာပေါ့"

"အင်း... အခြေအနေကတော့ ပြေးမှဖြစ်မယ်ထင်တယ်"

"ကဲလာ...နင့်ဘဲကြီးနဲ့ ဝိုင်းထဲကလူတွေကို...သမီး ကားထဲရောက်နေပြီလား၊ အပြင်ခဏထွက်ပြီး ဖုန်းဆက်ကြည့်လိုက်အုံးမယ်လို့ ပြောခဲ့... နင် အိမ်သာထဲမှာ ကြာတော့မကြာလောက်ပါဘူးနော်"

"အေးပါဟာ၊ မကြာပါဘူး"

"မင်္ဂလာမောင်နှံ ဆင်းလာပြီးရင် ဒီဝိုင်းကို လာနှုတ်ဆက်အုံးမှာ၊ နင်မရှိရင် မကောင်းဘူး"

"သိပါတယ်ဟ"

"နင်ကလဲ ဖြည်းဖြည်းလျှောက်စမ်းပါ"

"မဖြည်းနိုင်ဘူးဟေ့"

"အမယ်လေး...ချော်လဲအုံးမယ်ဟဲ့၊ သတိထားစမ်းပါ"

"ချော်ချင်ချော်၊ လဲချင်လဲ၊ ကျိုးချင်လဲ ကျိုးတော့၊ မမြန်လို့တော့ မရဘူး"

"အချိတ်ထဘီ မာဂေါက်ဂေါက်ကြီးကိုလဲ လွတ်အောင်မထားအုံး... တကတဲမှပဲ ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ"

"ဗိုက်ထဲက ပစ္စည်းတွေကလဲ ထွက်ရခါနီးလေ ထွက်ချင်လေ ... အသုံးကိုမကျတဲ့ ဒုက္ခတုံးတွေ"

"အေး ... အေး ... အဲဒီဒုက္ခတွေကို မြန်မြန်ထွက်ခိုင်း ကြာမနေနဲ့ ... ပြန်သွားရအုံးမှာ..."

"ဟူး...ခုမှ ပေါ့သွားတော့တယ်"

"ပြီးပြီလား"

"အမယ်လေး...နေလို့ကောင်းလိုက်တာ ..."

"အခုလိုကျတော့...ရုပ်ကြီးကပြုံးလို့... သေနာမ မိရုပ"

"အေး...နင်လဲ ...အမိန့်တွေ၊ အာဏာတွေ၊ ဩဇာတွေ၊ ပါဝါတွေ သိပ်ပြမနေနဲ့တော့...ကမြင်းမ မိစိတ္တ"

# သက်ကြီးပုဂ္ဂိုလ်များ တို့အလေးထား

\- လူမှုနယ် အကျိုးများဖို့
ဘိုးဘွားများ စောင့်ရှောက်ပါ၊
သားသမီးတွေကို အထုပ်ပေးလို့
လုပ်ကျွေးခဲ့တာ၊
အိုမင်းမစွမ်း ခုချိန်ခါ
သူတို့မှာ အဖော်မဲ့၊
လောကဓံကို အဖော်ပြုလို့
အန်တုနေခဲ့။

\- နိုင်ငံတာဝန် နိုင်ရာထမ်းခဲ့လို့
ပင်ပန်းလည်း တာဝန်ကျေ၊
သားသမီးမျက်နှာ ပန်းတစ်ပွင့်မို့
လန်းဆန်းလို့နေ၊
ကြွေးမြီဟောင်းလည်း ဆပ်ခဲ့ပေ
ကြွေးမြီသစ်တွေ မျှဝေပေး၊
ရတနာရွှေအိုးကို အဟုတ်အမှန်
မြှုပ်နှံခဲ့သေး။

\- သက်ကြီးများကို ရှေ့မျှော်တွေးလို့
အသက်ရှည်ရေး ဦးတည်ကာ၊
စားဝတ်နေ ကျန်းမာရေး
စောင့်ရှောက်ပေးရှာ၊
"ဘွားဦးဖွန်း" အစပြုကာ
သက်ကြီးဂေဟာ တည်ထောင်ပေး၊
မြန်မာမှာ အကြင်နာစာနာမှုကို
ဂုဏ်ပြုစို့လေး။

\- သားသမီးတွေ အဓိကထားလို့
အမိဘများကို စောင့်ရှောက်ပါ၊
ရေအေးရေပူ လိုရာပေးလို့
ကျွေးမွေးလို့သာ၊
သုဝဏ္ဏသာမ ပုံပမာ
ဝတ်ငါးဖြာ လုပ်ကိုင်ကျွေး၊
နွမ်းပါးသူ ဘိုးဘွားများကိုဖြင့်
ငြိမ်းများကူ မညိုးနွမ်းသွားအောင်
စွမ်းဆောင်လို့ပေး။ ။

**ပန်းမာလာ**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရ ပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက် အနားယူပါ။

# ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် "ပြည်သူ့ရဲတပ်ဖွဲ့"ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ရဲတပ်ဖွဲ့နေ့အဖြစ် စတင်သတ်မှတ်ခဲ့သည်။ ၁၉၉၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ပြည်သူ့ရဲတပ်ဖွဲ့မှ "မြန်မာနိုင်ငံရဲတပ်ဖွဲ့"ဟု ပြင်ဆင်သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် "သစ္စာ၊ သမာဓိ၊ သတ္တိ"ဆိုသည့်ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်ထားပြီး ပြည်သူ့အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းနိုင်သည့် ရဲတပ်ဖွဲ့ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိသည်မှာ ယခုအခါ ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ရောက်ရှိခဲ့ပြီဖြစ်သည်။

**ဦးတည်ချက်နှင့် လုပ်ငန်းတာဝန်များ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးဆိုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်လေးရပ်အပြင် ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီးပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသောဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းတာဝန်ခြောက်ရပ်ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် သစ္စာ၊ သမာဓိ၊ သတ္တိပြည့်ဝမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ အမိန့်နာခံမှု၊ စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ စွမ်းရည်လေးရပ်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှု၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းကျွမ်းကျင်မှု၊ ပြည်သူကိုကူညီစောင့်ရှောက်နိုင်မှုနှင့် ရဲကျင့်ဝတ်များကိုလိုက်နာကျင့်သုံးမှုတို့ကိုလည်း ကြိုးပမ်းဖြည့်ဆည်းလျက်ရှိကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံ ဒေသအနှံ့အပြားက ပြည်သူများကြားတွင် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ပြည်သူများ၏ လူနေမှုဘဝတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းဖြစ်သည်။ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေရခြင်းဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့၏လုပ်ငန်းပိုင်းဆိုင်ရာအရည်အချင်း၊ အရည်အသွေးများအပြင် ပြည်သူ့ဆက်ဆံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း နားလည်ကောင်းမွန်နေရန်လိုသည်။

**ကြိုးပမ်းဆောင်ရွက်မှုများ**

မူးယစ်ဆေးသည် လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးစေမည့်အန္တရာယ်ဖြစ်သဖြင့် မူးယစ်ဆေးထုတ်လုပ်နိုင်သည့် အရင်းအမြစ်များကအစ ဖော်ထုတ်ရှင်းလင်းသွားနိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်သည်။ မူးယစ်ဆေးကို အမျိုးသားရေးခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်လာစေရေး ပညာပေးခြင်း၊ ဆန့်ကျင်ခြင်း၊ နှိမ်နင်းခြင်းတို့ကိုလည်း ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တစ်မျိုးသားလုံးကို ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါးတရားမဝင်ထုတ်လုပ်မှု၊ ရောင်းချမှုတို့ကို ချေမှုန်းနိုင်ရေးအတွက် အပူတပြင်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် တာဝန်သိပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုသည် များစွာအထောက်အကူပြုလျက်ရှိသည်။ တာဝန်သိပြည်သူများ၏ သတင်းပေးမှုများကြောင့် ပြီးခဲ့သောနှစ်အတွင်း မူးယစ်ဆေးဝါးအမြောက်အမြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ထို့ပြင် အသိပညာဗဟုသုတနည်းပါးသည့် အချို့သောအမျိုးသမီးငယ်များကို ခြိမ်းခြောက်နေကြသည့် လူကုန်ကူးသူများနှင့် လူမှောင်ခိုမှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။ အထူးသဖြင့် လူကုန်ကူးခံရတော့မည့် အမျိုးသမီးငယ်များကို အချိန်မီကယ်တင်ပြီး မိဘများလက်ဝယ်သို့ ပြန်လည်အပ်နှံနိုင်ခဲ့သည်။ လူကုန်ကူးမှုနှင့်ပတ်သက်၍လည်း ပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဒေသတွင်း လူကုန်ကူးမှုခင်းများနှင့် လူမှောင်ခိုမှုများတားဆီးနှိမ်နင်းရေး စီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့(INTERPOL)၊ အာဆီယံရဲအဖွဲ့(ASEA-NAPOL)တို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အလားတူ ကလေးသူငယ်များကို ညှဉ်းပန်းနှိပ်စက်ခံရမှုမှ ကူညီကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ အထူးသဖြင့် ကလေးသူငယ်များအား မတော်မတရားပြုကျင့်မှုများကို တားဆီးကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ လက်ရှိအချိန်တွင် ခပ်စိပ်စိပ်တွေ့လာရသည့် သက်ငယ်မုဒိမ်းမှုများကိုလည်း ထိရောက်စွာတုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေသည့် အွန်လိုင်းလိမ်လည်မှုနှိမ်နင်းရေး လုပ်ငန်းများကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘောထားကာ ထမ်းဆောင်လျက်ရှိသည်။

နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ အဆိုပါမှုခင်းများကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမဟုတ်သည့်အတွက် နိုင်ငံများကြား ပေါင်းစပ်ညှိနှိုင်းချိတ်ဆက်တုံ့ပြန်မှုနှင့် ဖြေရှင်းဆောင်ရွက်သွားရန်လိုအပ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံဖြတ်ကျော်မှုခင်းများကို တားဆီးနှိမ်နင်းရာတွင် သတင်းလက်ငင်းဖလှယ်ဆောင်ရွက်နိုင်ရေးအတွက် အိမ်နီးချင်းငါးနိုင်ငံနှင့် အတူ နယ်စပ်ဆက်ဆံရေးရုံးများ (Border Liaison Offices-BLOs)ကွန်ရက်စနစ် တည်ထောင်ပြီး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်မျှဝေဖလှယ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်က အမြဲအလေးထားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိသည်။ မိမိကျရာကဏ္ဍတွင်တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်းစွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဖွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစားလျက်ရှိပြီး မိသားစုများကိုလည်း အသိအမှတ်ပြုလျက်ရှိသည်။

**လေ့ကျင့်သင်တန်းပေးလျက်ရှိ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့်အဖွဲ့အစည်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အဆင့်မြှင့်တင်ရာတွင် လူ၊ လက်နက်တို့အပြင် အထောက်အကူပြုပစ္စည်းများကိုလည်း မြှင့်တင်ပေးလျက်ရှိသည်။ ပို့မှန်နှင့် အဆင့်မြှင့်လေ့ကျင့်သင်တန်းများအပြင် UNDP၊ UNICEF၊ UNODC၊ ICRC၊ OHCHER၊ UN တို့၏ ကူညီမှုများဖြင့် လူ့အခွင့်အရေးဆိုင်ရာများ၊ တရား ဥပဒေစိုးမိုးရေးသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းလေ့ကျင့်သင်တန်းပေးလျက်ရှိသည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးအတွက် မှုခင်းတိုက်ဖျက်သူများအနေဖြင့်သာမက လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသူများ၊ နိုင်ငံသားများအားလုံး ဘေးကင်းငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် စောင့်ရှောက်ပေးရသူများလည်း ဖြစ်လာကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အဆင့်ဆင့်ကို ဒီမိုကရေစီလုပ်ငန်းစနစ်အပါအဝင် ကျင့်ဝတ်များနှင့်စွမ်းရည်များကို လေ့ကျင့်သင်တန်းပေးလျက်ရှိသည်။

ဆိုရလျှင် နှစ်စဉ် အောက်တိုဘာ ၁ ရက်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲလာပြီဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့်တစ်သားတည်းဖြစ်လာကြပြီဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက်ဆိုလျှင် အသက်နှင့်ခန္ဓာကိုယ်ပင် ပေးဆပ်တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးတို့ကို တစိုက်မတ်မတ်ထမ်းဆောင်လျက်ရှိကြသည်။

၂၁ ရာစုကာလတွင် ခြိမ်းခြောက်လာသည့် လူမှောင်ခိုမှုများ၊ လူကုန်ကူးမှုများ၊ သက်ငယ်မုဒိမ်းမှုများကိုလည်း တားဆီးကာကွယ်ဖော်ထုတ်လျက်ရှိသည့်အပြင် နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း နိုင်ငံတကာရဲတပ်ဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်းဖော်ထုတ်လျက်ရှိသည်။ အထူးသဖြင့် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ရည်မှန်းချက်တာဝန်လေးရပ်နှင့် လုပ်ငန်းတာဝန်ခြောက်ရပ်တို့ကို အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် အသက်၊ သွေး၊ ချွေးပေးဆပ်ကာ တိုင်းပြည်တာဝန်များကို ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်လျက်ရှိပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၁-၁၀-၂၀၂၅ ထုတ် နေ့စဉ်သတင်းစာများ။

**ဝင်းဇင်(သုတေသန)**

❖ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် သစ္စာ၊ သမာဓိ၊ သတ္တိပြည့်ဝမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ အမိန့်နာခံမှု၊ စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သားပြည့်ဝမှု၊ စွမ်းရည်လေးရပ်ပြည့်ဝမှု၊ ကျန်းမာကြံ့ခိုင်မှု၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှု၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းကျွမ်းကျင်မှု၊ ပြည်သူကိုကူညီစောင့်ရှောက်နိုင်မှုနှင့် ရဲကျင့်ဝတ်များကို လိုက်နာကျင့်သုံးမှုတို့ကိုလည်း ကြိုးပမ်းဖြည့်ဆည်းလျက်ရှိကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားက ပြည်သူများကြားတွင် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ပြည်သူများ၏ လူနေမှုဘဝတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းဖြစ်သည်။ ❖

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။ အလုပ်သမားဝန်ကြီးဌာန

# ပြည်တွင်းစားသုံးဆီဖူလုံဖို့ ဆီထွက်သီးနှံပဲပုပ်တိုးချဲ့စိုက်ပျိုးစို့

**ခွာညို(စိုက်ပျိုးရေး)**



အရဏ်တက်ချိန် လယ်ကွင်းပြင်ထက်တွင် သင်းပျံ့နေသည့်မြေနှင့်အတူ ခါးတောင်းကျိုက်ပြီး လုပ်ငန်းခွင်ဝင်ကြသည့်တောင်သူဦးကြီးများ၏ ပုံရိပ်သည် မြန်မာ့မြေ၏ သက်ရှိပန်းချီကားတစ်ချပ်ဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံပြီး မြေဆီလွှာအရင်းအမြစ်နှင့် ရေမြေရာသီဥတုသာယာဝပြောလှသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း ပြည်ပကတင်သွင်းလာသည့်စားသုံးဆီသင်္ဘောကြီးများကို မျှော်လင့်စောင့်စားနေရဆဲဖြစ်သည်။

နှစ်စဉ်ပြည်ပက စားသုံးဆီ တန်ချိန်ပေါင်းများစွာကို နိုင်ငံခြားသုံးငွေမြောက်မြားစွာ အကုန်အကျခံတင်သွင်းနေရခြင်းသည် တိုင်းပြည်စီးပွားရေး၊ စားရေရိက္ခာလုံခြုံရေးအတွက် ကြီးမားသည့်အချက်ပေးခေါင်းလောင်းသံတစ်ခုဖြစ်လာသည်။ ဤစိန်ခေါ်မှုကို ခိုင်မာစွာအမြစ်ပြတ်ကျော်လွှားနိုင်ရန်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍမှာ ရွှေရောင် အနာဂတ်ကို ဆောင်ကြဉ်းပေးနိုင်မည့် ဆီထွက်သီးနှံပဲပုပ်ကို တိုးချဲ့စိုက်ပျိုးရေးသည် မရှိမဖြစ်လိုအပ်သည့် မဟာဗျူဟာမြောက် ထွက်ပေါက်တစ်ခုဖြစ်လာခဲ့သည်။

ပဲပုပ်သီးနှံဆိုသည်မှာ မြေဆီထက်က နတ်သုဓာဟုခေါ်ဆိုနိုင်ပြီး စိုက်ပျိုးရေးနှင့် အာဟာရဗေဒတွင် ၎င်းကို "စိမ်းလန်းသော ရွှေတုံး"သဖွယ် တင်စားကြသည်။ ပဲပုပ်စေ့တစ်စေ့၏ အတွင်း၌ –

**ဆီပါဝင်မှု–** ၁၈ ရာခိုင်နှုန်းမှ ၂၂ ရာခိုင်နှုန်းထိ ပါဝင်ပြီး ကျန်းမာရေးအတွက် အလွန်သင့်တော်သည့် မပြည့်ဝဆီ (Unsaturated Fatty Acids) ကြွယ်ဝစွာ ပါဝင်သည်။

**အာဟာရတန်ဖိုး–** ပရိုတင်း (Protein) ပါဝင်မှု ၃၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိ ပါဝင်သဖြင့် အသားအစားထိုးအာဟာရဓာတ်အဖြစ် အလွန်ထိရောက်သည်။

**မြေဆီလွှာ–** ပဲပုပ်သီးနှံသည် အမြစ်၌ရှိသော ပဲမြစ်ဖုများသည် ရိုက်ဇိုဘီယမ် (Rhizobium) ဘက်တီးရီးယားများမှတစ်ဆင့် လေထဲမှ နိုက်ထရိုဂျင်ကို မြေဆီလွှာအတွင်း သဘာဝအတိုင်း ဖမ်းယူပေးနိုင်သဖြင့် မိမိ၏မြေဆီလွှာကို ပိုမိုအားကောင်းစေပြီး နောက်ဆက်တွဲသီးနှံများအတွက်ပါ မြေဩဇာသုံးစွဲရမှုကို လျှော့ချပေးသည်။

**ပဲပုပ်တိုးချဲ့စိုက်ပျိုးခြင်း၏ အကျိုးရလဒ်**

ပြည်တွင်း၌ ဆီထွက်သီးနှံပဲပုပ်ကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်းသည် မြန်မာ့စီးပွားရေးနှင့် စိုက်ပျိုးရေးကဏ္ဍအတွက် အလွှာသုံးလွှာသော အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးမည်ဖြစ်သည်။

ပဲပုပ်စိုက်ပျိုးခြင်းဖြင့် (က) ပြည်တွင်းစားသုံးဆီဖူလုံရေးတွင် ပြည်ပဆီတင်သွင်းမှုလျှော့ချနိုင်ခြင်း၊ နိုင်ငံခြားသုံးငွေချွေတာပေးနိုင်ခြင်း၊ (ခ) မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးတွင် ဆီကြိတ်ပြီးကျန်သည့် ပဲပုပ်ပဲဖတ်အရည်အသွေးမီရရှိခြင်း၊ ကြက်၊ ဝက်၊ ငါးမွေးမြူရေးအစာစရိတ်လျှော့ချနိုင်ခြင်း၊ (ဂ) တောင်သူတို့၏ လူမှုစီးပွားမြင့်မားရေးတွင် မြေဆီလွှာတိုးတက်ပြီး သီးထပ်စိုက်ပျိုးနိုင်ခြင်း၊ ခိုင်မာသောဈေးကွက်ရရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိသည်။ ပဲပုပ်သည် မြန်မာနိုင်ငံဒေသအများအပြား၏ စိုက်ပျိုးရေးလုပ်ငန်းများအတွင်းသို့ အလွယ်တကူထည့်သွင်းစိုက်ပျိုးနိုင်သည့် သီးနှံဖြစ်သည်။

**လယ်မြေများတွင် သီးထပ်စိုက်ပျိုးခြင်း**

မိုးစပါးရိတ်သိမ်းပြီးကျန်ရှိသော မြေအစိုဓာတ်ကို အသုံးပြု၍ နေပြည်တော်၊ စစ်ကိုင်း၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ လယ်မြေများ၌ စပါးပြီး ပဲပုပ်ကို သီးထပ်အဖြစ်စိုက်ပျိုးနိုင်သည်။

**တောင်တန်းဒေသများ၌ တိုးချဲ့စိုက်ပျိုးခြင်း**

ရှမ်းပြည်နယ် (မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း) နှင့် ကချင်ပြည်နယ်တို့၏ ယာမြေများတွင် မိုးနှောင်းသီးနှံအဖြစ်အစဉ်အဆက် စိုက်ပျိုးလာသည့်အလေ့အထကို နည်းပညာနှင့် မျိုးကောင်းမျိုးသန့် (ဥပမာ– ရေဆင်း–၁၊ ရေဆင်း–၅၊ ရေဆင်း–၁၅) စသည့်အထွက်ကောင်းမျိုးများဖြင့် အရှိန်အဟုန်မြှင့်ပေးနိုင်သည်။

**ကိုင်းကျွန်းမြေများ၌ တိုးချဲ့စိုက်ပျိုးခြင်း**

ကိုင်းကျွန်းဒေသမြစ်ရေကျချိန်တွင် မိုးနှောင်းသီးနှံအဖြစ် အထွက်ကောင်းမျိုးများဖြင့် အရှိန်အဟုန်မြှင့်ပေးနိုင်သည်။

ပဲပုပ်တိုးချဲ့စိုက်ပျိုးရေးလှုပ်ရှားမှုကို အစကတည်းက အောင်မြင်စွာ လည်ပတ်နိုင်ရန်အတွက် ကွင်းဆက်တစ်ခုလုံး၏ ချိတ်ဆက်မှု (Supply Chain) ခိုင်မာရန်လိုအပ်သည်။

**၁။ တောင်သူနှင့် ဆီစက်ပိုင်ရှင်တို့ကြား အကျိုးတူလယ်ယာစနစ် (Contract Farming)**

ဆီစက်လုပ်ငန်းရှင်များက မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ အတိုးမဲ့အကြွေးစနစ်ဖြင့် ပံ့ပိုးပေးပြီး ရိတ်သိမ်းချိန်တွင် အနိမ့်ဆုံး အာမခံဈေးနှုန်း (Floor Price) သတ်မှတ်ကာ တောင်သူများထံမှ ပြန်လည်ဝယ်ယူသည့်စနစ်ကို စနစ်တကျ ထူထောင်ရပါမည်။

**၂။ ဆီစက်ရုံများ နည်းပညာ မြှင့်တင်ခြင်း**

ပဲပုပ်မှ ပဲပုပ်ဆီနှင့် အရည်အသွေးမီ ပဲဖတ်များကို ထုတ်လုပ်နိုင်သည့် ဆီထုတ်စက်ရုံများနှင့် သန့်စင်စက်ရုံများ တိုးချဲ့နိုင်ရန် ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများကို ပံ့ပိုးပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စားသုံးဆီအတွက် ပြည်ပကို မှီခိုနေရသည့်အဖြစ်မှ ရုန်းထွက်ရမည့်အချိန်တန်ပြီဖြစ်သည်။ လယ်ကွင်းပြင်ထက်တွင် သီးပွင့်လာမည့် ရွှေဝါရောင်ပဲပုပ်ခင်းများသည် စားသုံးဆီဖူလုံရေးအတွက်သာမက တိုင်းပြည်၏ စီးပွားရေးတည်ငြိမ်မှုနှင့်တောင်သူတို့၏ အနာဂတ်အတွက်ပါ အလင်းရောင်ဆောင်ကြဉ်းပေးတော့မည်ဖြစ်သည်။

**❖ ပဲပုပ်မှပဲပုပ်ဆီနှင့် အရည်အသွေးမီ ပဲဖတ်များကို ထုတ်လုပ်နိုင်သည့် ဆီထုတ်စက်ရုံများနှင့် သန့်စင်စက်ရုံများ တိုးချဲ့နိုင်ရန် ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများကို ပံ့ပိုးပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စားသုံးဆီအတွက် ပြည်ပကိုမှီခိုနေရသည့်အဖြစ်မှ ရုန်းထွက်ရမည့် အချိန်တန်ပြီဖြစ်သည်။ လယ်ကွင်းပြင်ထက်တွင် သီးပွင့်လာမည့် ရွှေဝါရောင်ပဲပုပ်ခင်းများသည် စားသုံးဆီဖူလုံရေးအတွက်သာမက တိုင်းပြည်၏ စီးပွားရေးတည်ငြိမ်မှုနှင့်တောင်သူတို့၏ အနာဂတ်အတွက်ပါ အလင်းရောင်ဆောင်ကြဉ်းပေးတော့မည်ဖြစ်သည်။ ❖**

သို့ဖြစ်၍ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သုတေသီများနှင့် စိုက်ပျိုးသူတောင်သူများအားလုံး "ပြည်တွင်းစားသုံးဆီဖူလုံဖို့ ဆီထွက်သီးနှံပဲပုပ်တိုးချဲ့စိုက်ပျိုးစို့" ဟူသော ကြွေးကြော်သံနှင့်အတူ လက်တွဲညီညီ အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၂၅ ဧက စိုက်ပျိုးမည်

တမူး စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၂၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၂၅၀၊ တမူးမြို့နယ်တွင် ဧက ၃၅၀ နှင့်ခါမ်းပါတ်မြို့တွင် ၄၂၅ ဧက စုစုပေါင်း ၁၀၂၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဖူးစားပြောင်း ဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးသွားပါမယ်။ ဖူးစားပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

ယခုနှစ် တမူးခရိုင်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ပိုးမွှားရောဂါကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

# အနောက်တိုင်းဆေးရောနှောပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ကျားရိုင်းအမှတ်တံဆိပ် အကြောအားတိုးဆေး(ဆေးမှုန့်/ဆေးထုပ်)၊ ဂုဏ်မာန်တစ်ထောင်အမှတ်တံဆိပ် ရွှေသက်စောင့်အားတိုးဆေး (ဆေးပြား/ဆေးဘူး) တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီ မဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်း၊ သတ်မှတ်ချက်(၁၀) ချက် ပြည့်စုံမှန်ကန်မှုမရှိခြင်းနှင့် ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ကြာပန်းကြီးအမှတ်တံဆိပ် အမျိုးသားအားတိုးဆေး(ဆေးမှုန့်/ဆေးထုပ်)၊ 333 အမှတ်တံဆိပ် အမျိုးသားအားတိုးဆေး (ဆေးမှုန့်/ ဆေးထုပ်) နှင့် နေကြာပန်း အမှတ်တံဆိပ် အကြောအားတိုးဆေး(ဆေးမှုန့်/ဆေးထုပ်)တို့သည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်း ဆေးများ ရောနှောပါဝင်နေခြင်း၊ တောင်တန်းအမှတ်တံဆိပ် အမျိုးသားအားတိုးဆေး (ဆေးမှုန့်/ဆေးထုပ်) သည် အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်ကို ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါး မှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါတိုင်းရင်းဆေးဝါးများသည် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြထားသည့်အမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|---|
| ၁။ | ကျားရိုင်း | အကြောအားတိုးဆေး | ဆေးမှုန့်ဆေးထုပ် | TMR-016767 (0228) | အမှတ် ၁၃၈/ခ၊ မြတ်ဝတ်ရည်လမ်း၊ ၁၀ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၇၅၇၅၇၁၅၁ (Viber) | Sildenafil |
| ၂။ | ဂုဏ်မာန်တစ်ထောင် | ရွှေသက်စောင့်အားတိုးဆေး | ဆေးပြားဆေးဘူး | TMR-011593 (1221) | အမှတ် ၁၆၅၊ ဗညားဒလလမ်းမကြီး၊ 119 စတိုးနှင့် မျက်နှာချင်းဆိုင်၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |
| ၃။ | ကြာပန်းကြီး | အမျိုးသားအားတိုးဆေး | ဆေးမှုန့်ဆေးထုပ် | ဖော်ပြထားခြင်းမရှိပါ | ဆရာကြီး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း- 09400800324, 09-777788244 | Sildenafil |
| ၄။ | 333 | အမျိုးသားအားတိုးဆေး | ဆေးမှုန့်ဆေးထုပ် | ဖော်ပြထားခြင်းမရှိပါ | 333 တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး အမှတ် ၃၅၇၊ ထွန်းရွှေဝါ ၃လမ်း၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၁၀၉၉၂၀, ၀၉၂၅၀၁၉၀၉၅၀ | Sildenafil |
| ၅။ | နေကြာပန်း | အကြောအားတိုးဆေး | ဆေးမှုန့်ဆေးထုပ် | TMR-153176 (029) | နေကြာပန်း တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ စက်မှုဇုန်။ Ph-09 785 020 413 | Sildenafil |
| ၆။ | တောင်တန်း | အမျိုးသားအားတိုးဆေး | ဆေးမှုန့်ဆေးထုပ် | TMR-016 606 (0228) | ဘဝရှင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး Ph 09-766 707-808, 09-989 961 729 | Sildenafil |



Sildenafil ရောနှောသည့် ဆေးနမူနာများ

၅။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့်ပန်းနှမ်း ၂၄၉၅၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီမုန်ညင်း နှင့် ပန်းနှမ်း ၂၄၉၅၈ ဧက စိုက်ပျိုး သွားမည်ဖြစ်ကြောင်း ကောလင်း ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း ၂၄၉၅၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီမုန်ညင်းနဲ့ပန်းနှမ်း ဧက ၂၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဆီမုန်ညင်းနဲ့ ပန်းနှမ်းကို နှစ်စဉ်စိုက်ပျိုးမှုတွေ ရှိပါတယ်။ ဆီမုန်ညင်းနဲ့ ပန်းနှမ်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ် အသုံးပြုကြပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချို က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ ကောလင်းခရိုင်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှု အနေဖြင့် ကောလင်းမြို့နယ်တွင် ဆီမုန်ညင်း ၁၅ ဧက၊ ပန်းနှမ်း ဧက ၁၆၅၇၀၊ ဝန်းသိုမြို့နယ်တွင် ဆီမုန်ညင်း ဧက ၃၅၀၊ ပန်းနှမ်း ၁၈၂၈ ဧကနှင့် ပင်လည်ဘူး မြို့နယ်တွင် ဆီမုန်ညင်း ၄၄၅ ဧက၊ ပန်းနှမ်း ဧက ၅၇၅၀ စုစုပေါင်း ၂၄၉၅၈ ဧက ဖြစ်ကြောင်း သိရသည်။

ဆီမုန်ညင်းနှင့် ပန်းနှမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဆီမုန်ညင်းနှင့် ပန်းနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။ (၂၀၆)

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

# 3ပုံ နှင့်အတူ ဂုဏ်ယူလိုက်ပါ

ပင်ရင်းအရောင်းဌာန
ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော
ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

## စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။






**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀ ၂၆၇၀


## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက-မလှိုင်၊ Grade-11 အတန်းတွင် ပညာသင်ကြားနေသော မမေဇင်ထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးသန်းထွန်း** ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း(၉/မလန(နိုင်)၁၁၀၀၇၅)**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မပုလဲမြသဲဖြူ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးသန်းထိုက်** ဖြစ်ပါကြောင်းနှင့် မပုလဲမြသဲဖြူ၏မွေးသက္ကရာဇ်အမှန်မှာ ၄-၂-၂၀၁၆ ဖြစ်ပါကြောင်း။

**ဦးသန်းထိုက်(၁၂/မဘန(နိုင်)၀၀၀၃၇၇)**
**မပုလဲမြသဲဖြူ(၄-၂-၂၀၁၆)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်၊ ထင်းဝင်းရပ်နေ ဒေါ်သန်းသန်းနု၏သား မောင်မိုးခန့်အောင်(၉/ခအဇ(နိုင်)၀၃၆၆၀၅)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်သန်းသန်းနု(၉/မနတ(နိုင်)၀၂၈၁၉၃)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ နန်းတော် ကျုန်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်အောင်ကျော်စွာဟိန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမင်းမင်းသိန်း** ဖြစ်ပါကြောင်း။

**ဦးမင်းမင်းသိန်း(၉/ပသက(နိုင်)၀၈၀၄၀၃)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ်(၂၄)ပလောင် ဘ/က မူလတန်း(လွန်)ကျောင်း၊ Grade-8 တွင် ပညာသင်ကြားနေသော မောင်ဟိန်းဇင်ဖြိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးတိုင်းနောင်စိုး** ဖြစ်ပါကြောင်း။

**ဦးတိုင်းနောင်စိုး(၅/စကန(နိုင်)၂၄၃၀၉၈)**

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ နန-၂၀/၂၁(ဓ)ရပ်ကွက်နေ မောင်အောင်ကိုကိုဖြိုး (ဘ) ဦးသန်းဦး(၉/ပကခ(နိုင်)၀၄၁၂၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-603592)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-763805675**


## စားသောက်ဆိုင်ဝန်ထမ်းအလိုရှိ

အထွေထွေ - အမျိုးသမီး (၄) ဦး
လစာ - ၂၅၀၀၀၀ ကျပ်
စားရိတ်ငြိမ်း

မန္တလေးမြို့
09-663331320
09-403750763

**အဖိုးတန်ရေချိုကို ချွေတာပါ**


“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ ကရင်ပြည်နယ်အသင်းက ပထမဆုနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလား ဆွတ်ခူး

နေပြည်တော် စက်တင်ဘာ ၃၀

၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ရောဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူတို့နှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများတက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းနှင့်ရောဝတီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ စာမျက်နှာ ၂၃ ကော်လံ ၄ ✱




အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းကို ငွေသားဆု ကျပ်သိန်း ၁၀၀ နှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။




## Hangzhou Open တင်းနစ်ပြိုင်ပွဲတွင် ရုရှားတင်းနစ်ကစားသမား မက်ဗီဒက် ချန်ပီယံဆု ဆွတ်ခူး

ဟန်ကျိုး စက်တင်ဘာ ၃၀

တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပခဲ့သည့် Hangzhou Open အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရုရှားတင်းနစ်ကစားသမား မက်ဗီဒက်က တစ်နိုင်ငံတည်းသား ရှုလက်ကို အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် စာမျက်နှာ ၂၄ ကော်လံ ၁ ◆

## လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ဖယ်ရှားရှင်းလင်း



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများတွင် နုန်းများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့တွင် စာမျက်နှာ ၂၃ ကော်လံ ၁ ☆

## အကြမ်းဖက်အဖွဲ့များကို ထောက်ပံ့နိုင်ရန်ရည်ရွယ်၍ တရားခံပြေး သင်းသင်းနွယ်နှင့်အတူ တရားမဝင် အလှကုန်ပစ္စည်းများနှင့် ကျောက်မျက်ရတနာပစ္စည်းများ ရောင်းချရာတွင် ကူညီဆောင်ရွက်ပေးသူများကို ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသော်လည်း NUG၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများ၊ လမ်း၊ တံတားများကို မီးရှို့ဖျက်ဆီးခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိရာ အချို့ အကြမ်းဖက်အားပေးအဖွဲ့များနှင့် ပြည်ပြေးများအနေဖြင့် လူမှုကွန်ရက်မှတစ်ဆင့် တရားမဝင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်၍ ဝင်ငွေရှာဖွေကာ အကြမ်းဖက်အဖွဲ့များ သက်ဆိုးရှည်စေရေးအတွက် အားပေးကူညီထောက်ပံ့ပေးလျက်ရှိကြောင်း တွေ့ရှိရသည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ဆူပူအုံကြွမှုများဖြစ်ပေါ်စေရန် လူမှုကွန်ရက်မှတစ်ဆင့် Post တင်ရေးသားခဲ့ခြင်းတို့ကြောင့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံခဲ့ရပြီး ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံပြေး သင်းသင်းနွယ်သည် လူမှုကွန်ရက်အသုံးပြု၍ ရွှေနဒီ & Inca Pure အမှတ်တံဆိပ် အလှကုန်ပစ္စည်းများနှင့် Shwe Nadi Jewelry အမှတ်တံဆိပ်ကျောက်မျက်ရတနာများ ရောင်းချ၍ NUGအကြမ်းဖက်အဖွဲ့နှင့်PDF အကြမ်းဖက်အဖွဲ့များကို အကြမ်းဖက်လုပ်ရပ်များ စာမျက်နှာ ၂၄ ကော်လံ ၁ ●

## အွန်လိုင်းလိမ်လည်မှု(Telecom Fraud)လုပ်ငန်းများကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ စာမျက်နှာ ၂၄ ကော်လံ ၁ ■

မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်း တရားမဝင် ဝင်ရောက်နေထိုင်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး ဖော်ထုတ်ထိန်းသိမ်းစစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

